www.burmeseclassic.com




ဇာဂနာ

# ပထမ

www.burmeseclassic.com

www.burmeseclassic.com

ပထမ
ဇာဂနာ

ပုံနှိပ်မှတ်တမ်း
မျက်နှာဖုံးဒီဇိုင်း Nino
အတွင်းဒီဇိုင်း စိုးပိုင်


ထုတ်ဝေသူ ဒေါ်ခင်မာချို
ပန်းဝေဝေစာပေ
ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်။
ပုံနှိပ်သူ ဒေါ်ဝင်းမာ
စိတ်ကူးချိုချိုပုံနှိပ်တိုက်
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

စီတီပီ အီးဂဲလ်
စာအုပ်ချုပ် ကိုတင်အေး(လှိုင်)

ထုတ်ဝေသည့်နှစ် ၂၀၁၂၊ နိုဝင်ဘာလ
အုပ်ရေ ၁၀၀၀
တန်ဖိုး ၂၅၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း
ဇာဂနာ
ပထမ၊ ဇာဂနာ၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂။
တမျက်နှာ ၁၁၄၊ ၁၃. ၅ စင်တီ × ၂၁ စင်တီ
(၁) ပထမ







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| | |
|---|---|
| စကားလက်မှန် | ၆ |
| ဆိုင်ကယ်လှလှလေး | ၁၄ |
| ပါစင်နယ်အင်တာဗျူး | ၂၂ |
| မေ့ပစ်လိုက်ပါဗျာ | ၃၀ |
| နာမကရဏာမင်္ဂလာ | ၃၈ |
| ဗုဒ္ဓံသရဏံဂစ္ဆာမိ | ၄၈ |
| ယကြာချေတာပါ | ၅၄ |
| ဒါပဲနော် အစ်ကို ··· အစ်ကို | ၆၂ |
| ဂက်စတာပိုများနှင့် တွေ့ဆုံခြင်း | ၆၈ |
| ညစာစားပွဲ | ၇၆ |
| ဟဲလို······ ဒေါက်တာ | ၈၂ |
| ငါးမည်ရ ဇာဂနာ | ၉၀ |
| လောင်းမလားလေ ဘော်ဒါ | ၉၈ |
| တပေါင်းတန်ခူးအကြောင်းထူး | ၁၀၆ |
| ဇာတ်ပေါင်းခန်း | ၁၁၂ |
| ကျေးဇူးတင်စကား | ၁၁၄ |

www.burmeseclassic.com



# ဇာဂနာ

အမည်ရင်းမှာ မောင်သူရဖြစ်သည်။ ဦးအောင်သိန်း (စာရေးဆရာနန်းညွန့်ဆွေ) ၊ ဒေါ်လှကြည် (စာရေးဆရာမ ကြည်ဦး) တို့၏ အငယ်ဆုံးသား ဖြစ်သည်။ ၂၇-၁-၁၉၆၁ တွင် မွေးဖွားပြီး ၁၉၈၅ ခုနှစ်တွင် သွားဖက်ဆိုင်ရာ ဆရာဝန်ဘွဲ့ကိုရရှိခဲ့သည်။ ၁၉၈၃ခုနှစ်တွင် မိုးနတ်သူဇာ အငြိမ့်အဖွဲ့၊ ၁၉၈၇ခုနှစ်တွင် မြပုဏ္ဏမာအငြိမ့်အဖွဲ့တို့ကို တည်ထောင်ခဲ့သည်။ ၁၉၈၈ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင်ပါဝင်ခဲ့မှုကြောင့် ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၉၀ ခုနှစ် မေလတွင် ဒုတိယအကြိမ် အဖမ်းအဆီးခံခဲ့ရပြီး ထောင် ၅ နှစ် ချခံခဲ့ရသည်။ ၁၉၉၄ ခုနှစ်တွင် အကျဉ်းထောင်မှ လွတ်မြောက်လာပြီး အနုပညာလုပ်ငန်းများ ပြန်လည် လုပ်ဆောင်ခဲ့သော်လည်း အငြိမ့်ကပြခွင့်ပိတ်ပင်ခံခဲ့ရသည်။ ၁၉၉၇ ခုနှစ်တွင် ရုပ်ရှင်ဗီဒီယိုရိုက်ကူးခြင်းများအား ပိတ်ပင်ခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ရိုက်ကူးခွင့်ရရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် နှစ်အကန့်အသတ်မရှိ အနုပညာလုပ်ဆောင်ခွင့် ပိတ်ပင်ခံခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် ရွှေဝါရောင်သံဃာ့အရေးအခင်း၌ ပါဝင်ခဲ့မှုဖြင့် အဖမ်းအဆီးခံခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ခံဒေသများသို့ သွားရောက်ကူညီရင်း ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၅၉ နှစ် ချခံခဲ့ရသည်။ ထောင်ထဲတွင်ရှိနေစဉ် မိဘနှစ်ပါး ကွယ်လွန်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့တွင် မြစ်ကြီးနားထောင်မှပြန်လည်လွတ်မြောက်ခဲ့သည်။ ထောင်မှလွတ်ပြီးပြီးချင်း မလွတ်မြောက်သေးသော နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ထောင်ဝင်စာပေးပို့ရေးတို့ကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ပထမအကြိမ် THE ART OF FREEDOM FILM FESTIVAL ကို ဦးဆောင်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ကို ထူထောင်နိုင်ခဲ့သည်။ မှတ်တမ်းတင်ရုပ်ရှင် ရိုက်ကူးခြင်း သင်တန်းများ၊ လူငယ်ထုအတွက် နိုင်ငံရေးအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် HOME (House Of Media & Entertainment )အဖွဲ့ကို ထူထောင်နိုင်ခဲ့သည်။ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှချီးမြှင့်သော Lillian Hellman and Dashiel Hammett ဆု၊ Pen Canada မှ ချီးမြှင့်သော One Humanity ဆု၊ နိုင်ငံတကာစာပေပညာရှင်များအဖွဲ့မှ ချီးမြှင့်သော Pen/Pinter Courage ဆု၊ အင်္ဂလန်နိုင်ငံ အနုပညာရှင်များမှ ချီးမြှင့်သော Equity ဆု၊ နော်ဝေနိုင်ငံမှ ချီးမြှင့်သော Freedom to Create Prize ၊ နယ်သာလန်နိုင်ငံမှ ချီးမြှင့်သော Prince Claus ဆုတို့ အပါအဝင် နိုင်ငံတကာမှ ချီးမြှင့်သောဆုပေါင်း ၂၄ ဆုရရှိခဲ့သည်။ ၂၀၁၂ခုနှစ်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ချီးမြှင့်သော ရုပ်ရှင်သူရဲကောင်းဆုကို ရရှိခဲ့သည်။ ၁၉၈၃ခုနှစ်တွင် မန်းထာ(အိပ်မက်လှလှမက်ပါစေ)စာအုပ်ကို စာပေဗိမာန်မှထုတ်ဝေခဲ့သည်။ ယခုစာအုပ်သည် စာရေးသူ၏ ဒုတိယမြောက်ထုတ်ဝေသော စာအုပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# စကားလက်မှန်

၁၉၈၈ ခုနှစ်သည် အရေးတော်ပုံနှစ်ဟု ဆိုရမလောက်ပင် အဓိုးရအား ဆန့်ကျင်သော အရေးအခင်းများသည် တစ်ခုပြီးတစ်ခု ဖြစ်ပွားခဲ့လေသည်။ မောင်ဘုန်းမော် အရေးအခင်းဟုအမည်တွင်ခဲ့သည့် မတ်လ လှုပ်ရှားမှု၊ ဂျင်ဂလိ ပွဲတော်ဟု ကင်ပွန်းတပ်ခံခဲ့ရသည့် ဇွန်လအရေးအခင်း၊ ရှစ်လေးလုံးဟု ကျော်ကြားခဲ့သော ဩဂုတ်လ အရေးအခင်း၊ ထိုသည်၏နောက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အုံကြွလှုပ်ရှားခဲ့သည့် ဒီမိုကရေစီအရေးတော်ပုံတို့ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ ၂၂ ရက်မှ အစပြုခဲ့သော ယင်းဒီမိုကရေစီအရေးတော်ပုံသည်ကား မြန်မာ့သမိုင်းတွင်မကြုံဘူးလောက်အောင် လူတန်းစားအလွှာပေါင်းစုံ ပါဝင်သည့် အစိုးရဆန့်ကျင်သော လှုပ်ရှားမှုကြီးဖြစ်ရကား ဆရာဝန်များ၊ အနုပညာရှင်များ၊ ရှေ့နေများ စသည့်အသိပညာရှင်၊ အတတ်ပညာရှင်များသာမက အိုးမဲ့အိမ်မဲ့အခြေအနေမဲ့များ၏ လမ်းဘေး သမဂ္ဂပါမကျန် တော်လှန်တိုက်ပွဲဝင်ခဲ့ကြလေသည်။

အနုပညာရှင်တစ်ပိုင်းတစ်စ ဖြစ်နေသော ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်မှာလည်း ဤအရေးတော်ပုံအစ ကာလများကပင် ပါဝင်ခဲ့ရကား ကျောင်းသားစိတ်တစ်ပိုင်း ကျန်နေသည့် အတွင်းစာတ်၏ လှုံ့ဆော်မှုကြောင့် တဖြည်းဖြည်း နက်မှန်းမသိ နက်ရှိုင်းစွာ ဝင်ရောက်ဆင်နွှဲမိလေတော့သည်။

ထိုစဉ်က ကျွန်တော်တို့၏ စုရပ်ဖြစ်သော ရန်ကုန်မြို့ ၂၁ လမ်းရှိ (ယခင် သဘင်ကောင်စီရုံးခန်း) မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သမဂ္ဂရုံးခန်းသည်လည်းအနယ်နယ် အရပ်ရပ်မှ သပိတ်ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ စတည်းချရာ နေရာတစ်ခု လည်းဖြစ်လာလေသည်။

ရွှေပြည်အေးသမားများ၊ အကဲခတ်ဆရာများ၊ ရရင်ရ မရရင်ချ ဆိုသော ပုဂ္ဂိုလ် များ၏ ငြင်းခုံရာ စည်းဝေးခန်းမတစ်ခုလည်းဖြစ်ခဲ့လေသည်။

ကျွန်တော်တို့ သူငယ်ချင်းတသိုက်မှာလည်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ခွင့်မကြုံရလောက်အောင်ပင် ဟောပြောပွဲများ၊ အစည်းအဝေးပွဲများ၊ နယ်စည်းရုံးရေးခရီးစဉ်များ၊ ဆန္ဒပြပွဲများ၊ အလှူခံကိစ္စများနှင့် ချာလပတ်ယမ်းနေကြ ရကား တစ်ဦးနှင့်တစ်ဦး ရုံးရှေ့ကျောက်သင်ပုန်းမှတစ်ဆင့်သာ ဆက်သွယ်ရသည့်ဘဝ သို့ ဆိုက်ရောက်ခဲ့ရလေတော့သည်။

သို့သော်လည်း ကျွန်တော်တို့ လူသိုက်ကို မျက်နှာချင်း ပြန်လည်ဆုံဆည်းခွင့် ရအောင် ဖန်တီးပေးလိုက်သည့်အရာကား ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ တွင် ပေါ်ပေါက်လာပါတော့သည်။ အခြားမဟုတ်ပါ၊ စစ်တပ်က အာဏာသိမ်းလိုက် ခြင်းပင်တည်း။

ထိုနေ့ ညနေ မှောင်ရိပ်၌ သဘင်သမဂ္ဂရုံးခန်းတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် အလျှိုလျှိုရောက်လာကြပါတော့သည်။ ဘာလုပ်ကြမလဲ၊ ဘာတွေဆက်လုပ်ကြဦးမလဲ၊ ဘယ်လိုလုပ်ကြမလဲ။

သေချာတာတစ်ခုကတော့ နဂိုကပင် နာမည်ကြီးနေသည့်အတိုင်း မိမိတို့ လူသိုက်သည် အဖမ်းခံရပေလိမ့်မည်။ ဒီတော့ ထွက်ပြေးကြမလား၊ သွားအဖမ်းခံမလား၊ တောခိုကြမလား တစ်ခုခုတော့ လုပ်ရပေလိမ့်မည်။ ပထမဆုံးတော့ ဒီနေရာမှ အမြန်စွန့် ခွာရပေလိမ့်မည်။ အကယ်၍များ စစ်တပ်သည် သူတို့ကြေညာထားသည့်အတိုင်း အင် အားသုံး၍ သည်နေရာကိုဝင်ရှင်းခဲ့လျှင် လမ်းသူလမ်းသားများ အချောင်သက်သက် ထိနိုက်နစ်နာကြမည် မဟုတ်တုံလော။ မိမိတို့အပေါ် သံယောဇဉ်ကြီးမားနေပြီဖြစ်သော လမ်းသူလမ်းသားများကလည်း သူတို့ကာကွယ်ပေးပါမည်၊ ဖွက်ပေးထားပါမည် မသွား ကြပါနှင့်ဟု အတန်တန်တားကြလေသည်။

သို့သော်လည်း ကျွန်တော်တို့တစ်သိုက်မှာ ဆုံးဖြတ်ထားသည့်အတိုင်း ကိုယ့်ပစ္စည်းလေးတွေကိုယ်ဆွဲ၊ ရုံးခန်းအတွင်းမှ စာရွက်စာတမ်းများကို အလျင်အမြန် ဖျောက်ဖျက်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြတော့ သည်။ ထိုအချိန်က ဆေးရုံကြီးဝင်းအတွင်း၌ အစာငတ်ခံဆန္ဒပြနေကြသော အုပ်စု အဖွဲ့အစည်းအသီးသီးမှာလည်း ညမထွက်ရအမိန့်ကြောင့် အိမ်ပြန်ခွင့်မရဘဲ လူနာ ဆောင်အသီးသီး၌ သောင်တင်နေကြလေသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ သူငယ် ချင်းတစ်သိုက်မှာ အုပ်စု သုံးစုခွဲပြီး အဝတ်လျှော်စက်၊ ဓာတ်အားပေးစက်နှင့် ရေခဲ တိုက်များ အတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေရတော့သည်။

တစ်ချက်တစ်ချက်တွင် စစ်အစိုးရအလိုမရှိဟူသော အော်သံများ၊ သေနတ် သံများလမ်းမများပေါ်တွင် ချထားသော အပိတ်အဆို့၊ အကာအရံများကို လိုက်လံ ရှင်းလင်းနေသည့် စစ်ကားသံများကို နားခံရင်း တစ်ညတာခရီးကို ကျော်လွှားခဲ့ရပေသည်။

ဤနေရာတွင် ကျွန်တော်နှင့်အတူ ပုန်းအောင်းခဲ့သူများကို မှတ်တမ်းတင်လိုပါ သည်။ ကျွန်တော်တို့ သဘင်သမဂ္ဂ မှ မိုးဝင်း၊ မိုးမင်း၊ အရိုင်း၊ ညီညီလှိုင် (ညောင်ညောင်)၊ ညီဝင်းစိန်၊ ဖိုးမြူ၊ စိုးဟန်၊ တပ်မတော်မှတ်တမ်းရုံးမှ တပ်ကြပ် အောင်သန်း၊ ကျောင်းသားတပ်ပေါင်းစုမှ ရွှေရောင်၊ အောင်ဇော်မျိုး၊ ရုပ်ရှင်သရုပ်ဆောင်





www.burmeseclassic.com

www.burmeseclassic.com



ဇင်ဝိုင်းနှင့် တောင်ဥက္ကလာပမှ ဆိတ်မဆိုသူတို့ဖြစ်ပါသည်။ ညတွင်းချင်းပင် ကျောင်းသားသမဂ္ဂမှ မင်းမင်း၊ ဇော်ထွန်းတို့ ခေါင်းဆောင်သည့် အစာငတ်ခံ ဆန္ဒပြပွဲ ဖြစ်မြောက်ရေးအဖွဲ့သို့ လှမ်း၍ ဆက်သွယ်ပြီး မနက်မိုးလင်းသည်အထိ မည်သည့်နေရာမှ မသွားရန်နှင့် သောင်တင်နေသည့် ကလေးများကိစ္စ မိမိတို့လာမှ ရှင်းပေးမည်ဖြစ်ကြောင်း အကြောင်းကြားထားရပေသည်။

သို့ဖြင့် စက်တင်ဘာလ ၁၉ ရက်နေ့ မနက် ၅ နာရီထိုးသည့်အချိန်မှာတော့ ကျွန်တော်တို့၏ စီစဉ်ပေးမှုဖြင့် ကျောင်းသူ၊ ကျောင်းသားလေးများအား ဘေးကင်း ရန်ကင်းစွာဖြင့် အိမ်ပြန်ပို့နိုင်ခဲ့လေသည်။

သည်နောက်မှာတော့ ညက ကြိုတင်စီစဉ်ထားသည့်အတိုင်း စစ်အစိုးရ ဆန့်ကျင်ရေးဆန္ဒပြပွဲကို ချီတက်ရန် စိုင်းပြင်းကြရလေတော့သည်။ သည်မှာတင် ပြဿနာက စပါလေပြီ။ ဆေးရုံကြီးအတွင်းရှိ သူ့အစုနှင့်သူရှိနေကြသော အဖွဲ့အစည်း အသီးသီးသည် အင်တင်တင်ဖြစ်နေကြလေသည်။ တောင်လိုလို၊ မြောက်လိုလို၊ အစည်း အဝေးလုပ်ဦးမလိုလို၊ အီအီးပါဦးမလိုလိုနှင့် ချီတက်ရန်ကိစ္စကို ရှောင်ဖယ်ရှောင်ဖယ်လုပ် နေကြတော့သည်။ သည်တစ်ခါက တကယ့်ကို သေနတ်နှင့် ပစ်တော့မှာ မဟုတ်လား။

ကျွန်တော်တို့ သူငယ်ချင်းတစ်စု ခေါင်းချင်းဆိုင်ရတော့၏။ ကဲ ·····ဘယ်သူမှ မထွက်ခင်ကတည်းက တို့ထွက်ခဲ့တယ်။ နောက်တစ်နိုင်ငံလုံး ပါလာတော့ ဒို့အရေး မှမလုပ်ရရင် ခေတ်မမီတော့ဘူးဟဲ့ဆိုပြီး ပါလာလိုက်ကြတာ။ ခုတော့ ဘယ်တစ်ကောင် တစ်မြီးမှ မတွေ့ရတော့ဘူး။ ခုချက်ချင်း ပစ်ပါ····· ဖမ်းပါနဲ့ စင်ပေါ်ကနေ လက်သီးလက်မောင်းတန်းခဲ့တဲ့ ဘယ်အနုပညာသမားဆိုတာတွေမှလည်း အရိပ်တောင် မတွေ့ရတော့ဘူး။ တို့ဘယ်လိုလုပ်ကြမလဲ။ ကလေးတွေကိုချည်းပဲ မင်းတို့ ချီတက် ကြတော့ဆိုပြီး လွှတ်လိုက်တော့မလား၊ အသေခိုင်းလိုက်တော့မှာလား···။

ကိုင်း··· ဘယ်သူထွက်ထွက် မထွက်ထွက်၊ တို့ထွက်တယ်ကွဟု ကြိမ်းဝါးပြီး ကိုရွှေ (ဇင်ဝိုင်း)ရယ်၊ မိုးကြီး (မိုးဝင်း)ရယ်၊ မောင်စိန်ထွန်း (မိုးမင်း)ရယ်၊ အောင်သန်းဦး (အရိုင်း)ရယ်၊ မောင်ရွှေရောင်ရယ်၊ ကျွန်တော်ရယ် ···နောက် ပြီး ကျောင်းသားဟောင်းများအဖွဲ့မှ နိုင်လင်းနှင့် ကျော်မြင့်တို့ပါ ပေါင်းကာ စုစုပေါင်း





ရှစ်ယောက်တည်းဖြင့် စတင်ချီတက်ခဲ့ကြပါတော့သည်။

စစ်အစိုးရ အလိုမရှိ၊ စောမောင်အစိုးရ အလိုမရှိ···

ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ ကျောင်းသားပြည်သူ သတ်ဖို့မဟုတ်ဘူး···စသော ကြွေးကြော်သံများဖြင့် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် ထိုမှ ဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ ဘုန်းကြီးလမ်းမှတစ်ဆင့် ဗိုလ်ချုပ်လမ်းအတိုင်း ပြန်လည်ချီတက် ခဲ့ကြရာ တစ်ပတ်ပတ်မိသည့်အချိန်မှာဖြင့် လူတန်းကြီးမှာ နှစ်ထောင်သုံးထောင်ခန့် ဖြစ်လာလေတော့သည်။

ဤသို့ဖြင့် ထပ်မံရောက်ရှိလာသော အဖွဲ့များနှင့် ပူးပေါင်းကာ လူလေးထောင် ကျော်ခန့်ကို ဦးဆောင်ပြီး မြို့တော်ခန်းမသို့ ဦးတည်လိုက်တော့၏။

ထိုနေ့မနက်က အဖြစ်အပျက်များကို အကျဉ်းရုံး၍ ဆိုရသော် ကျွန်တော်တို့လူစုမှာ သေကံမရောက်သက်မပျောက်၊ ကျည်ဆန်တွင်းဖောက်သည့် ဘေးမှ ကင်းဝေးကာ ထွက် ပြေးနိုင်ခဲ့လေသည်။

သို့သော်ငြားလည်း ဇာဂနာနှင့် ဇင်ဝိုင်းသေပြီဟူသော သတင်းက တောမီး လောင်သည့်နှယ် ပျံ့နှံ့သွားခဲ့တော့၏။ တစ်ဆက်တည်းဆိုသလို ကျွန်တော်တို့ နှစ်ယောက်ကို မြေလှန်ရှာနေသည်ဟူသောသတင်းကလည်း ထက်ကြပ်မကွာ လိုက်ပါ လေတော့သည်။ ကျွန်တော်တို့မှာကား တစ်နေရာရာမှာပဲ သွားပြီး ရှောင်နေရ တော့မလိုလို၊ တစာစာလာခေါ်နေကြသော ညီငယ်ကျောင်းသားများနှင့်အတူပဲ တောခို ရတော့မလိုလိုနှင့် အတော်ဆုံးဖြတ်ရကျပ်နေပါတော့သည်။ နောက်ဆုံးမှာတော့ ဘယ်ကိုမှ မရှောင်ဘဲ၊ တောမခိုဘဲ မြို့ပေါ်မှာပင် လုပ်စရာရှိသည်များကို သိုသိုသိပ်သိပ် ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ပြီး ကျွန်တော်၊ ကိုရွှေ(ဇင်ဝိုင်း)၊ မိုးကြီး (မိုးဝင်း)၊ မောင်စိန်ထွန်း (မိုးမင်း)၊ အောင်သန်းဦး (အရိုင်း)တို့ ငါးဦးသားသည် သူငယ်ချင်း ကိုကျော်ဝင်း၏ အိမ်၌ စတည်းချရန် ထွက်ခွာလာခဲ့ကြပါတော့သည်။

ဤသို့ဖြင့် စက်တင်ဘာလ ၂၀ ရက်မှစ၍ ကိုကျော်ဝင်း၊ ကိုသိန်းဦး၊ ကိုကိုဦး စသည့်သူငယ်ချင်းများအိမ်သို့ တစ်လှည့်စီ သွားနေလိုက်၊ ရန်ကုန်မြို့သို့ အလှည့်ကျသွား၍ အဆက်အသွယ်လုပ်လိုက်၊ ရန်ကုန်မြို့အနှံ့ ပုန်းအောင်းနေကြသော



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့အစည်းဝင်များထံသို့ စာနယ်ဇင်းရိက္ခာအခြောက်အခြမ်းများ လိုက်လံဝေငှလိုက်ဖြင့် တစ်ရက်ပြီးတစ်ရက် ကျော်လွန်ခဲ့ရတော့၏။

မှတ်မှတ်ရရ၊ ထူးထူးခြားခြား ဆောင်ရွက်ခဲ့သည်များမှာကား အနုပညာတပ်ဦးဟု အမည်ပေးပြီး ရုပ်ရှင်နယ်မှ ဒါရိုက်တာအောင်မြင့်မြတ်၊ ပန်းချီပန်းပုနယ်မှ ဦးမျိုးမြင့်၊ စာပေနယ်မှ မောင်မိုးသူ၊ ဂီတနယ်မှ ကိုကိုအောင်(သပြေ)နှင့် သဘင်နယ်မှ ကျွန်တော်တို့ပါဝင်သော အဖွဲ့တစ်ခုကို လျှို့ဝှက်စွာဖွဲ့စည်းနိုင်ခဲ့ခြင်းပင်။ ရန်ကုန်မြို့ ဘားလမ်းရှိ စင်ရော် မောင်မောင် ရုံးခန်းကို ဆက်သွယ်ရန်ဌာနအဖြစ် သတ်မှတ်ကာ…

(၁) တောတွင်းရောက် ကျောင်းသားများနှင့် အဆက်အသွယ်ယူကာ မြို့ပေါ်တွင်လှုပ်ရှားရန်

(၂) အလုပ်သမားသမဂ္ဂများကို စည်းရုံးကာ အလုပ်သမားများ အလုပ်ခွင်မဆင်းရေး သပိတ်မှောက်ရန်

(၃) နိုင်ငံရေးအရ ခေါင်းဆောင်များအား ပံ့ပိုးကူညီရန်… စသည့်ရည်ရွယ်ချက်များ သတ်မှတ်ထားခဲ့သည်။

ကျွန်တော့်မှာ အငယ်ဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် အားလျော်စွာ ဟိုပြေးရ ဒီပြေးရ၊ ဟိုအဖွဲ့နှင့် သွားဆွေးနွေးရ၊ ဒီအဖွဲ့နှင့် သွားဆွေးနွေးရ၊ ဟိုလူကြီးအိမ်သွားရ၊ ဒီလူကြီးအိမ်သွားရဖြင့် ဖတ်ဖတ်မောနေရတော့သည်။

ဤသို့ ပြေးရင်းလွှားရင်းပင် ကိုယ့်အဖြစ်ကို ကိုယ်ပြန်စဉ်းစားမိပြီး ဟိုသွားလည်းသုတ်သုတ် သုတ်သုတ်၊ ဒီသွားလည်း ရုတ်ရုတ် ရုတ်ရုတ် ၊ ဦးထုပ်ဆောင်းလိုက်၊ မျက်မှန်တပ်လိုက် လုပ်နေရသည့်အဖြစ်ကို တဖြည်းဖြည်းရွံရှာလာမိတော့သည်။ ထိုအချိန်ကလည်း ရန်ကုန်မြို့တလွှားတွင် (အထူးသဖြင့် အနုပညာအသိုင်းအဝိုင်း၌) ဘယ်သူ့ကို မေးလိုက် မေးလိုက် 'ရှောင်'နေတယ်ဟူသော 'ရှောင်' နာရောဂါသည် အပိုလိုမျက်စိမှာထက်ပင် လျှင်မြန်စွာ ကူးစက်ပျံ့နှံ့နေချိန် ဖြစ်ပြန်ရာ၊ ကိုယ့်ကိုလည်း ဤစာရင်းထဲအသွင်းခံရမှာကို တွေးပြီး ကြောက်လာမိတော့၏။ ဘယ်တုန်းက ဘာလုပ်ခဲ့မှန်းမသိ ဘယ်မှာပါခဲ့မှန်းမသိဘဲ လူအထင်ကြီးပြီးရော ရှောင်နေတယ်ဆိုသည့် မစွတာ ရှောင်လင်များနှင့် တစ်တန်းတစ်စားတည်း ဖြစ်ကုန်မည်စိုးသဖြင့် ကျွန်တော်တို့ သူငယ်






ချင်းတသိုက်မှာ တိုင်ပင်ဆွေးနွေးကြပြီး စက်တင်ဘာ ၂၅ ရက်နေ့ (အာဏာသိမ်းပြီး တစ်ပတ်အကြာ)တွင် အသီးသီးကိုယ့်အိမ်ကိုယ် အလင်းဝင်ခဲ့ကြတော့သည်။ ရန်ကုန်မြို့ထဲတွင်လည်း ခပ်တည်တည်ပင် ပေါ်ပေါ်ထင်ထင် ဖြောင်သွားလာလှုပ်ရှားပစ်လိုက်တော့၏။

ထို့ကြောင့်ပင်ထင်သည်။ ၁၉၈၈ ခုနှစ်အောက်တိုဘာလ ၂ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဘားလမ်းရှိ စပယ်ဦးပုံနှိပ်တိုက်တွင် ကျွန်တော်၊ ကိုဌေး (ဇင်ပိုင်း)၊ မိုးကြီး (မိုးဝင်း)၊ ကိုညီဝင်းစိန်၊ ဦးအောင်မြင့်မြတ်၊ ဦးတင်စိုးနှင့် (မဆီမဆိုင်ပါလာရှာသော) (သစ်မွှေးရှမ်းခေါက်ဆွဲဆိုင်မှ) ကိုအမိန့်တို့ ခုနစ်ဦးသည် တပ်မ ၃၃ မှ စစ်ကားများဖြင့် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခြင်းကို ခံလိုက်ရပါတော့သတည်း။


ဤစာအုပ်ငယ်တွင် ကျွန်တော်တို့အား စတင်ဖမ်းဆီးသည့်အချိန်မှစ၍ ထိန်းသိမ်းရာမှ လွတ်လာသည်အထိ တွေ့ကြုံခဲ့သမျှကို အရင်းတိုင်းဖောက်သည်ချထားပါသည်။ စာအုပ်အမည်နှင့်ပတ်သက်၍ အတန်ငယ်ပြောစရာရှိသည်။ ကျွန်တော်တို့သည် စစ်အစိုးရတက်လာပြီးသည့်နောက် ပထမဆုံးအဖမ်းခံရသော အနုပညာသမားများဖြစ်ခြင်း ပုဒ်မ ၁၀ (က)ဖြင့် ပထမဆုံးအရေးယူခံရသူများဖြစ်ခြင်း မီးလောင်ပြီးစ အင်းစိန်ထောင်တွင်းသို့ ပထမဆုံးအပို့ခံရသော နိုင်ငံရေးအကျဉ်းသားများဖြစ်ခြင်း စသည့် အကြောင်းများတို့အပြင် ကျွန်တော်၏ ပင်ရင်းနဂိုမူလစိတ်မှာ အတန်ငယ်ကြွားဝါလိုစိတ်ရှိခြင်းတို့ကြောင့် ဤစာအုပ်အမည်ကို 'ပထမ'ဟု ကင်ပွန်းတပ်လိုက်ရခြင်းဖြစ်ပါသည်။ အကယ်၍ မကျေမလည် ဖြစ်သူများရှိပါက အတင်းပြောကြပါကုန်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com




# ဆိုင်ကယ်လှလှလေးတွေ

ပုစွန်သေစေသော တော်သလင်းနေသည် ကျွန်တော့် အား ကောင်းစွာဒုက္ခပေးနေတော့၏။

အကြိုအကြားများပါမကျန် တရစပ်ထွက်နေသော ချွေးတို့ဖြင့် ကျွန်တော့် တစ်ကိုယ်လုံးမှာ ရွှဲနစ်နေတော့သည်။ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ရှိမှရှိပါသေးရဲ့လားဟု ထင်မှတ်မှား လောက်အောင်ပင် ထုံကျင်နေတော့၏။

မဖြစ်နိုင်ပါရိုးလား…

ကျွန်တော်တို့ ဖြစ်ပျက်နေပုံကိုလည်း ကြည့်လေ။

အမိုးအကာမပါသော တီအီး ၁၁ ကားကြီး၏ ကြမ်းပြင်ပေါ်တွင် ဒူးနှစ်ဘက်ထောက် နဖူးနှင့် ကြမ်းပြင်ထိထားပြီး လက်နှစ်ချောင်းကိုယှက်ကာ နောက်စေ့ပေါ်သို့ တင်ထားရလေတော့သည်။ ရုပ်ရှင်ကားများတွင် စစ်သုံ့ပန်းများအား ဖမ်းဆီးပုံနှင့် တူလွန်းလှပါဘိတော့။

မိမိတို့သည် သူပုန်လည်းမဟုတ်။ ဓားပြလည်းမဟုတ်ပါဘဲလျက် အဘယ်ကြောင့် ဤသို့ဤနယ် လူ့တန်ဖိုးတို့ လျစ်လျူရှုသော ဖမ်းဆီးနည်းကို အသုံးပြုမှန်းနားမလည်နိုင်ဖြစ်ရလေသည်။ ပတ်ဝန်းကျင်က မိမိတို့အား မမြင်စေလို၍ဟု ဆိုရပြန်ကလည်း ကျွန်တော်တို့အား ဖမ်းဆီးစဉ်ကာလကပင် ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးမှာ ရွှေတိဂုံဘုရားတပေါင်း ပွဲတော်တမျှ စည်ကားနေပေရာ ဤအချက်သည် မဖြစ်နိုင်ပါချေ။ သို့ဆိုလျှင် မိမိတို့အား မည်သည့်နေရာကို ခေါ်သွားမှန်းမသိစေလို၍သာ ဖြစ်ပေမည်။ ဤအချက်သည်လည်း မအောင်မြင်နိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး၊ ရွှေဥဒေါင်း၏ ဦးစံရှားဝတ္ထုများနှင့် ကြီးပြင်းလာရသော ကျွန်တော်သည် စေသူမဟုတ်ရကား ကားရပ်ပုံ၊ မောင်းပုံ၊ ချိုးကွေ့ပုံတို့ကို စိတ်ဖြင့်မှန်းပြီး ယောသိမ်ကြီးဈေး၊ ဘုန်းကြီးလမ်း၊ ပြည်လမ်း၊ ဦးဝိစာရလမ်း စသည်ဖြင့် မှတ်သားလာနိုင်ခဲ့ပေသည်။ ''ခဝဲခြံရောက်မယ် တက်…တက်''ဟူသော ကားစပယ်ယာများ၏ အသံကို ကြားရသည့်အခါ ဩော်… မရမ်းကုန်းလမ်းဆုံရောက်ပြီကိုး။ ဒါဆို တို့ကို ထောက်လှမ်းရေး ၆ နဲ့ ရေကြည်အိုင် တစ်ခုခုကို ပို့မှာသေချာပြီဟု တွက်ဆမိလိုက်၏။ များမကြာမီပင် ကျွန်တော်တို့၏ တီအီး ၁၁ ကားကြီးသည် လက်ယာဘက်သို့ ချိုးကွေ့လိုက်ရာ ထောက်လှမ်းရေး ၆ ပဲဟု တစ်ထစ်ချ ယူဆလိုက်ရပါတော့သည်။

မြေနီလမ်းအတိုင်း မောင်းချလာသော ကိုရွှေတီအီးသည် လက်ယာဘက်ကို ထပ်မံချိုးပြီးနောက် ကုန်းခပ်မြင့်မြင့် တစ်ခုကို တက်ကာ သက်ပြင်းခပ်ကြမ်းကြမ်းတစ်ခုမှုတ်





ထုတ်ပြီးနောက် ရပ်ချလိုက်လေတော့သည်။

''ဟေ့တစ်ယောက်မှ ခေါင်းထောင်မကြည့်စေနဲ့၊ တစ်ယောက်စီဆင်းနိုင်း၊ ဒါအရင်ယူ၊ ဟေ့ကောင်….. သော့ဖွင့်ပြီး ပလား'' စသဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုနေသံများကို ကြားနေရသဖြင့် ကေနှတော့ ဒီနေရာဟာ ရုံးခန်းတစ်ခုခု (ဒါမှမဟုတ်) ကင်းတဲတစ်ခုခုဖြစ်လိမ့်မည်ထင်တယ်ဟု တွက်ချက်နေမိ၏။ ထိုအခိုက်မှာပင် ဖြုန်းခနဲ ကျွန်တော့်ခေါင်းကို အဝတ်ကြီးတစ်ခု စွပ်ချလိုက်ပြီး 'ထ'ဟု ပြောလာသဖြင့် ကျွန်တော့်မှာ ခြေကျင်နေသည့်ကြားမှပင် အသာဖြည်းဖြည်းထလိုက်ရ၏။ တစ်ဖန် 'ခုန်ချ'ဟုဆိုပြန်သဖြင့် ကျွန်တော့်မှာ မမြင်မကန်း ရမ်းခုန်ချလိုက်ရာ ကံအားလျော်စွာ သဲပုံပေါ်တည့်တည့်ကျသွားသဖြင့် သက်သာရာရသွားပေသည်။ ထို့နောက် ''ကဲ…ထ''ဟုဆိုကာ ကျွန်တော်၏ လက်မောင်းအား လူတစ်ယောက်က ခပ်ကြမ်းကြမ်းဆွဲခေါ်ပြန်သဖြင့် ကျွန်တော့်မှာ ထိုပုဂ္ဂိုလ်နောက်သို့ ကန့်လန့်ကန့်လန့်နှင့် ပါသွားရပြန်တော့သည်။

ထိုပုဂ္ဂိုလ်သည် တစ်လမ်းလုံး ကျွန်တော့်အား 'ရှေ့မှာတန်း ခေါင်းငုံ့'၊ 'ရေမြောင်းရှိတယ် ကျော်လိုက်'၊ 'လှေကား ထစ်တစ်ခုရှိတယ်' စသဖြင့် တတွတ်တွတ်ပြောပြီးစေနိုင်းလာလေသည်။ ကျွန်တော်သည်လည်း ရှေ့ကထောက်လှမ်းရေးစာအုပ်များ ဖတ်ခဲ့ဖူးသည့်အားလျော်စွာ 'ခေါင်းငုံ့'ဟု အမိန့်ပေးသူက 'လုံးဝမငုံ့'ဘဲနေသည့်အဖြစ်ကို သံသယဝင်ပြီး နောက်ပိုင်း ထိုသူစေနိုင်းသမျှကို လိုက်မလုပ်ဘဲနေရန် ဆုံးဖြတ်လိုက်တော့၏။ 'သံဆူးကြိုးရှိတယ် ခေါင်းငုံ့'ဟု ထိုသူက ပြောလာသောအခါ ကျွန်တော်က မငုံ့ဘဲ တည့်တည့်ဝင်တိုးပစ်လိုက်ရာ ဘာသံဆူးကြိုးနဲ့မှ မညိဘဲရှိလေသည်။ အနီပုဂ္ဂိုလ်… ထိုပုဂ္ဂိုလ်…. ၄င်းပုဂ္ဂိုလ်…. အကြင်ပုဂ္ဂိုလ်သည် သူ့ကြံစည်မှုပျက်ပြားသွားသဖြင့် ဒေါသပွားကာ ကျွန်တော့်အား သစ်ပင်ကြီးတစ်ပင်ဆီသို့ တင်းဆွဲခေါ်သွားလေရာ ကံအားလျော်စွာ မျက်နှာနှင့်မတိုက်မိဘဲ ပခုံးနဲ့သာ တိုက်မိသဖြင့် သက်သာသွားရပြန်လေသည်။ သည်နောက်မှာတော့ ထိုပုဂ္ဂိုလ်သည် သူ့ကြံစည်ချက်များ ကုန်ဆုံးသွား၍ထင် ကျွန်တော့်အား အခန်းတစ်ခုထဲသို့ ထည့်


www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့၏။ အုတ်နံရံနှင့် ကျွန်တော့်ကို မျက်နှာချင်းဆိုင်အနေအထားဖြင့် ကပ်ထားနိုင်းပြီးနောက် 'နောက်လှည့်မကြည့်နဲ့'ဟု အမိန့်ပေးကာ ထိုပုဂ္ဂိုလ်သည် အခန်းအပြင်သို့ ခပ်သုတ်သုတ်ပြန်ထွက်သွားလေသည်။ ကျွန်တော့်မှာဖြင့် ငိုအားထက်ရယ်အားသန်… ဘယ့်နှယ်… ခေါင်းစွပ်ကြီးစွပ်ထားတဲ့ဟာ ဘာမှမမြင်ရတဲ့သူက လှည့်ကြည့်တော့ကော ဘာမြင်ရမှာမို့တုံး၊ အကန်းကို တောင်ကြည့် မြောက်ကြည့် မလုပ်နဲ့လို့ပြောသလိုချည်းပါလား။ ထို့နောက် ထိုပုဂ္ဂိုလ်သည် အခန်းထဲပြန်ဝင်လာပြီး ကျွန်တော်၏လက်နှစ်ဖက်ကို နောက်ပြန်လက်ထိပ်ခတ်လိုက်ပြန်ပါသေးသည်။ ဩော် ဒုက္ခဒုက္ခ… အခုထွက်ပြေးပါလို့ နိုင်းရင်တောင်မှ မမြင်မကန်းနဲ့ ဘယ်သွားရမှန်း ဘယ်လာရမှန်းတောင် သိမှာမဟုတ်။ လိပ်ကို မျက်နှာအဝတ်နဲ့စည်းပြီး ပက်လက်လှန်ထားသလိုပါလား။

မကြာခင်မှာပဲ အသံခပ်ဩဩတစ်ခုက ပေါ်ထွက်လာပြန်သည်။ ဒါက စင်ပိုင်း၊ ဒါက ဇာဂနာ၊ ဒါက မိုးဝင်း စသည်ဖြင့် တစ်ခန်းစီ တစ်ခန်းစီလိုက်၍မိတ်ဆက်ပေးနေပါတော့၏။ တစ်ဆက်တည်းဆိုသလိုပင် လူလေးငါးယောက်ခန့် ကျွန်တော်ရှိနေရာ အခန်းထဲသို့ ဝင်လာကြလေသည်။ 'မင်းက ဇာဂနာလားကွ'ဟူသော ခပ်ကြမ်းကြမ်းအသံနှင့်အတူ အုံးခနဲရိုက်လိုက်သော လက်ဖဝါး၏အရှိန်ကြောင့် ကျွန်တော်၏နဖူးမှာ အုတ်နံရံနှင့် မိတ်ဖွဲ့သွားရကာ ကြယ်တွေလတွေသည် စီကာတန်းကာ ပေါ်ထွက်လာပါတော့သည်။ သည်နောက်မှာတော့ 'ဟေ့ကောင် လုပ်စမ်းပါဦးကွ နို့အရေးလေးတာလေး'။

"ဒီမိုကရေစီ အော်ပါဦးကွ"

"ဟေ့ကောင် အိမာ ဝိတာ ကီဆောင် လုပ်စမ်းပါဦး"

စသည်ဖြင့် ပြောလိုက် ထိုးလိုက်ဖြင့် အနီးပုဂ္ဂိုလ်များမှာ စံချိန်စံညွှန်းမမီမှာစိုးသည့်အလား ကျွန်တော့်အား တဗုန်းဗုန်း တဒိုင်းဒိုင်းနှင့် ဝိုင်းထိုးနေကြပါတော့သည်။ ကျွန်တော့်မှာတော့ သမ္မတလူကြမ်းအဖွဲ့အလယ်သို့ ရောက်သွားရှာသော ရိုးရိုးအအရွာသားလေးတစ်ဦးလိုပင် ဖြစ်နေတော့၏။ သည်အထဲကောင်းကောင်းမထိုးဘဲ 'နောက်လှည့်မကြည့်နဲ့'ဟု အမိန့်ပေးနေသေးသဖြင့် ဩော်… သူတို့မျက်နှာကို မြင်သွားမှာ တော်တော်စိုးရိမ်နေရှာကြပါလား။ ကိုယ့်ကို ပြန်မမြင်နိုင်တဲ့ သူ ဘာမှပြန်မလုပ်နိုင်တဲ့သူ တစ်ဦးကိုမှ ဝိုင်းဝန်းထိုးကြိတ်ရဲတာ နည်းတဲ့သတ္တိမဟုတ်ပါလားလို့ တွေးမိပြီး အနီးပုဂ္ဂိုလ်များကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်နေရပါတော့သည်။

သည့်နောက်မှာတော့ သူတို့ပဲ ညောင်းသွားလို့လား။ ကျွန်တော့်ကိုပဲ သနားသွားလို့လားမသိ၊ ခေတ္တအားလပ်ချိန် ဖြစ်သွားလေသည်။ ကျွန်တော်၏ကျောပြင်၊ ဝမ်းဗိုက်တို့မှာလည်း သူတို့ကြိုက်သလို ထိုးကြိတ်ခွင့်ပေးထားပြီး ယခုမှပင် အနားရလေတော့သည်။ သို့သော်လည်း 'နားပြန်လည်း မသက်သာ'ဟု ဘိသကဲ့သို့ အသံစူးရှရှနှင့် လူတစ်ယောက်ရောက်လာပြီး…

"ဟေ့…. ဒါဇာဂနာလားကွ"

"ဟုတ်ပါတယ် ဆရာကြီး"ဟူ၍ အမေးအဖြေလုပ်ကြကာ ထိုစူးရှရှငနဲသည် အခန်းသံတံခါးကိုဖွင့်၍ ဝင်လာပါတော့သည်။

သည့်နောက်မှာတော့ 'ဟေ့ကောင် ဒီမိုကရေစီတော့ မရဘူး ဒါပဲရမယ်ကွ' 'မအေ…' 'ငါ…မသား' စသည် ဖြင့် ကျွန်တော်တစ်သက်တာမှာ တစ်ခါမှမကြားဘူးသော ဆဲနည်းဝေဆာ ပဒေသာဖြင့် အသုံးတော်ခံကာ သူ၏ ဒူးခေါင်း၊ လက်ဝါးစောင်း၊ ခြေထောက်တို့ဖြင့် ကျွန်တော်၏ ဝမ်းဗိုက်၊ ကျောကုန်း၊ လည်ကုပ်တို့ကို မိတ်ဆက်နေပါတော့သည်။ အချက်ပေါင်းနှစ်ဆယ်ခန့် စိတ်ရှိသမျှ သုံးဆောင်ပြီးသည့်အခါမှာတော့ ဤစူးရှရှငနဲသည်လည်း ခေတ္တအနားယူပြန်လေသည်။ သို့သော်လည်း ကျွန်တော်ကတော့ မနားရပါချေ။

"ဟေ့ကောင် ဆိုင်ကယ်စီးတတ်သလား… စီးတတ်မှာပါကွာ"ဟူ၍ သူ့ဘာသာသူ အမေးအဖြေလုပ်ကာ ထောက်လှမ်းရေးတပ်၏ နာမည်ကျော်ဆိုင်ကယ်ကို စီးခိုင်းပါတော့သည်။

ဆိုင်ကယ်ဆိုသည်မှာ အခြားတော့မဟုတ်ချေ။ ခြေဖျားထောက်၍ ခြေထောက်ကို ကားနိုင်သမျှ ကားခိုင်းပြီး ဒူးကိုကွေးနိုင်သမျှ ကွေးခိုင်းထားကာ လက်နှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com

(လက်ထိပ်ဖြုတ်၍) မြှောက်၍ မတ်တတ်ရပ်နိုင်းထားခြင်းပင် ဖြစ်သည်။ အတော်ပင် ညောင်းညာကိုက်ခဲသော အလုပ်ပင်ဖြစ်၏။ ခြေထောက်များ တဆတ်ဆတ်တုန်သည်အထိ ခံစားရလေသည်။ ထိုအချိန်မှာပင် ဝုန်းခနဲပြိုလဲကျသံကြီးနှင့်အတူ 'ဟော့ကောင် စင်ပိုင်း ဘာဖြစ်တာလဲ ထစမ်း' ဟူသော အသံကိုလည်းကောင်း၊ 'ကျုပ်တို့တပ်ထဲမှာ အသက်ကြီးတာ ငယ်တာမရှိဘူး။ ဟော့လူ ရပ်စမ်း'ဟူသော ဦးအောင်မြင့်မြတ် အခန်းမှ အသံကိုလည်းကောင်း၊ 'တရုတ်ထဲမှာတော့ မင်းတော်တော် သောက်သုံးမကျတဲ့ကောင်ပဲ' ဟူသည့်ကိုအမိန့်၏ အခန်းမှအသံကိုလည်းကောင်း၊ 'ကျွန်တော် မရပ်နိုင်လို့ပါခင်ဗျာ ....တောင်းပန်တယ်ဗျာ'ဟူသော ဦးတင်စိုး၏အသံကိုလည်း ကောင်း၊ 'ဟော့ကောင် မိုးဝင်း မအေ...ဆဲစမ်းပါဦးကွ' ဟူ၍လည်းကောင်း၊ 'ကြောက်လှပါပြီခင်ဗျာ ..... ကျွန်တော့်တစ်သက်တာ တစ်ခါမှ ဒီလိုမခံစားဘူးပါခင်ဗျာ'ဟူသော နောက်ပိုင်း ဇာတ်ထုပ်မှာ အာဏာပါးကွက်သားများအား ငိုယိုတောင်းပန်နေသည့်နယ် ကိုညီဝင်းစိန်၏ အသံတို့ကိုလည်းကောင်း ဆက်တိုက်ဆက်တိုက်ကြားလာရတော့သည်။

ဒီအကောင်တွေရှေ့မှာ လဲကျလို့ အညံ့ခံလို့ မဖြစ်ဘူး။ မင်းတို့ကြိုက်သလောက်လုပ် တော့စံမယ်ကွဟု စိတ်ထဲမှာ ကြိမ်းဝါးပြီး ကိုယ့်ကိုယ်ကိုယ်အားတင်းလိုက်မိ၏။ သို့ပြားလည်း 'တင်းပြန်လည်း မသက်သာ'ဆိုသလိုပင် သူတို့ရှေ့မှာ လဲမကျသဖြင့် မကျေမနပ်ဖြစ်ကြသည်ထင် ကျွန်တော်၏ ပေါင်နှစ်ချောင်းကို တဖုန်းဖုန်းနှင့် လာကန်ကြပါတော့သည်။ ဩော်... ရှင်မဟာမောဂ္ဂလန်လို မထေရ်မြတ်ကြီးပင်လျှင် နိုးသားငါးရာ ဝိုင်းရိုက်သည့် ဒဏ်ခံရသေးသည်ပဲ ကိုယ်က ဘာကောင်မှ မဟုတ်တာ .....ဝဋ်ရှိသ၍ ခံဦးပေါ့လေဟူ၍သာ ဖြေသိမ့်၍ ကြိတ်မှိတ်ခံနေရတော့၏။

သို့သော်လည်း ကံကောင်းထောက်မစွာ ကယ်တယ်ရှင်တစ်ဦးက ပေါ်လာပါတော့သည်။ 'ဟော့...ဒို့ဆီကကောင်တွေ အကုန်ထွက်' ဟူသော အသံနှင့်အတူ 'ကိုဇာဂနာ သက်သာသလိုနေပါ သက်သာသလိုနေပါ' ဟူ၍ ချိုသာပျော့ပျောင်းစွာ လာပြောလေသည်။ သို့ဖြင့် ကျွန်တော့်မှာ ဆိုင်ကယ်စီးခြင်း ဘေးဒုက္ခ မှ ကင်းငြိမ်းချမ်းသာရတော့၏။ ညောင်းညာကိုက်ခဲနာကျင်မှုတို့က ယခုမှပင် စုပြုံတိုးဝှေ့ရောက်လာတော့သည်။ မတ်တတ်ရပ်ရင်းနှင့်ပင် လက်မောင်း ကလေးနှိပ်လိုက်၊ ပေါင်ကလေးနှိပ်လိုက်ဖြင့် သက်သာရာရလိုရငြား ကျွန်တော့်မှာ လုံးပန်းနေရတော့၏။ ထိုအချိန်မှာပင် နူးညံ့သောအသံပိုင်ရှင်သည် ပြန်လည်ရောက်ရှိလာပြီး...

"ကိုဇာဂနာ.... ခေါင်းစွပ်ချွတ်လိုက်ပါ.... အေးအေးနားပါ။ အဲဒီမှာ ဖျာရှိပါတယ်၊ လှဲချင်လှဲနေပါ။ ကျွန်တော့်ကို ခေါင်းစွပ်ပေး အပေါ့သွားချင်ရင် ဟိုထောင့်မှာ ခွက်ရှိတယ်"ဟူ၍ ပြောလာပြန်လေသည်။

ခေါင်းစွပ်ကို သံတိုင်များအကြားမှာ လှမ်းပေးရင်း ကိုနူးညံ့၏မျက်နှာကိုကြည့်လိုက်တော့ အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့် ကုလားမင်းသား မီသွန်းနှင့်တူသော လူငယ်တစ်ဦးကို တွေ့လိုက်ရ၏။ ကျွန်တော်ကတော့ ထိုပုဂ္ဂိုလ်ကို 'လျှပ်တစ်ပြက် မီသွန်း'ဟု အမည်ပေးလိုက်မိသည်။ သူထွက်ခွာသွားပြီးသည့်အခါမှာတော့ သမံတလင်းကြမ်းပြင်ပေါ်မှာပင် ခြေပစ်လက်ပစ်လှဲချပစ်လိုက်မိတော့၏။

ကျွန်တော်၏ နားထဲမှာတော့ 'တရားမျှတပြီး လွတ်လပ်တဲ့ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ပေးပါမယ်...

တပ်မတော်သားတွေဟာ မိဘပြည်သူတွေနဲ့ ဆက်ဆံရင် နှိမ့်ချပြီး ဆက်ဆံရမယ် ယဉ်ယဉ်ကျေးကျေးရှိရမယ်"

ဟူသော စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်စောမောင်ဆိုသူ၏ စကားသံများကိုသာ ကြားယောင်မိနေပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com





# ပါစင်နှယ်အင်တာဗျူး

"ခင်ဗျားနာမည်"

"ဓာဂနာ"

"မဟုတ်ဘူးလေ···· နာမည်ရင်းပြောတာ"

"မောင်သူရ"

"တခြားနာမည်ရှိသေးလား"

"ဟင့်အင်း"

"သူငယ်ချင်းတွေ မိတ်ဆွေတွေခေါ်တဲ့နာမည်ကော မရှိဘူးလား"

"ဒါတွေကတော့ အများကြီးပေါ့"

"ပြောပြပါဦး"

"လန်ခြားကုလား၊ ကုလားအဘိုးကြီး၊ ဦးပုညှ၊ ဓာတ်ဆရာ၊ မောင်ရစ်၊ ကတင်းပုံး၊ ရှောင်ကွန်နရီ၊ အဖေကြီး၊ ဓာတ်ဆရာ၊ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com

"တော်ပြီ၊ တော်ပြီ"

"ကျွန်တော် မပြောဘူးလား အများကြီးပါဆို"

"ကုလားအဘိုးကြီးလို့ပဲ မှတ်ထားလိုက်မယ်နော်"

"သဘောလေ"

"မိဘအမည်"

"ဦးအောင်သိန်း၊ ဒေါ်လှကြည်"

"မွေးသက္ကရာဇ်"

"၂၇-၁-၁၉၆၁"

"ပညာအရည်အချင်း"

"B.D.S (Rgn)"

"မြန်မာလိုဆိုရင်ရော"

"ဘကုံးရေးလုံးကြီးတင်ဆံခတ် ဘီ ဒွေးရေး"

"မဟုတ်ဘူးလေ မြန်မာလိုအဓိပ္ပာယ်ပြောတာ"

"သြော်......ဒါလား... သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ခေါ်တယ်ဗျ"

မဂ္ဂဇင်းစာစောင်များနှင့် အင်တာဗျူးနေခြင်းမဟုတ်ပါ။

အမှတ် ၆ တပ်မတော် ထောက်လှမ်းရေးတပ်တွင် ကျွန်တော့်အား စတင်စစ်ဆေးနေခြင်းဖြစ်သည်။ အချုပ်ခန်း အကျဉ်းလေးထဲတွင် အထုအထောင်းခံပြီး နာရီဝက်ခန့်အကြာ ဤအခန်းသို့ ရောက်ရှိလာခြင်းဖြစ်၏။ နောက်ပြန်ခတ်ထားသော လက်ထိပ်နှင့် ခေါင်းစွပ်တို့ကတော့ အရိုက်အရာ ဆက်ခံနေဆဲပင်။

"ကျွန်တော်တို့က ခင်ဗျားကို လူကြီးလူကောင်းတစ်ယောက်လို သဘောထားပါတယ်။ အဲ့သည်လိုပဲ စစ်ဆေး မေးမြန်းချင်တယ်။ ခင်ဗျားကလည်း ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ မခြွင်းမချန်ပြောစေချင်တယ်။ ဒီလိုမှ မဟုတ်ရင်တော့ ကျွန်တော်တို့ဆီမှာ ပြောလို့ရအောင် စစ်တဲ့နည်းတွေရှိပါတယ်။ ကျွန်တော်ကတော့ မလုပ်ပါဘူး။ ဒီပြင်အဖွဲ့တွေက လာလုပ်ကြလိမ့်မယ်။ ဒီတော့ဗျာ ....အဲသလိုမျိုးအဖြစ် မခံစေချင်ဘူး"

ဖျားရည်သုတ်ထားသော လုံသွားသည် ချိုမြစူးရှလှဘိ၏။





သည်နောက်မှာတော့ လက်ထိပ်နှင့် ခေါင်းစွပ်များကို ဖြုတ်ပေးပြီး ကျွန်တော်၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို စတင်မေးမြန်းပါတော့သည်။ ဘယ်ကျောင်းတက်လဲ၊ ဘယ်တုန်းက ဘွဲ့ရလဲ၊ အနုပညာနယ်ထဲ ဘယ်လိုရောက်လာလဲ၊ ရိုက်ခဲ့ဖူးတဲ့ ရုပ်ရှင်ကားတွေ ဘယ်နှစ်ကားလဲ... စသည် စသည်ပေါ့။

ဤသို့လျှင် အပြန်အလှန်မေးမြန်းဆဲမှာပင် ကင်မရာလွယ်ထားသော ယူနီဖောင်းဝတ်တစ်ဦးနှင့် အခြားနှစ်ဦး ပေါင်းသုံးဦးသည် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ဧကန္တတော့ ကျွန်တော်တို့ အင်တာဗျူး နေပုံကို မှတ်တမ်းတင်လို...ထင်။ သို့သော်ငြားလည်း ကျွန်တော်၏အထင်မှာ မှားသွားရာလေသည်။ ကျွန်တော့်အား နံရံနှင့် ကျောကိုကပ်စေ ပြီး ဘုတ်ပြားတစ်ခုတွင် "သူရ (ခ)ဇာဂနာ(ခ) ဦးအောင်သိန်း"ဟု ရေး၍ ကျွန်တော့်ရှေ့တွင် ထောင်ကာ မှတ်ပုံတင်ဓာတ်ပုံ ရိုက်သကဲ့သို့ ရှေ့တည့်တည့်မှတစ်ပုံ၊ ဘယ်ဘက်ဘေးမှတစ်ပုံ၊ ညာဘက် ဘေးမှတစ်ပုံ သုံးမျိုးသုံးပုံရိုက်ကူးခြင်းပင် ဖြစ်၏။

ဓာတ်ပုံရိုက်သည့် ကိစ္စပြီးသည့်အခါမှာတော့ စစ်ဆေးမေးမြန်းပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပပါတော့သည်။ ကျွန်တော့်အနေဖြင့် ဤအရေးအခင်းတွင် စတင်ပါဝင်လာပုံအကြောင်း တစေ့တစောင်းပင်တည့်။ ဖော့တန် တာဖော့ပြင်းတန်တာပြင်း၊ ဘယ်ပြပြီး ညာရိုက်လိုရိုက်ဖြင့် မေးလိုက်ဖြေလိုက် လုပ်လာသည်မှာ ညနေ ၆ နာရီ ခွဲကျော်ကျော်သို့ပင် ဆိုက်ရောက်လာပေပြီ။ ကျွန်တော့်အား မေးမြန်းနေကြသည့် စစ်ထောက်လှမ်းရေးအရာရှိနှင့် ရဲထောက်လှမ်းရေးအရာရှိတို့မှာလည်း မထတမ်း ၆နာရီကျော် ထိုင်နေကြသည်က တစ်ကြောင်း၊ ဆာလောင်မွတ်သိပ်လောက်ပြီဖြစ်သောကြောင့် အစီအစဉ်ကို ခေတ္တရပ်နားကာ အခန်းပြင်သို့ ထွက်သွားကြလေသည်။ ညောင်းညာခွင့်၊ မိုက်ဆာခွင့် မရှိသည့်အလား အခန်းအလယ်က ခုံတန်းလျားပေါ်မှာ တစ်ယောက်တည်း ငုတ်တုတ်ကြီးကျန်နေခဲ့တော့သည်။

သို့သော်လည်း ကယ်တင်ရှင်တစ်ဦးပေါ်လာပြန်ပါသည်။ လျှပ်တစ်ပြက်မီးသွန်းဖြစ်၏။ လက်ဖက်ရည်တစ်ခွက် ကိုင်...ဝင်လာပြီး "ထမင်းတော့ ကျွေးချင်ပါတယ်ဗျာ၊ ခွင့်မရှိလို့ပါ.... အဆာပြေ လက်ဖက်ရည်လေး သောက်ထိုက်ပါ ဆေးလိပ်သောက်ချင်ရင်လည်းရော့"ဟု ခပ်မြန်မြန် ခပ်သွက်သွက် ပေးလာရှိတာပေ၊

www.burmeseclassic.com

www.burmeseclassic.com

ကာ အခန်းပြင်သို့ ပြန်ထွက်သွားပါတော့သည်။ ကျွန်တော့်မှာတော့ လက်ဖက်ရည်လေးသောက်လိုက်၊ ဆေးလိပ်လေးဖွာလိုက်ဖြင့် မေးခဲ့ဖြေခဲ့သည်များကို ပြန်လှန်စဉ်းစားနေမိ၏။

နောက်နာရီဝက်ခန့်အကြာမှာတော့ အထက်ကပုဂ္ဂိုလ်နှစ်ဦးသည် ပြန်လည်ရောက်ရှိလာပြီး တတိယပိုင်း အစီအစဉ်ကို ဆက်လက်ဆင်နွှဲခဲ့ကြပါတော့သည်။ ဒီတစ်ခါမှာတော့ ခေါင်းစဉ်က ပြောင်းသွားပြီဖြစ်၏။ အရေးအခင်းကာလက ကျွန်တော် ပါဝင်ခဲ့သော အနေအထားလှုပ်ရှားမှု၊ အဆက်အသွယ် စသည်တို့ပင်ဖြစ်၏။ အထူးသဖြင့် မေးမြန်းသူ ပုဂ္ဂိုလ်များ၏ အသိချင်ဆုံးကိစ္စမှာ ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ဆက်သွယ်မှုအနေအထား၊ ရွှေချီးဖြူလူငယ်၊ ရဲမာန်လူငယ် စသော ရဲရဲတောက် အသေခံလူငယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုအနေ အထားတို့ပင် ဖြစ်သည်။

အဘယ်ကြောင့် ဤမျှ အရေးကြီးနေသည်ကို နောင်သောအခါကျမှ ကျွန်တော့်မှာ သိခွင့်ရခဲ့လေသည်။ ယင်းမှာ အခြားမဟုတ်။ ကျွန်တော်တို့အား ဘားလမ်းထဲတွင် ဖမ်းဆီးပြီး ထောက်လှမ်းရေးတပ်သို့ ခေါ်ဆောင်လာသောအခါ ရွှေချီးဖြူလူငယ်အဖွဲ့က ဟိုင်းလပ်ကားအဝါဖြင့် နောက်မှ ထက်ကြပ်မကွာလိုက်လာကာ ကျွန်တော်တို့အား ကယ်တင်ရန် ကြိုးစားသည်ဟုသိရ၏။ ထို့ကြောင့်ပင်လျှင် ကျွန်တော်တို့ အချုပ်ခန်းကို စောင့်ကြပ်ရန် တပ်မ ၂၂ မှ တပ်စု တစ်စုကို တာဝန်ပေးထားလေသည်။ ထိုရွှေချီးဖြူ လူငယ်အဖွဲ့တွင် M79 လောင်ချာ တစ်လက်ရှိနေသည်ဟုလည်းဆို၏။

ကျွန်တော့်မှာတော့ ကိုယ့်အတွက်လည်း သူတစ်ပါးဒုက္ခမရောက်စေ၊ ကိုယ်လည်း အန္တရာယ်ကင်းစေ မေးမြန်းသူများလည်း သူတို့လိုချင်သည်များကို တစ်ပိုင်းတစ်စ ရကြပါစေ ဟူသောသဘောပိုက်ကာ ရှဉ့်လည်းမျှော်ကသာ ပျားလည်းစွဲသာနည်းကို ကျင့်သုံး…ဖြေကြားနေရပါတော့၏။ တစ်ခါတစ်ရံမှာတော့ အရေးကြီးသည်ဟု ယူဆရသော ကိစ္စများကို အာပတ်လွတ်ရုံ သာမန်ကာလျှံကာ လျှမ်းပြောရပြီး တစ်ခါ တစ်ရံမှာတော့ အရေးမကြီးသည့်အရေးအရာများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောခြင်းဖြင့် အချိန်များကို ကုန်လွန်စေခဲ့ရသည်။

သို့ဖြင့် နောက်တစ်နေ့မနက် (၃-၁၀-၈၈) ၇ နာရီ အချိန်မှာတော့





ကျွန်တော့်အား မေးမြန်းသူများမှာ ပါးစပ်ညှောင်း၊ လက်ညှောင်း၊ ဖင်ညှောင်းသွားကြ၍ ထင်သည်။ ဆွေးနွေးပွဲအစီအစဉ်ကို ရပ်ဆိုင်းလိုက်လေတော့၏။ ကျွန်တော့်အားလည်း လက်ထိတ်ပြန်ခတ်၊ ခေါင်းစွပ်ပြန်စွပ်ကာ အချုပ်ခန်းတစ်ခုတွင်းသို့ ပို့ဆောင်လိုက်ပါတော့သည်။

သည်တစ်ခါရောက်ရသည့် အခန်းက ပထမဆုံး ကျွန်တော် အထိုးအကြိတ်ခံခဲ့ရသည့် အခန်းလောက် မသားနား။ အကျယ်အဝန်းကတော့ ၉ ပေပတ်လည် အတူတူပင်ဖြစ်။ သို့သော်ငြားလည်း ယခုအခန်းပတ်ပတ်လည်မှာ သစ်သားတန်း ဆင့်တွေ တန်းတွေ ရိုက်ထားသည် လေဝင်ပေါက်မှန်သမျှကိုလည်း ကတ်ထူစက္ကူပြားများ ဖိုင်ဘာများဖြင့် ကာရံထား၏။ ခြစားထားသဖြင့် စုတ်ပြတ်ကြေမွနေသော သစ်ချောင်းများ အမှိုက်စများကလည်း ဒုနဲ့ဒေး။ အခန်းထောင့်မှာကတော့ ထွေးခံ တစ်လုံး၊ ပြီးတော့ ပလတ်စတစ်စက ဘိုးဘိုးခေါ်ရလောက်အောင် ပါးလွှာကြဲလှီနေသည့် ဖျာကြမ်းလား ဖျာချောလား ဘာမှန်းမသိသည့် ဖျာတစ်ချပ်။ အမှိုက်တွေ စက္ကူစတွေကို သဘောလောက်ပုတ်ခတ်ရှင်းလင်းပြီး ယင်းဖျာပေါ်မှာပင် တုံးလုံးလှဲချလိုက်ရတော့သည်။ တစ်နေ့လုံး တစ်ညလုံး ငုတ်တုတ်ထိုင်ခဲ့ရသည့်ဒဏ် ၊ ထိုးကြိတ်ခံထားရသည့်ဒဏ်တွေက ကျွန်တော်၏ အရိုးများအသားများကို ကောင်းစွာတိုက်ပွဲဆင်နေပေတော့သည်။

"ရှုး ကိုစာဂနာ ရှေသောက်မလား"

မေးကာနဲ့ဖြစ်သွားလိုက် လေသံတိုးတိုးလေးဖြင့်လာခေါ်နေသည်ကို ကြားလိုက်ရသဖြင့် သံတိုင်အဝသို့ လှမ်းကြည့်လိုက်ရာ မျက်နှာပြုံးရွှိရွှိနှင့် လူတစ်ယောက် ရေနွေးကရားကြီးကိုင်၍ သံတိုင်ကြားထဲထည့် နှုတ်သီးဝနှင့်နှုတ်ခမ်းတော့ကာ ငွပ်ကာနဲ့ ငွပ်ကာနဲ့ မြို့ချပစ်လိုက်တော့သည်။

ထို ကိုပြုံးချိုပြန်သွားပြီးနောက် ခဏတဖြုတ်ပြန်လှဲဦးမည်ဟု ပြင်ဆင်ကာရှိသေး ဒုတိယအကြိမ် အင်တာဗျူးရန်လာပြန်ခေါ်သဖြင့် ကျွန်တော့်မှာ မူလအဆောင်အယောင်အတိုင်း လက်ထိပ်ခတ်ခေါင်းစွပ်စွပ်ကာ ပြန်ပါသွားရပါတော့သည်။

သည်တစ်ခါမှာတော့ခေါင်းစဉ်ကပြောင်းသွားပြန်ပြီဖြစ်၏။ မိုးကြီး(မိုးသင်း)၏



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်သော့မှုမှ ဖြစ်ပေါ်လာသော ရလဒ်ပင်။ အာဏာသိမ်းပြီးနောက်တစ်နေ့ ချီတက်ပွဲအကြောင်းဖြစ်၏။ ဘယ်လိုစသလဲ ဘယ်သူတွေပါသလဲ ဘယ်သူနိုင်းလို့လဲ ဘာကြောင့်လုပ်တာလဲ။ တဖြေးဖြေးနှင့် ကျွန်တော်တို့စကားပိုင်းသည် ဆွေးနွေးပွဲဆန်လာ၏။ တပ်မတော်အပေါ် ကျွန်တော်တို့သဘောထားကို ဗိုဗိုပြင်ပြင် တင်ပြနိုင်လာ၏။ မေးမြန်းသူများကလည်း လမ်းဖွင့်ပေးသည်။ သည်တော့လည်း အခွင့်အရေးရတုန်း ပြည့်ပြည့်ဝဝ ပြောနိုင်လိုက်၏။ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို တကယ်မျှော်ကိုးရင် အစောပိုင်းကပင် အာဏာသိမ်းသင့်ကြောင်း အခုလိုအချိန်မျိုးမှာမှ အာဏာသိမ်းခြင်းသည် ယုံကြည်စရာမဟုတ်ကြောင်း ၂၆နှစ်လုံးလုံး မ.ဆ.လ သစ္စာတော်ခံခဲ့သော တပ်ကို မည်သည့်နည်းနှင့်မျှ လက်ကိုင်တုတ်မဟုတ်ဟု မပြောနိုင်ကြောင်း တိုင်းပြည်ငြိမ်သက်စေလိုလျှင် အာဏာသိမ်းစရာမလိုသော နည်းလမ်းများစွာရှိကြောင်း၊ အာဏာသိမ်းခြင်းမှာလည်း လှည့်ဖျားမှုတစ်ရပ်ဟုသာထင်ကြောင်း၊ အာဏာဆက်ခံခြင်းဟူ၍ လက်ခံထားကြောင်း စသည်ဖြင့် ကျယ်ကျယ်ဝန်းဝန်းပင် ဆွေးနွေးမိလိုက်သည်။

ပြောကောင်းကောင်းနှင့် လေကြောရှည်မိနေသည်မှာ လေးနာရီခန့်ပင်ကြာသွားလေတော့သည်။ ဆာလောင်မွတ်သိပ်မှုသင်္ကေတဖြစ်သော ကွိကွိကွမ်ကွမ်အသံများကလည်း ဝမ်းခေါင်းတွင်းမှ ပေါ်ထွက်နေရကား ဆွေးနွေးပွဲအစီအစဉ်ကို ခေတ္တရပ်နားကာ ကျွန်တော်၏ ယာယီစံမြန်းရာ အချုပ်ခန်းသို့ ကြွလှမ်းခဲ့ရတော့၏။ သည်တစ်ခါမှာတော့ ပုံစံခွက်ဖြင့်ထည့်ထားသော ပဲဟင်းကြက်ဥကြော်တို့ဖြင့် ခြံရံထားသည့် ထမင်းပန်းကန်က ဆီးကြိုနေပေသည်။ ဆာဆာနှင့် တစ်ပန်းကန်လုံးပြောင်သွားအောင် ဝါးပစ်လိုက်မိ၏။ သည့်နောက် ဆွေးနွေးပွဲအစီအစဉ်ကို ပြန်လည်ကျင်းပရပြန်သည်။

ပြောလိုက်မေးလိုက် ငြင်းလိုက်ခုံလိုက် ယောက်လိုက်ရယ်လိုက်ဖြင့် စခန်းသွားခဲ့ကြရာ ညနေ ၆း၀၀ နာရီထိုးမှပင် စခန်းသိမ်းရတော့၏။ ကျွန်တော့်လည်း ထိုအခါမှပင် မိမိ၏ ဘူမိနက်သန်နေရာမှန်သို့ပြန်ခွင့်ရတော့သည်။ သည်တစ်ခါလည်း ထမင်းပန်းကန်က အဆင့်သင့်ကြိုနေပြန်သည်။ ဟင်းကတော့ ပြောင်းသွားပြီဖြစ်၏။ ကြက်ဥကြော်နှင့်ပဲဟင်း။

ညနေစာစားအပြီးမှာ ကျွန်တော့်နှင့်တွေ့ရသည့် ပုဂ္ဂိုလ်ကတော့ မနက်က မေးမြန်းဆွေးနွေးခဲ့သူများမဟုတ်ပါချေ။ တပ်မှူး ဗိုလ်မှူးစန်းပွင့်ဆိုသူပင်ဖြစ်သည်။





သူက တပ်မတော်၏သဘောထားကို ၂နာရီခန့်ရှင်းပြနေလေရာ သည်တစ်ခါမှာတော့ ကျွန်တော်က ရာထူးတက်ကာ နားသောတဆင်သူဖြစ်လာရတော့၏။


နားထောင်ပွဲအပြီး အခန်းပြန်ရောက်သည့်အခါမှာတော့ ပင်ပန်းနွမ်းနယ်မှုအရှိန်က တွန်းပို့နေသဖြင့် မျက်လွှာနှစ်စုံမှာ ဒိုက်စင်းလာပေတော့သည်။ သို့သော်လည်း ကျွန်တော်၏ ညာဘက်မျက်စောင်းထိုးအခန်းသို့ ကိုဌေး(စင်ပိုင်း)ကိုတွဲခေါ်လာသဖြင့် အတန်ငယ်မျက်စိကျယ်သွားရပေသည်။ ကိုဌေးကိုကြည့်ရသည်မှာ ဝမ်းလျှောပြီးစလူမမာအရက်မူးလာသည့်နယ် ပျော့ဖတ်နွမ်းရိလွန်းလှ၏။ လိုက်လံပို့ဆောင်သူများထွက်ခွာသွားပြီးမှ လေသံတိုးတိုးဖြင့် အခြေအနေကို လှမ်းမေးရသည်။ တော်တော်မခံချင်စရာကောင်းလှ၏။ ကိုဌေးကို စစ်ဆေးမေးမြန်းနေစဉ်တွင် ကားတစ်စီးရောက်လာပြီး ဗိုလ်မှူးတစ်ယောက်ဆင်းလာကြောင်း အရက်နံ့မှာလည်း တထောင်းထောင်းထနေကြောင်း ခေါင်းစွပ်စွပ်ထားရသဖြင့် ဘယ်သူဘယ်ဝါမှန်းမသိကြောင်း ထိုဗိုလ်မှူးဆိုသူက မင်းလားကွ စင်ပိုင်းဟုဆိုကာ ထိုးကြိတ်ကန်ကျောက်ကြောင်း အေးလူများပိုင်းဆွဲသဖြင့် ဤမျှလောက်သာခံရကြောင်း ပြောပြကာ ပခုံးလည်ပင်းကျောကုန်းတို့မှ ဒဏ်ရာများကို ပြလေသည်။ သာမန်ရဲဘော်လေးတစ်ယောက်က ပြုမူသည်ဟုဆိုလျှင် နားမလည်ပါးမလည်မို့ ခွင့်လွှတ်သာသေး၏။ ခုလို အရာရှိတစ်ယောက်က ဤသို့လုပ်ဆောင်သည်မှာတော့ အောက်တန်းကျလွန်း၏။ သေးနုပ်သိမ်ဖျင်းလွန်းလှပေသည်။ ကျွန်တော်တို့မှာတော့ ရင်ထဲမှာသာ ဒေါသထွက်ခွင့်ရှိသည်မဟုတ်လော။ မကျေနပ်ပါကလည်း ဘာမှမလုပ်နိုင်။ ရေကသ်တိုင်တွေကိုသာ ဝါးစားရန်ရှိတော့၏။

များမကြာမီပင် တပ်မှူးဗိုလ်မှူးစန်းပွင့်ရောက်လာပြီး ကိုဌေးအား တောင်းပန်စကားပြောလေသည်။ ကျွန်တော့်အားလည်း လေဝင်လေထွက်ကောင်းသော ဦးအောင်မြင့်မြတ်တို့အခန်းသို့ရွှေ့ပြောင်းပေးလိုက်၏။ ကျွန်တော့်မှာတော့ ဦးအောင်မြင့်မြတ်ကိုရော သူ၏အခန်းဖော်ကိုပါ စကားပြောမနေအားတော့ဘဲ ဖျာကြမ်းပေါ်မှာ ခေါင်းကပ်ရင်း အိပ်ချပစ်လိုက်လေတော့သည်။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com



# မေ့ပစ်လိုက်ပါဗျာ

မျက်စိနှစ်လုံးဖွင့်လိုက်သည်နှင့် ပတ်ဝန်းကျင်အသစ်က ကြိုဆိုနှုတ်ခွန်းဆက်နေသည်။ အုတ်နံရံတွေ၊ သံတိုင်တွေ ကြွေအင်တုံတွေ…။ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်ပါလားဟူသော အတွေး ကကပ်ပါလာသည်။ အနုလောက်ဆိုအိမ်ကလူတွေတော့ သိကုန်လောက်ပြီ။ မိမိနှင့်သက်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်လည်း အတော်ဂယက်ရိုက်လောက်ပြီ၊ မိမိတို့အား ဖမ်းဆီးစဉ်မနက်က အရိုင်းနှင့် ရွှေရောင်သည်အတူတကွရှိနေကြ၏။ အဖမ်းခံရကာနီးမှ သူတို့နှစ်ဦး အား ကွမ်းယာအဝယ် နိုင်းလိုက်မိသဖြင့် လွတ်သွားကြခြင်းပင်။ သည်သတ္တဝါနှစ်ကောင်လည်း ခုလောက်ဆို ထွက်ပဲပြေးပလား၊ တောပဲနိုလေပလား။ သင်းတို့နှစ်ယောက်က စိုးရိမ်စရာကောင်း၏။ အရိုင်းက တစ်ဦးတည်း၊ ဘာအလုပ်မှလုပ်တတ်သူမဟုတ်။ ဘာကိုမှ တိတိကျကျဆုံးဖြတ်ဆောင်ရွက်တတ်သူမဟုတ်။ အနားမှာထိန်းပေးသူမရှိလျှင် သွေးဆောင်ရာနောက်ကောက်ကောက် ပါတတ်သူဖြစ်၏။ ရွှေရောင်ကတော့ ကိုသာဆိုး။ အလုပ်တော့လုပ်သည်။ ဖင်ပေါ့သည်။ သို့တစေ ခေါင်းအေးအေးနှင့် ရင်မဆိုင်တတ်။ ဝူးဝူးဝါးဝါးနှင့် ထင်ရာလျှောက်လုပ်တတ်သည်။ အာဏာသိမ်းပြီးပြီးချင်း မန္တလေးကို တက်၍ လက်နက် အဆက်အသွယ်သွားရှာသည်။ ပြီးတော့ တွံတေးမှာ စစ်သင်တန်းပေးဖို့ အစီအစဉ်အတွက် သူပဲ လူလိုက်စုနေရ၏။ သူနှင့်အတူ ပူးတွဲလုပ်ရန် ကိုဇော်ဝိတ်ကို တွဲပေးထားရသည်။ ကိုဇော်ဝိတ်က ခေါင်းအေးသည်။ စေ့စေ့စပ်စပ်ရှိ၏။ ခု သူတို့လက်ထဲမှာ လက်ပစ်ဗုံး လေးလုံးရှိနေသည်။ ဒါသည်ပင် စိုးရိမ်မကင်း ဖြစ်စရာ။

"ဟော့…ကိုရင် နိုးပလား…ရေချိုးလိုက်ပါလား"

ဦးအောင်မြင့်မြတ်က အခန်းထောင့်မှာ ဆောင့်ကြောင့်လေးထိုင်နေရာမှ လှမ်းပြောသည်။ သူ့ကြည့်တော့ သန့်နေသည်။ ရေချိုးပြီးစမျက်နှာနှင့်ဖြစ်၏။ နှစ်ရက်လုံးလုံး ရေနှင့်မထိတွေ့ခဲ့ရဖြင့် တစ်ကိုယ်လုံး စေးထန်းထန်းဖြစ်နေသည်။

"ချိုးချင်တာပေါ့ ဦးရဲ့… ဘယ်သွားချိုးရမလဲ"

"ကိုတင်အောင် ပြန်လာရင် သွားလိုက်ပေါ့"

ပြောပြောဆိုဆို မနေ့က ရေအလှူရှင် ကိုပြုံးချိုနှင့် ကိုတင်အောင်ဆိုသူတို့ ပြန်ရောက်လာကြလေသည်။ ကျွန်တော်လည်း ရေချိုးလိုကြောင်း ပြောပြီး ကိုပြုံးချို နောက်လိုက်ခဲ့ရတော့၏။ ကျွန်တော်တို့ အချုပ်ခန်းနှင့် ခြေလှမ်းနှစ်ဆယ် ခန့်အကွာတွင် အုတ်ရေကန်ကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။ ကိုပြုံးချိုကမ်းပေးလာသော ရေလဲပုဆိုးကိုဝတ်ကာ တငွမ်းငွမ်းနေအောင်ပင် လေးငါးခြောက်ခွက်ခန့် ခေါင်းမှ လောင်းချပစ်လိုက်တော့၏။ အနည်းငယ် အေးချမ်းသွားသလို ရှိတော့မှ ဆပ်ပြာတိုက်ရင်း ပတ်ဝန်းကျင်လေ့လာရေး လုပ်ရလေသည်။

ကျွန်တော်တို့ အချုပ်ခန်းမှာ တောင်နှင့်မြောက်တန်းနေသော အချုပ်ခန်းဖြစ်၏။ သည်အုတ်ရေကန်မှာ အချုပ်ခန်းနှင့် ဗဟိုကင်းတဲအကြားတွင် ရှိနေသည်။ ကျွန်တော်တို့






သည်ကိုရောက်သည့်နေ့က သည်ကင်းတဲရှေ့မှာ ကားရပ်ပြီး သည်ကင်းတဲကို ဖြတ်ကာ အချုပ်ခန်းသို့ ခေါ်သွားတာပင်ဖြစ်ရပေမည်။ မည်သည့်သံဆူးကြိုး၊ မည်သည့်ရေအိုင်၊ မည်သည့် သစ်သားတန်း ဘာမှမရှိဘဲ ခေါင်းငုံ့နိုင်းကျော်နိုင်း လုပ်လာသည့်နေရာပင် ဖြစ်မည်။ သူတို့လှည့်ကွက်ကို ရိပ်မိသွားသော ကျွန်တော့်အား အတင်းဆွဲကာ ဝင်ထိုင်နိုင်းသည့် သစ်ပင်မှာ သည်ကုက္ကိုပင်ကြီးပင်ဖြစ်ပေလိမ့်မည်။

အချုပ်ခန်း၏ တောင်ဘက်စူးစူး ကုန်းမြင့်ထက်မှာ L ပုံသဏ္ဌာန်အဆောက်အဦ တစ်ခုရှိသည်။ ကျွန်တော်တို့ အား စစ်ဆေးမေးမြန်းသည့် ရုံးခန်းများပင်ဖြစ်ပေမည်။ အချုပ်ခန်း၏မြောက်ဘက်မှာတော့ ရေအိုင်ကြီးတစ်ခု နောက် ဟိုမှာဘက်မှာက တန်းလျားတွေ။ ဒါသည်ပင်လျှင် ကျွန်တော်မြင်ခွင့်ရသည့် နယ်နိမိတ် အကုန်ဖြစ်တော့၏။

ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်တော့ ပြင်ပပတ်ဝန်းကျင်လေ့လာရေး၏အဆက်၊ အတွင်းပတ်ဝန်းကျင်လေ့လာရေးကို ပြုလုပ်ရပြန်သည်။ တောင်မြောက်တန်းနေသော အချုပ်ခန်းတန်းလျားကို အရှေ့ခြမ်း၊ အနောက်ခြမ်း နှစ်ခြမ်း ခွဲထားသည်။ အရှေ့ခြမ်းမှာ အခန်း (၁) (၂) (၃) သုံးခန်း၊ အနောက်ခြမ်းမှာ အခန်း (၄) (၅) (၆) သုံးခန်း။ ပေါင်း ခြောက်ခန်းဖြစ်၏။ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို သုံးပေကျယ်သောလမ်းဖြင့် ပိုင်းခြားထားသည်။

သည့်နောက်မှာတော့ အခန်းတစ်ခန်းချင်းစီရှိ လူများကို လှမ်း၍စပ်စုရလေသည်။ ကျွန်တော်တို့ကို ဖမ်းသည့်နေ့ ညသန်းခေါင်လောက်မှာလည်း လူသစ်များက ထပ်မံရောက်လာသေးသည် မဟုတ်လား။ ကိုယ့်အသံလူကြားမည်လည်း စိုးသဖြင့် လူရိပ်လူခြေ အကဲခတ်ပြီးမှ အသံခပ်အုပ်အုပ်ဖြင့် 'မိုးကြီး'ဟု လှမ်းခေါ်ကြည့်လိုက်သည်။ 'ဗျို့'ဟု ပြန်ထူးသံကြားတော့ တစ်ခါဖြင့် နေရာကျပြီဟု အောက်မေ့ကာ တစ်ခန်းပြီးတစ်ခန်း လျှောက်ခေါ်ရင်း ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိများကို ကြားနာရလေတော့သည်။

တစ်ခန်းနှင့်တစ်ခန်း ဤသို့အပြန်အလှန်ပြောနေကြစဉ်မှာပင် ကျွန်တော် ပထမနေခဲ့သော ခြစားနေသည့် အခန်းအတွင်းသို့ အသက်ခြောက်ဆယ်ခန့်ရှိ ဦးကြီးတစ်ယောက်အား ခေါ်လာသည်ကို တွေ့ရလေသည်။ ထို့ကြောင့် ကျွန်တော်တို့၏ စကားဝိုင်းကို ခေတ္တရပ်နားလိုက်ရပြီး လိုက်လံပို့ဆောင်သူများ ပြန်လည်ထွက်ခွာသွားသည့်အခါကျမှပင် ကျွန်တော်၏ သမိုင်းပေးတာဝန်အရ ထိုဦးကြီးကိုပါ လှမ်း၍ စပ်စုလိုက်ရတော့သည်။ ဤသို့ဖြင့် အခန်းတိုင်းမှ လူပုဂ္ဂိုလ်အသီးသီး၏ နောက်ခံ သမိုင်းများကို သိခွင့်ရလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်းအမှတ် (၁)မှာက စပယ်ဦးပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်စိုးနှင့် မှော်ဘီမြို့နယ်မှ ကိုမိုလ်မြတို့ဖြစ်သည်။ ဦးတင်စိုးကတော့ အားပေးကူညီမှုဖြင့် ကျွန်တော်တို့နှင့်အတူ အဖမ်းခံရသူပင်။ ကိုမိုလ်မြကတော့ ယခင် ခ·လ·ရ ၁၆ မှ တပ်သားဟောင်းတစ်ဦးဖြစ်၏။ အရေးအခင်းကာလက မှော်ဘီမြို့ ရဲဘော်ဟောင်းများအဖွဲ့၏ စည်းရုံးရေးမှူးလည်း ဖြစ်သည်။ ၂/၁၀/၈၈ ည ၆ နာရီခန့်က အဖမ်းခံခဲ့ရသူဖြစ်၏။

အခန်းအမှတ် ၂ မှာက ကိုဌေး၊ ကိုအမိန်နှင့် မိုလ်ကြီးအောင်ဝင်းတို့ဖြစ်သည်။ ယင်းအခန်းသည် ကျွန်တော် ထိုးကြိတ်အရိုက်အနှက်ခံခဲ့ရသည့် အခန်းဖြစ်၏။ ကိုဌေးကတော့ ကျွန်တော်နှင့်အတူတူ ၂/က ကို ချိုးဖောက်သဖြင့် အဖမ်းခံခဲ့ရသူပင်။ ကိုအမိန်အဖြစ်ကတော့ ရယ်စရာကောင်းလှ၏။ တိုင်ကီဖူးစာဟုပင် ဆိုရချိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သည်တိုင်ကီကြောင့် သူအဖမ်းခံခဲ့ရသည်မှာ နှစ်ကြိမ်တိုင်တိုင်ရှိခဲ့လေပြီ။ ပထမအကြိမ်က မြို့တော်သန့်ရှင်းရေး အစီအစဉ်ဖြင့် လမ်းကြားထဲတွင် အမှိုက်ပစ်သော တိုင်ကီထားမှုကြောင့် ထောင်ဒဏ်တစ်လကျခံခဲ့ရသည်။ ယခုတစ်ခါ သူ၏တိုင်ကီထဲတွင် အဘယ်သူတစ်ဦးက လက်ဆော့ပြီး သမဂ္ဂစာစောင်များလာထည့်သွားသည်မသိ။ သူအဖမ်းခံလာရ ပြန်လေပြီ။ ထို့ကြောင့်ပင် ကိုအမိန်က သည် တစ်ခါ ပြန်လွှတ်ရင်တော့ သည်တိုင်ကီပိုင်းကို မီးရှို့ပစ်မည်ဟု ကြိမ်းဝါးနေ လေသည်။ ကျွန်တော်ကလည်း အားပေးလိုက်ရ၏။ မီးရှို့မှုဖြင့် နောက်တစ်ခါ ထပ်ဖမ်းခံရလိမ့်မည်ဟူ၍ပင်။

မိုလ်ကြီးအောင်ဝင်းကတော့ ပျားမွေးမြူရေးမှ ပဲခူးတိုင်းတိုင်းမှူးဖြစ်သည်။ အရေးအခင်းကာလက မှော်ဘီမြို့နယ် လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်၏။ သူ့ကိုလည်း ၂/၁၀/၈၈ ည ၈ နာရီခန့်က ဖမ်းဆီးခေါ်ဆောင်လာခြင်းပင် ဖြစ်သည်။

အခန်းအမှတ် ၃ မှာကတော့ ကျွန်တော်ရယ်၊ ဦးအောင်မြင့်မြတ်ရယ်၊ လှိုင်ကော်မှ ကိုတင်အောင်ရယ် ဖြစ်သည်။ ကျွန်တော်နှင့် ဦးအောင်မြင့်မြတ်ကတော့ အထွေအထူးပြောစရာလိုမည်မထင်ပါ။ ကိုတင်အောင်အဖြစ်ကတော့ ရင်နာ စရာပင်။ စကန်စင်စစ် သည်ပုဂ္ဂိုလ်သည် အရေးအခင်းကာလက ဘာမှလုပ်ခဲ့သူမဟုတ်။ ဒီမိုကရေစီဆိုတာလည်း စိတ်မဝင်စား။ သူစိတ်ဝင်စားသည်က မော်တော်ကားပင်ဖြစ်သည်။ လှိုင်ကော် ရန်ကုန်ပြေးဆွဲနေသော သူ့ကားမှတစ်ပါး ဘာမှအာရုံထားသူမဟုတ်။ သို့သော် ကားဆရာတို့ ထုံးစံအတိုင်း လူကြုံပါးလိုက်သော စာကို ယူမိရာမှ အဖမ်းခံခဲ့ရခြင်းပင်။ ယင်းစာက ရန်ကုန်ကျောင်းသားသမဂ္ဂမှ လှိုင်ကော်ကျောင်းသားသမဂ္ဂသို့ အကြောင်းကြားစာဖြစ်၏။ 'လက်နက်ကိုင် တောက်လှမ်းရေးလုပ်ရန်' ညွှန်ကြားစာဖြစ်သည်။ သည်စာ သူ့လက်ထဲမှာမိတော့ သူ့ခမျာ မသက်ာမှုနှင့် ဖမ်းခံခဲ့ရ ခြင်းပင်။

အခန်းအမှတ် ၄ မှာကတော့ ဦးကြီး ဦးမြတ်ကျော်ထွန်းပင်ဖြစ်သည်။ ကျွန်တော်မှလနေခဲ့သော ခြစားသည့် အခန်းမှ ဦးကြီး၏အဖြစ်ကလည်း ရယ်စရာ။ ၃/၁၀/၈၈ ည ၈ နာရီခန့်က ဦးကြီးနေထိုင်ရာ ၃၃ လမ်း တစ်လမ်းလုံး ကို မီးဖြတ်ချပြီးနောက် ဦးကြီး၏သားကို ဝင်၍ဖမ်းလေသည်။ ဦးကြီး၏သားမှာလည်း အရေးအခင်းကာလက ရဲရဲ တောက်ပါဝင်ခဲ့သူတစ်ဦး ဖြစ်၏။ သို့သော် ထိုသို့ ဝင်မဖမ်းခင်မှာပင် ဦးကြီး၏ သားမှာ ရှောင်သွားပြီးဖြစ်လေရာ ငါးမရ ရေချိုးပြန်သသောဖြင့် သားမရ အဖေကို ဖမ်းခဲ့ခြင်းပင်တည်း။

အခန်းအမှတ် ၅ ကတော့ လူမရှိ။ နောက်မှသိရသည်မှာ သည်အခန်းမှာ ယခင်က အချုပ်သားတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုတစ်ခုဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ယခုလူမထားတော့ချေ။ အခန်း ၆ မှာကတော့ မိုးကြီး၊ ကိုညီဝင်းစိန်နှင့် မှော်ဘီမှ ဦးစိုးတို့ဖြစ်လေသည်။ မိုးကြီးနှင့် ကိုညီဝင်းစိန်တို့ကတော့ ကျွန်တော်နှင့် အမှုတွဲတစ်တွဲတည်းပင်။ ဦးစိုးကတော့ မှော်ဘီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဖြစ်သည်။ အရေးအခင်းကာလက မှော်ဘီမြို့နယ် လုံခြုံရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။ သူ့ကို ၂/၁၀/၈၈ ည ၈ နာရီခန့်မှာ ဖမ်းဆီးလာခဲ့ခြင်းဖြစ်လေသည်။

×××

"ချေးကျုရာပျော်တဲ့အကောင်တွေ"

ဦးတင်စိုး၏ မှတ်ချက်ဖြစ်သည်။ သီချင်းကလေးဆိုလိုက်၊ စကားလေးပြောလိုက်၊ ကျားကစားလိုက် လုပ်နေသော ကျွန်တော်နှင့် ကိုဌေးကို အနွတ္တသညာပြုလိုက်ခြင်းပင်။ ကျွန်တော်တို့နှစ်ဦးမှာ ယမန်နေ့ည ၄/၁၀/၈၈ကစ၍ အခန်း ၄ သို့ ပြောင်းရွှေ့လာရပြီး ဦးကြီးဦးမြတ်ကျော်ထွန်းနှင့် အတူနေနေရလေသည်။ ဦးတင်စိုးက အခန်း ၂ သို့လည်းကောင်း၊ ကိုမိုလ်မြက အခန်း ၃ သို့လည်းကောင်း ပြောင်းလာကြလေပြီ။ အခန်း (၁) ကို အလွတ်ထားထား၏။ အဘယ် ကြောင့်ဆိုသော် မနေ့ညက ရုပ်ရှင်သရုပ်ဆောင် ကိုတုံကျော်ကို ဖမ်းဆီးလာပြီဖြစ်သောကြောင့်ပင်။

ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရမည်ဟူသော စကားနှင့်အညီ

www.burmeseclassic.com

ကျွန်တော်တို့နှစ်ဦးမှာ တပ်မှရဲဘော်များနှင့် အတော်လေးပေးဖြောင့်နေပြီဖြစ်သည်။ သူတို့ယူလာသော မုန့်တွေစားလိုက်၊ လက်ဖက်ရည်သောက်လိုက်၊ ဆေးလိပ် ဖွာလိုက်ဖြင့် ရုပ်ရှင်အတွေ့အကြုံတွေ၊ ဓာတ်ခုံအတွေ့အကြုံတွေ၊ ဖောက်သည်ချရင်း အပွဲ့ကျနေတော့သည်။ သူတို့ကလည်း ဒီကိုရောက်ခါစက ဖြစ်ပျက်ခဲ့သည့် ထိုးကြိတ်ရိုက်နှက်မှုများနှင့် ပတ်သက်၍ ဒေါသအလျောက်လုပ်ကိုင်မိခဲ့ခြင်း ဖြစ်ကြောင်း ယခုလိုခင်မင်သွားပြန်တော့လည်း အားနာမိကြောင်း ပြောပြီး သူတို့ အားလုံး၏ လက်သုံးစကားဖြစ်သည့် 'မေ့ပစ်လိုက်ပါဗျာ' ဟူ၍သာ ထပ်တလဲလဲ ပြောနေကြတော့သည်။ အင်းပေါ့လေ···· ကိုယ်က ခံထားရတဲ့သူဆိုတော့ မေ့ရပေမပေါ့။

သည်ကနေ့ ၅/၁၀/၈၈ ကတော့ အမှန်ကို ထူးခြားသည့်နေ့ပင်ဖြစ်ပေတော့သည်။ နောင် ကျွန်တော်တို့၏ အကျဉ်းသားဘဝတစ်လျှောက် 'ဝက်နိမိတ်' ဟု အမည်တွင်တော့မည့် အစနိဒါန်းပင် ဖြစ်လေတော့၏။

နံနက်စာစားအပြီးတွင် တာဝန်ကျတပ်ကြပ်က ဝက်သားစားသူ၊ မစားသူ စာရင်းလာကောက်လေသည်။ ညနေကျလျှင် ဝက်သားဟင်းနှင့် ကျွေးမည်ဆို၏။ သို့ဖြင့် ကျွန်တော်တို့ လူစုမှာ ပထမဆုံးစားရမည့်အသားဟင်းကို မျှော်လင့်စောင့် စားနေကြတော့သည်။ သို့သော် ကိုရွှေဝက်သား မလာမီမှာ ညနေ ၄ နာရီခန့်တွင် လက်ထိပ်နှင့် ခေါင်း စွပ်သာ ရောက်လာတော့၏။ ကျွန်တော်နှင့် ကိုဌေးက တစ်တွဲ၊ မိုးကြီးနှင့် ဦးတင်စိုးက တစ်တွဲ၊ အီးနှစ်ထောင်ကားကြီးပေါ်သို့ တက်ကာ မရမ်းကုန်းရဲစခန်းသို့ လိုက်ပါလာရလေတော့သည်။

ရဲစခန်းအတွင်းဘက် အခန်းကျဉ်းတစ်ခုတွင်းသို့ ရောက်မှ ခေါင်းစွပ်ကို ချွတ်ပေးလိုက်လေရာ ကျွန်တော်တို့ရှေ့ စားပွဲနောက်မှာဖြင့် တရားသူကြီးတစ်ဦး၊ အမှုလိုက်ရဲအုပ်တစ်ဦးတို့ကို တွေ့လိုက်ရတော့၏။ ဒီမိုကရေစီ အရေးတော်ပုံအပြီးတွင် ပထမဆုံး အကျိုးထူးခံစားရသူမှာ တရားရေးဝန်ထမ်းများပင်ဖြစ်သည်။ တချို့တည်း ခုန်ကျော် ရာထူးတိုးကာ တရားသူကြီးများဖြစ်သွားကြလေသည်။ ထို့ကြောင့်ပင်ထင်၏။ မျက်နှာမှာ တရားသူကြီးပါးမဝသေး။ ဖွတ်အတင်း ခပ်တည်တည်လုပ်နေပုံပေါ်နေသည်။

"ခင်ဗျားက ကိုမိုးဝင်း၊ ခင်ဗျားက ဦးတင်စိုး၊ ကိုဇင်ပိုင်း၊ ကိုဇာဂနာ ဟုတ်တယ်နော်" ခေါင်းညိတ်ပြလိုက်၏။

"ခင်ဗျားတို့ကို ကျောက်တံတားရဲစခန်းကနေ အရေးပေါ်စီမံမှု ၅ (ည)နဲ့ စွဲတင်တဲ့အမှုပဲ၊ အဲဒါအကျဉ်းမှုနည်းနဲ့ စစ်ဆေးဖို့ ၅/၁၀/၈၈ ကနေ ၁၈/၁၀/၈၈ အထိ





၁၄ ရက်ခွင့်ပြုတယ်၊ ဘာမရှင်းတာရှိလဲ"

ဩော်···· ဒီထက်ရှင်းတာတောင် ဒီလောက်မရှင်းနိုင်။ မေးစရာမရှိပါဟုသာ ဖြေရပေလိမ့်မည်။ အကယ်၍သာ···

"ကျွန်တော်တို့ကို ၅(ည)ဆိုပြီး ဘာလို့ ၁၄ ရက်တောင် ဖမ်းရတာလဲ" ဟူ၍သာ မေးလိုက်ခဲ့လျှင်ဖြင့် ထိုပူပူနွေးနွေး တရားသူကြီး၏ မျက်နှာသည် ဘယ်သို့ ဘယ်ပုံရှိသွားလေမည်နည်းဟု တွေးမိနေသည်။

ထိုနေ့က ထောက်လှမ်းရေး ၆ သို့ ပြန်ရောက်သည့်အခါမှာတော့ ဦးကြီး ဦးမြတ်ကျော်ထွန်းရယ်၊ ကိုညီဝင်းစိန်ရယ်၊ ကိုအမိန်ရယ်၊ ဦးအောင်မြင့်မြတ်တို့ ၄ ဦး လွှတ်မြောက်သွားကြလေတော့သည်။

×××

ဦးအောင်မြင့်မြတ်တို့ လွှတ်သွားပြီးမှ ကျွန်တော်တို့ အချုပ်ခန်းသည် ပို၍ပင် လွှတ်လပ်လာတော့၏။ တစ်နယ်တကျေးမှ ပြန်လာသော ဆွေမျိုးရင်းချာတစ်ဦးကို လာရောက်နှုတ်ဆက်နေကြသည့်နှယ် ကျွန်တော်တို့အခန်းရှေ့သည် စည်ကားလျက်။ နံနက်စာစားအပြီးတွင် ရောက်လာလေ့ရှိသော တပ်မ ၂၂ မှ ရဲဘော်များ၊ ထောက်လှမ်းရေးတပ်မှ ရဲဘော်များနှင့် တောအကြောင်း၊ တောင်အကြောင်း၊ ရုပ်ရှင်အကြောင်း၊ ဆင်ြမ့်အကြောင်း၊ ပြောလိုက် သူတို့ယူလာတာတွေ စားလိုက်ဖြင့် အဆင်ကို ပြေနေတော့သည်။ ထို့အပြင် ညနေဆိုလျှင် ငှက်ပျောသီးလေး နှစ်လုံးကိုင်၍ ရောက်လာတတ်သော တပ်ကြပ်ကြီးစိန်ရ၊ အချိန်မှန် မြင်းဖြူစီးပြန်လာသော တပ်ကြပ်ကြီး ဝိန်ရှည်၊ ဇင်မာဦးအကြောင်း တဖွဖွမေးလေ့ရှိသော တပ်ကြပ်ကြီးဝတုတ်နှင့် တွေ့ရာ လေးပါးပြောဆိုရင်းဖြင့် အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ရလေတော့သည်။

ဤသို့လျှင် ပျော်လို့မဆုံး ပြုံးလို့မဝသေးမီကာလအတွင်း၌ပင် ၈/၁၀/၈၈ ည ၆ နာရီအချိန်ခန့်မှာတော့ ကျွန်တော်တို့ လူသိုက်အားလုံးကို အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးလိုက်ပါတော့သတည်း။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com




# နှာမကရဏမင်္ဂလာ

မနေ့ညက မိုးကြီး စုံးစုံးချုပ်မှ ရောက်လာသဖြင့် ပတ်ဝန်းကျင်ကို အသေအချာမလေ့လာနိုင်အားခဲ့။ သည်နေ့မနက်မှပင် ဇေ့ဇေ့စပ်စပ်ကြည့်ရတော့သည်။ ကျွန်တော် နေထိုင်ရာအခန်းသည် ၁၆ ပေ × ၁၂ ပေ ကျယ်ဝန်းသော အခန်းဖြစ်၏။ အခန်းကို ၂ ပိုင်း ပိုင်းထားသည်။ ၁၂ ပေ ၄ ပေခန့် ကျယ်ဝန်းသော နောက်ဘက်ခြမ်းနှင့် ၁၂ ပေ ပတ်လည်ရှိ ရှေ့ဘက်ခြမ်းတို့ပင်။ နောက်ဘက်ခြမ်းမှာ ပန်း အမြင့်လောက်ရှိသည့် အုတ်ထရံ ကာရံထားသော ရေလောင်းအိမ်သာ

www.burmeseclassic.com

 www.burmeseclassic.com 

တစ်ခုနှင့် ရေဘုံဘိုင်တစ်ခုပြီးတော့ စဉ့်အိုးတစ်လုံး ရေခွက်တစ်ခွက် အထွေထွေသုံးရန် ပလတ်စတစ်ဇလုံတစ်လုံးတို့ ရှိလေသည်။ ရှေ့ဘက်ခြမ်းမှာတော့ သောက်ရေအိုး ၁ လုံး၊ ဖျာကြမ်းသုံးချပ်၊ ဝွမ်းစောင်တစ်ထည်၊ ပုံစံစောင် (ချည်စောင်) တစ်ထည်နှင့် မျက်နှာကြက်ပေါ်မှ ဝပ်လေးဆယ်အား မီးလုံးတစ်လုံးတို့သည်ကား ကျွန်တော်ပိုင်ဆိုင်သမျှ အကုန်ပင်ဖြစ်လေသည်။

သည် ၁၆ ပေ ၁၂ ပေခန်းကို သံတိုင်ကာရံထားသည့် တံခါးမကြီးတစ်ချပ် ပြတင်းပေါက်တစ်ခုအားဖြင့် အရှေ့ဘက်ရှိ မျက်နှာစာခန်းနှင့် ပိုင်းခြားထား၏။ မျက်နှာစာခန်းသည် ၁၂ ပေ ၆ ပေ ကျယ်ဝန်းပြီး သစ်သားတံခါးတစ်ချပ် တပ်ဆင်ထားသည်။ အပေါ်မှာတော့ သံဆန်ခါ အုပ်ထား၏။ သည်သစ်သားတံခါးမှ တစ်ဆင့် သာလျှင် ပြင်ပသို့ မြင်နိုင်ခွင့်ရှိသည်။ ကျောဘက်နံရံမှာ တပ်ဆင်ထားသော သံတိုင်တပ်ပြတင်းပေါက်ကတော့ အပြင်မှာဖြစ်သဖြင့် ရံခါသာခပ်လှမ်းလှမ်းသို့ ကြည့်လိုလျှင်ဖြစ်စေ၊ နေထွက်လထွက်ကို ကြည့်လိုလျှင်ဖြစ်စေ အသုံးပြုနိုင်ပေလိမ့်မည်။

ရှေ့ဘက်တံခါးမှ မျှော်ကြည့်လိုက်လျှင် မုန့်လာစိုက်ခင်းတစ်ခု၊ မြေနီလမ်းကလေး၊ ပြီးတော့ သရက်ပင်ကြီးနှစ်ပင် သဘော်၊ မယ်ဇလီပင်အုပ်၊ နောက်တော့ (နောင်အခါ စစ်ကြောရေးရုံးဟု သိလာရသည့်) တစ်ထပ်အဆောက်အဦတစ်ခု အုတ်စည်းရိုးနီနီ ဟိုမှာဘက်မှာတော့ မီးလောင်ပျက်စီးနေပြီဖြစ်သည့် ထောင်အဆောင်ကြီးတစ်ခု။ ဒါသည်ပင် ကျွန်တော် မြင်ပိုင်ခွင့်ရှိသည့် နယ်နိမိတ်အစအဆုံးဖြစ်၏။

ကျောဘက်ပြတင်းမှတစ်ဆင့် ကြည့်လိုလျှင် ဦးဆုံးပထမ အိမ်သာအုတ်ပေါင် ပေါ်သို့တက်ရ၏။ ထိုမှမျှော်လိုက်လျှင်ဖြင့် မီးလောင်ပြီးစ အဆောင်ကြီးတစ်ခု နောက် ခပ်လှမ်းလှမ်းမှာ ကုက္ကိုပင်ကြီးနှင့် တွဲဖက်ထောင်ဟု အမည်ရသည့် သီးသန့်ထောင် ကြီးတို့ကို မြင်ရလေသည်။

ညတုန်းက ပိန်ပိန်သေးသေး ထောင်မှူးလေးက ကျွန်တော့်အား စကား ပြောခွင့်မရှိကြောင်း၊ တစ်ခန်းနှင့်တစ်ခန်း လှမ်းပြီးအော်ပြော၍ မဖြစ်နိုင်ကြောင်း၊ ဝန်ထမ်းများကိုလည်း စကားမပြောရန် တင်းကျပ်စွာ တားမြစ်ကြောင်း မိန့်မှာ ကြားသွားလေရာ ကျွန်တော့်မှာ အတော်ပင်အကျပ်ရိုက်သွားတော့၏။ သောကြာ



သားဖြစ်သော မိမိအဖို့မှာ ထမင်းမစားလျှင်သာ နေနိုင်မည်။ စကားမပြောရလျှင် မနေနိုင်ဖြစ်ရကာ အကြောင်းတစ်ခုခုရမယ်ရှာပြီး ပြောနေရမှ ကျေနပ်သူဖြစ်လေရာ ဤ စည်းကမ်းချက်သည် လိုက်နာရန် အလွန်ခက်ခဲလှပေသည်။ လူသူမနီးသည့်နေရာမှာ တစ်ယောက်တည်းနေပြီး စကားလည်းမပြောရပြန်ဆိုတော့ ဘယ်လိုဟာကြီးပါလိမ့်ဟု တွေးမိနေပြန်၏။

သို့သော်လည်း မကြာမီမှာပင် ကျွန်တော့်အခန်းရှေ့ရှိ မုန့်လာစိုက်ခင်းသို့ ထောင်ကျများ အလုပ်ဆင်းလာကြလေသည်။ သည်ပုဂ္ဂိုလ်များကို စကားပြောရပေအံ့ဟု ဆုံးဖြတ်ကာ 'ရှုတ်ရှုတ်ရှုတ်' ဟူ၍တစ်နည်း 'ကစ်ကစ်ကစ်' ဟူ၍ တဖုံ "ရှီရှီရှီ" ဟူ၍ လေချွန်ကာတစ်မျိုး အမျိုးမျိုးခေါ်သော်လည်း ထိုသူတို့ကပင် နားလေး၍လား (သို့တည်းမဟုတ်) ကျွန်တော့်အသံကပင် တိုး၍လားမသိ၊ ဆက်သွယ်မရနိုင်ဖြစ်နေတော့၏။ သို့ဖြင့် သူတို့နှင့် မျက်လုံးချင်းဆုံခွင့်ရရန် ကြိုးစားရပြန်လေရာ ထိုပုဂ္ဂိုလ်များသည် ကျွန်တော့်ကိုကြည့်မိလျှင်ပင် သေဒဏ်ပေးခံရမည့်အလား မျက်မွေးထော် လော်လို့မှ မကြည့်လေတော့ရာ ကျွန်တော့်မှာ မိမိ၏အစီအစဉ်ကို လက်မြှောက်အရှုံးပေးလိုက်ရ တော့သည်။

သည်တော့ စကားပြောဖော်ရှာရပြန်တော့၏။ ဟော··· တွေ့ပါပြီကော။ အခြားတစ်ပါးတော့ ဟုတ်ပါရိုးလား။ အခန်းရှေ့မှာ အစာလာစားကြသော စာကလေး များနှင့် စီတန်းချီတက်နေကြသော ပုရွက်ဆိတ်များပင်တည်း။ ကိုယ့်ကို ပြန်ပြောသည် ဖြစ်စေ၊ ပြန်မပြောသည်ဖြစ်စေ····· အဖက်လုပ်လုပ် မလုပ်လုပ် ကိုယ့်တာဝန်အရ ပြောရမည်သာပင်။

သို့သော်လည်း ကျွန်တော့်အား မြန်မာစကားပြောမေ့မသွားစေရန် လေ့ကျင့်ပေးသူ များက အလိုအလျောက် ပေါ်လာကြပေသည်။ ပထမဆုံးရောက်လာသူများကတော့ ထောင်မှတ်ပုံတင်စာရင်း လာရောက်ရေးသွင်းသူများပင်။ လမ်းခင်းကျောက်ပြားအရွယ် မျှရှိသော စာအုပ်ထူကြီးကိုကိုင်ပြီး ဝန်ထမ်းသုံးဦးသည် မျက်နှာစာအခန်းတွင်းသို့ ဝင် ရောက်လာကြလေသည်။ သည့်နောက်မှာတော့ စာအုပ်ကြီးကို ကြမ်းပြင်ပေါ်မှာ ချခင်းရင်း အမည်၊ အဘအမည်၊ အသက် စသည်ဖြင့် တစ်ခုပြီးတစ်ခု မေးမြန်းကာ


www.burmeseclassic.com

www.burmeseclassic.com

ရေးသွင်းနေကြပါတော့သည်။ ကျွန်တော်ကတော့ စကားပြောဖော်ရပြီဟု ဝမ်းသာလုံးဆို့ပြီး လိုအပ်သည်ထက်ပင် ပို၍ဝေဝေဆာဆာကြီး အဖြေပေးနေမိတော့၏။ ပြဿနာ စတက်သည်ကတော့ 'ကိုယ်တွင်ထင်ရှားသည့် အမှတ်အသား' ဆိုသောအချက် ၌ပင် ဖြစ်လေသည်။

"ကိုဇာဂနာ ကိုယ်မှာထင်ရှားသည့် အမှတ်အသား ဘာရှိသလဲ"

"မှတ်ပုံတင်ထဲမှာတော့ မေးစေ့အောက်မှာ အမာရွတ်ရှိတယ်လို့ ပါတာပဲ၊ ခုတော့ မုတ်ဆိတ်မွေးတွေ ဖုံးနေလို့ မမြင်သာဘူးပေါ့လေ"

"ဒီပြင်ဟာကော ဘာရှိသေးသလဲ"

အပြေးအလွှားစဉ်းစားလိုက်မိ၏။ ကိုယ်လုံးပေါ်မှန်ရှိလျှင်လည်း ကောင်းသား။ ကိုယ့်ခန္ဓာကိုယ်မှာ ဘာအမှတ်အသား ရှိလို့ ရှိမှန်းမသိ ပြန်လျှင်လည်း ရှက်စရာ။ ထိုစဉ် မတ်တတ်ရပ်နေသော ဝန်ထမ်းတစ်ဦးက …

"ဒီရင်ဘတ်က မှဲ့ကို ရေးလိုက်ရင်ရတာပဲ"ဟု ဆိုလာသောအခါ…

နောက်တစ်ဦးက "ဟာ… ဒါဆို လက်မောင်းက မှဲ့က ပိုထင်ရှားတာပဲ ဒီဟာရေးမှာပေါ့"ဟု ဝင်၍အကြံပေးပြန် လေသည်။

သို့ဖြင့် အနီးပုဂ္ဂိုလ်နှစ်ဦးသည် ဒီဟာက ပိုသိသာတယ်၊ ဟိုမှဲ့က ပိုထင်ရှားတယ်၊ ဘာဖြူတယ် ညာဖြူတယ်နှင့် ငြင်းကြခုံကြပါလေတော့၏။ ကျွန်တော်လည်း မနေသာတော့ဘဲ စကားစဝင်ဖြတ်ရတော့သည်။

"ခဏဗျာ…. ကျွန်တော်တစ်ခုတော့ ပြောချင်လို့ ….၊ ထင်ရှားသည့်အမှတ်အသားဆိုတာက ကြည့်လိုက်တာနဲ့ ထင်းခနဲ မြင်နေမှမဟုတ်လား။ အခု ကျွန်တော်က အင်္ကျီချွတ်ထားတာဆိုတော့ ရင်ဘတ်တို့ လက်မောင်းတို့က မှဲ့က မြင်နေရတာ ပေါ့။ ဒါပေမဲ့ ကျွန်တော်က အမြဲတမ်း အင်္ကျီချွတ်ပြီးနေမှာမှမဟုတ်တာ။ မှဲ့ကို ရေးချင်တယ်ဆိုရင်တော့ ဒီပါးပေါ်က မှဲ့က ပိုထင်းမှာပေါ့ဟုတ်ဖူးလား"

သို့မှပင် ကိစ္စက ပြတ်သွားတော့သည်။ ကျွန်တော်၏ထောင်ဝင်မှတ်တမ်းစာအုပ်တစ်ခုမှာတော့"ကိုယ်တွင်ထင်ရှားသည့် အမှတ်အသား၊ လက်ယာပါးပေါ်တွင် မှဲ့နက်မွေးပါတစ်"ဟူ၍ ဖြစ်သွားလေတော့သည်။

×××





ဒုတိယတစ်ခါ စကားပြောလာရောက်လေ့ကျင့်ပေးသူကား နံနက်စာ စားအပြီးတွင် ကျွန်တော့်အခန်းရှေ့သို့ ရောက်လာပါသည်။ ထမင်းစားပြီး အတော်အတန် မိုက်ပြည့်သွားသဖြင့် အခန်းထဲတွင် အစာကြေလမ်းလျှောက်နေစဉ် အခန်းဝ၌ လူရိပ် တွေ့သဖြင့် မော့ကြည့်လိုက်မိရာ အပွင့်အခက်များနှင့် အလှဆင်ထားသော ယူနီဖောင်းကို ဆင်မြန်းထားသည့် လူပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရတော့၏။

ထိုပုဂ္ဂိုလ်ကြီးသည် ခင်မင်နှစ်လိုဖွယ်ရာ ပြုံးပြပြီးနောက် မျက်နှာစာခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ သူ၏နောက်မှ အခြားယူနီဖောင်းဝတ် ပုဂ္ဂိုလ်အများအပြားလည်း လိုက်ပါလာလေရာ ဤပုဂ္ဂိုလ်ကြီးသည်ကား ခေသူ တစ်ဦးမဟုတ်ပါလားဟု တွေးမိနေပါသည်။

"ဘယ်လိုလဲ ကိုဇာဂနာ….. နေထိုင်ကောင်းရဲ့လား"

"ဟုတ်ကဲ့"

"သိနေတယ်လေ… ခင်ဗျားနေကောင်းမယ်ဆိုတာ သိနေတယ်လေ"

ကျွန်တော်၏ရုပ်မြင်သံကြားမှ ပြက်လုံးကိုပြောပြီး ထိုပုဂ္ဂိုလ်ကြီးသည် တဝါးဝါးတဟားဟားဖြင့် ရယ်ပါလေတော့သည်။ အနီးအနားမှ ပုဂ္ဂိုလ်များကလည်း ဟီးဟီး ဟားဟားနှင့် ရယ်ကြလေသည်။ ကျွန်တော့်မှာတော့ ရယ်ရမလိုလို ငိုရမလိုလိုနဲ့ ဖူကြောင်ကြောင်ဖြစ်နေတော့၏။ သို့သော်လည်း မျက်နှာစာခန်းရှိ သစ်သားတံခါးကို မှီရပ်နေသော တပ်ကြပ်ကြီးကို မြင်လိုက်ရသည့်အခါမှာတော့ မရယ်ဘဲ မနေနိုင်အောင် ဖြစ်သွားရတော့သည်။

ထိုတပ်ကြပ်ကြီးသည် တောင်ငေးမြောက်ငေးလုပ်နေရာမှ သူ့အထက်အရာရှိများ ကဝါးဝါးတဟားဟားဖြင့် ရယ်နေသံကို ကြားရသည့်အခါ အိပ်မက်မှ လန့်နိုးလာသည့် လူတစ်ဦးနှယ် ကျိုးကြည့်ကြောင်ကြည့်လုပ်နေပြီးမှ ရောကောသောကောဖြင့် ဟီးဟီး ဟားဟား ထလုပ်တော့ရာ ကျွန်တော့်မှာ ထိုတပ်ကြပ်ကြီးအားကြည့်ပြီး မပြုံးဘဲဝါးလုံးကွဲရယ်မိပါတော့သည်။ သည့်နောက် ကျွန်တော့်ရှေ့မှ ပုဂ္ဂိုလ်ကြီးက စကားစပါတော့သည်။

"ကျွန်တော်က အင်းစိန်ထောင် ထောင်ပိုင်ကြီး ဦးစိန်ဌေးပါ"

www.burmeseclassic.com

www.burmeseclassic.com

ဪ… ဦးစိန်ငွေး… ဦးစိန်ငွေး။ ဘီဘီစီကပင် ထုတ်လွှင့်ရသော ထောင်ပိုင်ကြီးပါကလား။ ကျွန်တော့် စိတ်ကူးထဲမှာ မှန်းပြီးပုံဆွဲထားသော ဦးစိန်ငွေးနှင့် ကျွန်တော့်မျက်စိရှေ့မှ ဦးစိန်ငွေးသည် လားလားကြီးခြားနားနေပေသည်။ ကျွန်တော့်ရှေ့မှ ဦးစိန်ငွေးသည် အသားဖြူဖြူ ခပ်သွယ်သွယ် ငယ်စဉ်တုန်းက ကြည့်လို့ကောင်းခဲ့မည့် သဏ္ဌာန်ရှိ၏။ ရယ်လိုက်လျှင် ပေါ်လာသော သွားကျိုးလေးမှတစ်ပါး သူ၏မျက်နှာသည် ရှိရင်းစွဲအသက်ထက်ပင် နုပျိုလွန်းနေလေသည်။

"ဒီရောက်တုန်းရောက်ခိုက် ဘာမှစိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူးဗျာ… ကိုဇာဂနာတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာပဲရှိနေစေချင်တယ်"

"ဗျာ"

မြတ်စွာဘုရား။ ထောင်ဆိုတာ ကိုယ်ပိုင်အိမ်မှ မဟုတ်တာ။ အလျှုအိမ်မှ မဟုတ်တာ။ တစ်အိမ့်တစ်အိမ် ကူးလူးဆက်ဆံလည်ပတ်သလိုမျိုး ရောက်လာတာမှ မဟုတ်တာ။ ကျွန်တော်၏ အတွင်းစိတ်အပြောင်းအလဲကို ထောင်ပိုင်ကြီးသည် ရိပ်မိသွားသည်ထင်။

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ…. ခင်ဗျားတို့ကို ဖမ်းတာရော၊ လွှတ်တာရော၊ ကျွန်တော်တို့အကျဉ်းထောင်နဲ့ ဘာမှမဆိုင်ပါဘူး။ ကျွန်တော်တို့တာဝန်က ဒီမှာ ခင်ဗျားတို့ရှိနေသခိုက် တတ်နိုင်သမျှကူညီစောင့်ရှောက်ပြုစုပေးဖို့ပါပဲ။ ခင်ဗျားတို့ကို ထောင်ထဲမှာ လက်ဖျားနဲ့မှ မတို့စေရပါဘူး။ ထောင်ထဲမှာ နှိပ်စက်တယ်၊ ရိုက်နှက်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဆီမှာလည်း သားတွေသမီးတွေနဲ့ပါဗျာ။ ဒီအထဲ မုဒိမ်းကျင့်တယ်ဆိုတာက လာသေးတယ်။ လုံးဝ မဟုတ်ရပါဘူးဗျာ"

ထောင်ပိုင်ကြီးသည် ကျွန်တော့်အား ပုဏ္ဏားတိုင်လို များသဘောထားပြီးများ ရင်ဖွင့်နေသည်လား မသိ။ ကျွန်တော်ကတော့ သူပြောသမျှကိုသာ ခေါင်းညိတ်၊ ခေါင်းခါလိုက်၊ အင်းလုပ်လိုက်၊ အဲလုပ်လိုက်ဖြင့် ရေလိုက်ငါးလိုက်လုပ်နေရတော့သည်။ ထောင်ပိုင်ကြီးမှာလည်း စကားအများကြီး ပြောလိုက်ရသောကြောင့်ထင်ပါ့၊ သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း…

"ကိုဇာဂနာ လိုတာပြောပါ"ဟူ၍ မေးပါလေတော့သည်။





"အထွေအထူးတော့ မရှိပါဘူး။ စာအုပ်ကလေး ဘာလေးဖတ်ချင်လို့ ရမလားလို့"

"ကျွန်တော် တင်ပြပေးပါ့မယ်၊ တင်ပြပေးပါ့မယ်"

"နောက်ပြီးတော့ ကျွန်တော်တို့ဆီပါလာတဲ့ ပိုက်ဆံလေးတွေနဲ့ ဆေးလိပ်လေး မုန့်လေးဝယ်လို့ရမလားလို့"

"ကျွန်တော် တင်ပြပေးပါ့မယ်၊ တင်ပြပေးပါ့မယ်"

သည့်နောက်မှာတော့ ကျွန်တော့်ကို နှုတ်ဆက်ပြီး ထောင်ပိုင်ကြီးနှင့်အဖွဲ့သည် ပြန်လည်ထွက်ခွာသွားလေတော့သည်။

"ဒေါက်…ဒေါက်…ဒေါက်"

အနည်းငယ်လန့်သွား၏။ အုတ်နံရံခေါက်သံ။ အလိုက်သင့်ပင် ကျွန်တော်လည်း ပြန်ခေါက်လိုက်မိသည်။

"မောင်သူရ…ဟေ့ကောင်"

"ဗျို့ ကိုငွေး…"

"ထောင်ပိုင်ကြီး ဘာတွေပြောသွားသလဲ"

"ဒီလိုပါပဲ ဘာညာ သာရကာပေါ့"

"ဟေ့ကောင်…ထောင်မှူးတွေ အလစ်မှာဆိုရင် စကားပြောလို့ရတယ်ကွ သိလား"

"ဟုတ်လား…ဒါဆို ထောင်မှူးတွေ လစ်တာနဲ့ နံရံခေါက်အချက်ပေးလိုက်ပေါ့ ဟုတ်ပလား"

ထိုစဉ်မှာပင် ထောင်ပိုင်ကြီးကို ပြန်လိုက်ပို့ပေးသော ထောင်မှူးသည် ပြန်ဝင်လာသဖြင့် ကျွန်တော်တို့နှစ်ဦးသား စကားစဖြတ်လိုက်ရတော့၏။ ပသို့ဆိုစေ စကားပြောဖော်ရပြီဖြစ်သဖြင့် ကျွန်တော့်မှာ များစွာဝမ်းသာမိတော့သည်။

ပိုျပိုျအဆင်ပြေစေသည့် အကြောင်းများက ဖန်တီးလာပါသည်။ ညနေစာ စားအပြီး ထောင်မှူးခပ်ဝဝပုဂ္ဂိုလ်သည် စက်ဘီးကြီးနှင့် ထွက်ခွာသွားပါတော့သည်။ မရှေးမနှောင်းမှာပင် အသားဖြူဖြူဆံပင်တိုတိုနှင့် လူတစ်ဦးက ခေါင်းဆောင်ပြီး ခန့်ထမ်း



www.burmeseclassic.com

www.burmeseclassic.com

လေးငါးယောက်ခန့် ကျွန်တော့်အခန်းရှေ့သို့ ရောက်ရှိလာကြပါသည်။ ထိုအသားဖြူဖြူ ပုဂ္ဂိုလ်ကပင် ကျွန်တော့်အား ဆေးလိပ်တိုက်ပြီး မိတ်ဆက်စကားပြောလေရာ ထောင်မှူးများ ညနေထမင်းစားချိန် အိမ်ပြန်လျှင် သူတို့လွတ်လွတ်လပ်လပ်လာ၍ စကားပြောနိုင်ကြောင်း သိရှိလိုက်ရတော့သည်။

ပသို့ဆိုစေကာမူ ကျွန်တော့်အဖို့မှာတော့ ငါမြန်မာစကားမမေ့တော့ဘူးဘဲဟူ၍သာ ဝမ်းသာမိနေပါတော့သည်။

×××

ကျွန်တော်၏ မွေးရာပါဗီဇအရ စကားပြောခြင်းအမှုကို အောင်မြင်စွာပြုနိုင်ခဲ့သလို အခြားစွမ်းနိုင်ခဲ့သည့် ဝါသနာတစ်ခုကိုလည်း အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါသည်။ အခြားတော့မဟုတ်။ သူတစ်ပါးအား နာမည်ပြောင်ပေးခြင်းပင်။ ငယ်စဉ်ကတည်းကပင် ကျွန်တော်နှင့် နီးစပ်သော သူငယ်ချင်းများအား နာမည်အမျိုးမျိုးပေးခဲ့ဖူးရာ ယနေ့ထက်တိုင် ယင်းအမည်တို့သည် တွင်ကျယ်လျက်ရှိနေဆဲပင် ဖြစ်လေသည်။ ယခုလည်း ကျွန်တော့်မျက်စိရှေ့ရောက်လာသော ထောင်ဝန်ထမ်းမှန်သမျှကို နာမည်ထိုင်ပေးမိနေပါတော့၏။

ဘာပြောလိုက်ပြောလိုက် တင်ပြပေးပါ့မယ်ဟူ၍သာ ဖြေလေ့ရှိသော ထောင်ပိုင်ကြီး ဦးစိန်ငွေအား မစ္စတာတင်ပြ။

သန်းကြွယ်ကာတွန်းနှင့်တူသော ထောင်ပိုင်ဦးလှဖေအား ပရော်ဖက်ဆာတာတီး။

ထောင်ပိုင်အနောက်မှ လိုက်လေ့ရှိသော ဝဝထောင်မှူးကြီးနှင့် ပိန်ပိန်အသားညိုညိုထောင်မှူးအတွဲကို ဦးစိတ်တို နှင့် မျောက်ညို။

ပိန်ပိန်သေးသေး မျက်နှာမှုန်ကုပ်ကုပ်နှင့် စကားမပြောရဟူသော စည်းကမ်းထုတ်သွားသည့် ထောင်မှူး ဦးမြင့်စိန် ကို 'အသေးလေး'။


ဝဝတုတ်တုတ် ထောင်မှူးဦးတင်မောင်ကို 'အေဝမ်း'။ အားအားရှိတိုင်းတရားဟောနေတတ်သော ကရင် အမျိုးသား ထောင်ကြပ်ကြီးဦးငွေစိုးအား 'ဓမ္မကထိက'။ တစ်ခေါင်းလုံးဖြူဖွေးနေပြီး ညနေဆိုလျှင် ရေချိန်ကိုက်လာလေ့ရှိသော တပ်ကြပ်ကြီးဦးခင်မောင်လတ်အား 'အချိန်မှန်ဆရာဖြူ'။ အမြဲတမ်းပြုံးပြုံးရွှင်ရွှင်နှင့် သူ၏အစွယ်ပွတ်ဖွားကို ဖွဲ့ဖွဲ့နွဲ့နွဲ့ လာလာပြောပြတတ်သော တပ်ကြပ်အောင်စိုးကို 'ကျွန်တော့်ဘဝဇာတ်ကြောင်း'။ ရင်ဘတ်ဖွင့်၍ လျှောက်တတ်သော ဒုတပ်ကြပ် ရနိုင်ကြီးအား 'ဝိတ်ပေါ'။ အမြဲတမ်းသုတ်သုတ်သုတ်သုတ်နဲ့ သွားလာလှုပ်ရှားတတ်သော ရဲဘော်မျက်မှန်အား 'အီးတီ'။

ကိုမြကြီးသီချင်းအမြဲဆိုလေ့ရှိသော ရဲဘော်ယဉ်ထွေးအား 'ကိုမြကလေး'။ ကိုယ်တိုင်ဆေးလိပ်မသောက်တတ်သော်လည်း ဝယ်ဝယ်လာပြီး ကျွန်တော်တို့အား လာတိုက်လေ့ရှိသည့် ဒုတပ်ကြပ်ကိုမောင်တာအား 'အလှူရှင်'။ အမြဲတမ်း အော်ကျယ်အော်ကျယ်နဲ့ ဘယ်သူဘာပြောပြော ဟုတ်တယ်ကောင်းတယ် မိုက်တယ်မိုက်တယ်လုပ်တတ်သော ရဲဘော်စိုး မောင်အား 'ဖော်လိုမီ'။ မည်သူနဲ့မှစကားမပြောဗိုက်ကလေးရှပ်ရှပ်ပြီး လမ်းလျှောက်လေ့ရှိသည့် ရဲဘော်ခင်ဇော်အား 'ဂျယန်ဝမ်း လျှော'။ ထမင်းဟင်းအချက်ကောင်းသော ရဲဘော်နိုင်ဝင်းအား 'စားဖိုမှူး'။ ဆေးလိပ်မီးညှိပေးမှန့်ဝယ်ပေးဖြင့် လာရောက်ကူညီလေ့ရှိသော အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရထားသည့် ရဲဘော်ဇော်မင်းအောင်အား 'ဘောတံတားလေး'။ ကျွန်တော်တို့ကို ပထမဆုံး ဆေးလိပ်လာတိုက်သော၊ ပထမဆုံးစကားလာပြောသော၊ ဟင်းဖတ်ကလေးများ နိုးလာကျွေးသော ရဲဘော်မြင့်ဝင်းအောင်အား 'ဘော်ဒါကြီး' စသည်ဖြင့် အသီးသီး နာမည်ပေးလိုက်လေသည်။

ကင်ပွန်းတပ်ပွဲ အခမ်းအနားအပြီးမှာတော့ အင်းစိန်ထောင်၏ အထူးစပယ်ရှယ်အရှယ်စုံ၊ အရွက်စုံ၊ အရိုးစုံ ဟင်းချိုဖြင့် ညစ်ခံကျွေးမွေးပါလေတော့သတည်း။

◆ ◆ ◆

www.burmeseclassic.com 



# ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

လူသည် ပတ်ဝန်းကျင်ကိုလိုက်၍ ပြောင်းလဲတတ်သော သတ္တဝါထဲတွင် နံပါတ်တစ်နေရာမှာရှိတော့သည်။

ခုတော့ဖြင့် ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုယ်တော်တော်နေသားကျနေလေပြီ။ ကျွန်တော်၏ နေ့တစ်ဓူဝ လုပ်ငန်းစဉ်များမှာကား နံနက်အိပ်ရာထ ကျန်းမာရေး လေ့ကျင့်ခန်းလုပ် ရေချိုး၊ ကျားကစား မနက်စာ စားပြီးတော့ ရေအိုးပုံးနှင့် သမံတလင်းမှာ အိမ်ပုံစံဆွဲ၊ စစ်တုရင်ကစား၊ ညနေစာစား၊ ညဘက်အပေါင်းအသင်းများနှင့် အာ လူးဖုတ်....... စသည်တို့ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

တစ်စတစ်စ ရင်းနှီးလာသော ပတ်ဝန်းကျင်၏ သဘောသဘာဝကိုလည်း အတော် အတန် တီးခေါက်မိလာပြီ ဖြစ်သည်။ ကျွန်တော်တို့ ရောက်နေသော ထောင်ဝင်းသည် 'အထူးဆောင်'ဟု အမည်ရ၏။ နိုင်ငံရေးအကျဉ်းသားများ သီးသန့်ထားသောနေရာဖြစ်သည်။ စစ်တပ်နှင့် အကျဉ်းဦးစီးဌာန ပူးတွဲအုပ်ချုပ်သောနေရာဖြစ်၏။ ကျွန်တော်တို့ မတိုင်မီက သည်နေရာမှာ နောက်ဆုံးနေသွားသူများမှာ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးတို့ အဖွဲ့ပင်ဖြစ်သည်။

အထူးဆောင် ထောင်ဝင်းလေးသည် အင်းစိန်ထောင်ကြီးအတွင်းမှာ သီးခြားတည်ရှိနေသော ဝင်းငယ်လေးတစ်ခုပင်။ တောင်နှင့်မြောက်တန်းနေပြီး ဝင်ပေါက်တံခါးမှာ တောင်ဘက်ထိပ်မှာရှိသည်။ ထိုဂိတ်ပေါက်မှ ဝင်လာလျှင် ပထမဦးဆုံးတွေ့ရမည့်အရာမှာ ထုံးဖြူဖြူစေတီတစ်ဆူ၊ ပြီးတော့ စစ်ဆေးမေးမြန်းရာ စစ်ကြောရေးရုံးခန်းတို့ဖြစ်၏။ မြေနီလမ်းကလေးအတိုင်း မြောက်ဘက်သို့ ဆက်လျှောက်လာခဲ့လျှင်တော့ လမ်း၏ဘယ်ဘက်ခြမ်းတွင် စစ်ကြောရေးအုတ်တိုက်တစ်ခု ညာဘက်ခြမ်းတွင် အခန်းဆယ်ခန်းပါသော ကျွန်တော်တို့၏တန်းလျား။ မြေနီလမ်း အဆုံးမှာတော့ ထောင်ဝန်ထမ်းများ၏ ရုံးခန်းတို့ဖြစ်သည်။ ရုံးခန်းကို ဝန်းရံထားသည်များကတော့ သံပြားများဖြင့် ကာရံထားသည့် ခြံနှင့်ဝင်းနဲ့ သစ်သားအိမ်ကလေး ခြောက်လုံးဖြစ်လေသည်။ လောလောဆယ်တော့ သည်သစ်သားအိမ်ကလေးများမှာ သုံးဦးသာရှိနေသေး။ ယခင်က ထောက်လှမ်းရေးညွှန်မှူး ပါတီတွဲဘက် အထွေထွေ အတွင်းရေးမှူးဟောင်း ဗိုလ်မှူးချုပ်တင်ဦး ပြည်ထဲရေး ဝန်ကြီးဟောင်း ဦးဘိုနီ၊ အာဓနည်ကုန်းမုံးဖောက်ခွဲခဲ့သော မြောက်ကိုရီးယားမှ လက်တစ်ဖက်ပြတ် ကင်မင်ချူးတို့ပင်ဖြစ်လေသည်။

ကျွန်တော်တို့ အုတ်တန်းလျားမှာတော့ ဆယ်ခန်းအပြည့် မရှိ။ ကိုးယောက်သာရှိသည်။ အခန်းအမှတ် ၁ မှာက ရမည်းသင်းမှ သဝိတ်ခေါင်းဆောင်၊ တောင်ဥက္ကလာပမှ ဦးရိုန်မော်ဖြစ်သည်။ သူ့ကိုထောက်လှမ်းရေး အမှတ် (၇) မှ ပို့လိုက်ခြင်းဖြစ်သည်။ ကျန်အခန်းများကတော့ ထောက်လှမ်းရေး ၆ မှ ရောက်လာကြသော ကျွန်တော်တို့ လူစုပင်ဖြစ် တော့၏။ အခန်း ၂ မှာ ဗိုလ်ကြီးအောင်ဝင်း၊ ၃ မှာ ဦးတင်စိုး၊ ၄ မှာ ကို တင်အောင်၊ ၅ မှာ ကိုဗိုလ်မြ၊ ၆ မှာ ကိုဌေး၊ ၇ မှာ ကျွန်တော်၊ ၈ မှာ ဦးစိုး၊ ၉ မှာ မိုးကြီးတို့ ဖြစ်လေသည်။

ကျွန်တော်တို့ အုတ်တန်းလျား ရှေ့နှင့်နောက်တွင် မုန်လာစိုက်ခင်းများ၊






ချဉ်ပေါင်ခင်းများ ရှိလေရာ ယင်းအခင်းများ၌ အလုပ်လာလုပ်ကြသော (ထောင်စီ အခေါ် ဘောက်ဆင်းကြသော) ထောင်ကျများမှာ နံနက် ၈ နာရီခန့် ဆိုလျှင် ရောက်လာတတ်လေသည်။ ကျွန်တော်တို့အခန်းနှင့် ခဲတစ်ပစ်အကွာလောက်ထိ နီးနီးနားနား လာအလုပ်လုပ်ရသည့်အခါမျိုးတွင် ကျွန်တော်တို့နှင့် အတွင်းအပြင် လှမ်းဆက်သွယ်မှာကြောက်သောကြောင့် မျက်နှာစာခန်းမှ သစ်သားတံခါးကို ပိတ်ထားလေသည်။ သည်သစ်သားတံခါးထားရသည့် ရည်ရွယ်ချက်မှာ အပြင်ဘက်၌ ပြုလုပ်သည့်ကိစ္စများကို မမြင်မတွေ့စေရန် အပြင်နှင့်အထဲ အဆက်အသွယ်မပြုလုပ်ကြစေရန်ပင်ဖြစ်သည်။

ကျွန်တော့်မှာတော့ တစ်နေ့တစ်နေ့ အလုပ်မရှိ၊ လူရေချိုးပဲလုပ်နေရသည်။ ရေက တစ်နေ့ သုံးခါလာသည်ဆိုတော့ ဖောဖောသီသီကြီးပင် သုံးစွဲနေနိုင်၏။ ဆပ်ပြာကတော့ မရှိ။ အဝတ်အစားအပိုကလည်း မပါ။ ဖမ်းကတည်းက အဝတ်တစ်ထည် ကိုယ်တစ်ခုမဟုတ်လား။ သည်တော့ ရေချိုးလျှင် ကိုယ်လုံးတီး။ တစ်ခါတစ်ရံ ပုဆိုးလေး အင်္ကျီလေး လျှော်ထားလျှင် ပုံစံဆောင် ပတ်၍နေရ၏။ ကြာတော့လည်း ထောင်မှူးများက အမြင်မတော်၍ထင့်။

ထောင်ကျများမှသာ ဝတ်ရသော အပေါ်အောက် အဖြူဝမ်းဆက်ကို လာပေးလေသည်။ ဆပ်ပြာမရှိသဖြင့် အဝတ်လျှော်လျှင်လည်း ရေနှင့်လျှော်ရသည်။ ထမင်းစားပြီးလျှင် ဆပ်ပြာနှင့် မဆေးနိုင်သဖြင့် နံရံမှ ထုံးများကို လက်နှင့် လျှောက်ပွတ်ရ၏။

× × ×

BURMESE CLASSIC

သို့ဖြင့် ကျွန်တော်သည် ပတ်ဝန်းကျင်ပုံစံခွက်တွင်း၌ အတော်ပင် အံဝင်ခွင်ကျဖြစ်နေသော်ငြား ကျွန်တော်နှင့် လုံးဝစိမ်းကားနေသည့် အရာမှာကား ညနေစာ ဟင်းပင်ဖြစ်လေသည်။ မနက်ခင်းကျွေးသော ပဲဟင်းက ဘာပြောပြောအဆင်ပြေသေးသည်။ စားလို့သောက်လို့ရသေး၏။ ညနေစာဟင်းကတော့ မည်သို့မည်နှယ် နာမည်တပ်ရမည်မှန်းပင် မသိ။ အရွက်ပေါင်းစုံ၊ အနွယ်ပေါင်းစုံ၊ အကိုင်းပေါင်းစုံ၊ အမြစ်ပေါင်းစုံ၊ အို… သစ်ပင်၏ အစိတ်အပိုင်းပေါင်းစုံပါသည်။ အင်းစိန်ထောင်ပတ်ဝန်းကျင်တွင် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းရေးလုပ်နေသည်ဟုထင်ရသည်။ တစ်ခါတစ်ရံ မြက်များပင်ပါလာသည်။ ထူးထူးခြားခြား ဝါးမရသော အရွက်များက ရှိသေးသည်။ ဟင်းရည်သာဆိုရသည်။ သောက်ချလိုက်လျှင် သည်းခြေ တစ်ဆို့နေသည်။ ထို့ကြောင့်ပင် ယင်းဟင်းကို 'တုတ်ဟင်း' ဟု အမည်ပေးလိုက်မိ၏။


www.burmeseclassic.com

www.burmeseclassic.com

သည်ဟင်း၏ကျေးဇူးကြောင့်ပင် ကျွန်တော်တို့မှာ မနက်စာတစ်နပ်နဲ့ ကိုစွ ပြတ်ရတော့သည်။ ညနေစာဆိုလျှင် ရေနှင့် ဆားဖြူး၍သာ အုပ်ရတော့သည်။ ညဆိုလျှင် တဝ္ဝ္ဝိမြည်၍ ဗိုက်သူပုန်ထမှုကို ရေဖြင့်သာ နှိမ်နင်းနေရတော့၏။ ဘော်ဒါကြီး ယူလာပေးသော ဝက်သားဖတ်ကလေးများ၊ ငါးခြောက်တုံးကလေးများကြောင့်သာ တစ်ခါတစ်ရံအနည်းငယ် စားလို့ဖြစ်လေသည်။

ဤသို့လျှင် ပဲဟင်းနှင့် တုတ်ဟင်းနှစ်မျိုးထဲကိုသာ အဓိက အာဟာရအဖြစ် မှီတင်းနေထိုင်နေသည့်ကြားမှပင် ထောင်ရောက်ပြီး ငါးရက်အကြာမှာ ဝမ်းလျှော ပါလေတော့သည်။ ငါးကြိမ်တိုင်တိုင် အောင်မြင်စွာ ဝမ်းသွားပြီးသည့်အခါမှာတော့ ဘော်ဒါကြီးဆီမှတစ်ဆင့် ထောင်မှူးအသေးလေးဆီသို့ အကြောင်းကြားလိုက်ရ၏။ မကြာမီပင် လည်ကုပ်ပေါ် နားကြပ် ခွတင်ထားသော ရေချိုးထားပြီးစ မျက်နှာနှင့် ဆရာဝန်တစ်ဦး (နောင်အခါ ဒေါက်တာစိုးကြည် ဟု သိရ၏) ရောက်လာပြီး စမ်းသပ် စစ်ဆေးကာ လိုအပ်သောဆေးများနှင့်အတူ Hospital Diet ခေါ် ဆေးရုံစာ ပေး၍ ညွှန်ကြားနဲ့လေသည်။

အင်းစိန်ထောင်မှာကတော့ ဆေးရုံစာသည် အဆင့်အမြင့်ဆုံးအစာပင်။ မနက် ဆိုလျှင် ကြက်ဥတစ်လုံး၊ ညနေ ကြက်စွပ်ပြုတ်တစ်ခွက်၊ အသားဟင်းတစ်ပုံစံ၊ နှစ်ရက် တစ်ခါ ပေါင်မုန့်တစ်လုံး၊ နွားနို့တစ်ပုလင်း ဖြစ်လေသည်။ သည်တော့လည်း ထောင်ဝဲမှာ အများမက်သည်မှာ မဆန်းချေ။ ဤသို့ဖြင့် ထောင်သို့ရောက်ပြီး ခြောက်ရက်မြောက်သော နေ့မှစ၍ ကျွန်တော့်မှာ စားကောင်းသောက်ဖွယ်များဖြင့် စမတ်ပွမ်နေချိန် ကျွန်တော်၏ မိတ်ဆွေများကတော့ စိတ်ဓာတ် ဗုန်းဗုန်းလဲနေလေတော့သည်။ စိတ်ဓာတ်ကျပုံများ ကတော့ တစ်ယောက်နှင့်တစ်ယောက် မတူခြားနားလှပေ၏။

မိုးကြီးက တရုတ်ဓာတ်ကားနှင့်တူသည်။ အူး …အား… အီး အော်ကာ နံရံ ကို ခြေထောက်နှင့် ကန်၊ လက်ဝါးနှင့်ရိုက် (လက်သီးနှင့်ထိုးလျှင် ကျိုးမည်စိုး၍ဖြစ်) ခေါင်းနှင့်တိုက်၊ (စောင်နှစ်ထပ်ခံ၍ တိုက်၏) ကာ ဖွင့်ထုတ်နေလေ၏။

ဦးစိုးကတော့ လူကြီးပီပီ သိပ်တော့ မညည်း။ သို့သော်လည်း “ဒီလောက်ခပါ၊ လုံးများတဲ့ဆန် ဘယ်ဆိုင်က ရောင်းတာလဲ ထမင်းစားရတာက ၅ မိနစ်၊ စပါးလုံးကို ဖယ်ရတာက တစ်နာရီ၊ ပဲဟင်းလား…. ပဲပြုတ်လား….. စားဖိုဆောင်မှာ ဆားကုန်နေ လေသလား”

ကိုငွေးကတော့ တစ်မျိုး “အိမ်သတိရနာ”ဖြစ်၏။ “ငါ့အဖေက ငါ့ကို နုထက်ထိ ကလေးလေးလိုပဲ ဆက်ဆံတာကွ၊ ပေါင်ပေါ်တင် ထိုင်နိုင်းတုန်းပဲ။ တို့ မိသားစုက ဘယ်သူနဲ့မှတူတာမဟုတ်ဘူး။ မိဘနဲ့ သားသမီး သိပ်ချစ်တာ”ဟု တဖွဖွ ပြောလေ့ရှိသည်။ သူ့မိသားစုမှတစ်ပါး ကျန်သည့်မိသားစုများမှာ ဒုလ္လဘ မဲပေါက်၍ ရလာသည်ဟူ၍များ သဘောထားသလားမသိ။ ကျွန်တော်ကတော့ သူ့ကို “သောက တောင်တန်း”ဟု အမည်ပေးပစ်လိုက်သည်။

ကိုဗိုလ်မြ။ `သူကတော့ ကြောင်အိုကြီးတစ်ကောင်လို ချောင်နိုပြီးထိုင်ကာ သတ်သေချင်တယ်၊ သတ်သေလိုက်တော့မယ်ဟူ၍သာ အော်နေတော့သည်။ ရံဖန် ရံခါလည်း “သားရေ နေပူထဲမဆော့နဲ့။ သမီး….. မောင်လေးကို လက်ဆွဲခေါ်နဲ့လေ ကားလမ်းမဖြတ်နဲ့ဟဲ့”ဟူ၍ တစ်ယောက်တည်း ကလေးထိန်းနေတတ်ပါသေးသည်။

ကိုတင်အောင်ကတော့ ဘာမျှမပြော၊ ဘာသံမှမထွက်၊ ဖျာပေါ်တုံးလုံးကြီးလှဲကာ လူမမာကြီးတစ်ယောက်လို ခွေနေတော့၏။

ဦးတင်စိုး။ အထိမခံရှေ့ပန်းကန်ဖြစ်သည်။ “ဘယ်တော့လောက်လွှတ်မယ် ထင်သလဲ”ဟု သူက မေးတိုင်း “ကျွန်တော်က အနည်းဆုံး ၆ လ၊ အများဆုံး ၃ နှစ်ပေါ့”ဟု ဖြေသောအခါ ရှူးရှူးရှားရှားထဖြစ်ပြီး “ဘာကိစ္စကြောင့် ဒါလောက် ကြာရမှာလဲ။ တော်ပြီ…… မင်းတို့နဲ့ စကားမပြောဘူး” ဘာဘူးညာဘူးလုပ်ကာ သံ တိုင်ကြီးကိုင်ပြီး ထိုင်ငိုနေပါတော့သည်။

သည်ပုဂ္ဂိုလ်တွေ သည်အဖြစ်တွေကို မြင်လာရတော့လည်း စိတ်ဓာတ်ကျနည်း ကျပုံအမျိုးစုံဟူ၍ ခေါင်းစဉ်တပ်ကာ ရေးထုတ်လိုစိတ်ပင်ဖြစ်လာတော့၏။ သို့သော်လည်း အားလုံး၏ အာရုံကို အပြောင်းအလဲဖြစ်သွားစေသောအရာက ပေါ်ပေါက်လာတော့သည်။ ကိုရှိန်မော်၏စနက်ဖြစ်၏။ အားလုံး၏ မွေးသက္ကရာဇ်ကို တောင်းကာ ဗေဒင်တွက်ပြီး ‘၂၁-၁၀-၈၈’ နောက်ဆုံးထားပြီးလွှတ်မည်ဟု ဟောလိုက်လေရာ စိတ်လက်ရွှင် လန်းသွားကြလေတော့သည်။ နောက်ဆက်တွဲက ရတနာသုံးပါး ဆည်းကပ်ပါ၊ ဂုဏ်တော်ကိုးပါး ၁၀၈ ခေါက် ရွတ်ဆိုပါဟူ၍ ပါလာလေရာ ထိုနေ့ ထိုအချိန်မှစ၍ ကျွန်တော်တို့၏ တန်းလျားတစ်ခုလုံးသည် ‘အသံမစဲပဋ္ဌာန်း’ ရွတ်ပွဲကျင်းပကြသည့်နှယ် ရွတ်ဖတ်သရဇ္ဈာယ်သံများဖြင့် စည်ကားသွားလေတော့သတည်း။


◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com




# ယတြာချေတာပါ

လရောင်သည် မြေနီလမ်းကလေးမှာ ပြေးဆော့
နေလေသည်။ ဖြည်းဖြည်းညင်းညင်း သွားလာတတ်သော
လေနုအေးသည် တို့ထိကျီစယ်ခြင်းအမှု၌ ပျော်မွေ့နေပုံရ

www.burmeseclassic.com

www.burmeseclassic.com


၏။ တစ်ချက်တစ်ချက်တွင် စူးရှနာကြည်းစွာ အော်မြည်ငိုညည်းတတ်သော လင်ကောင်ပိုး၏အသံကို ကြားရလေသည်။ ပျင်းရိချည့်နဲ့စွာ ခုတ်မောင်းနေသည့် ရထားသံသည် သဲ့သဲ့မျှသာ။

အခုတော့ဖြင့် ကျွန်တော်တို့ ထောင်ဝန်းတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လှန်းနေပြန်သည်။ ယခင်ယခင် ရက်များက ဘုရားစာရွတ်ဆို အော်ဟစ်နေကြသော်ငြား ယခုတော့ ဝိဘိသက်ငြိမ်၊ ၂၁ ရက်နေ့ နောက်ဆုံးထား၍ လွှတ်မည်ဟူသော ကိုရိုန်မော်၏ ယောစာတမ်းကြောင့် မျှော်လင့်ခြင်းများစွာဖြင့် စောင့်စားနေကြသည်ထင့်။ ၂၁ ရက်ကို ကျော်လွန်၍ ယခုလပြည့်နေ့ သီတင်းကျွတ် (၂၅.၁၀.၈၈) ရောက်လာသော်လည်း မည်သည့်ထူးခြားမှုမျှ အရိပ်အယောင် ပင် မမြင်ရသဖြင့် စိတ်ဓာတ်ဆင်းရဲကုန်ကြခြင်း ဖြစ်ပေသည်။

အကယ်တမ္ဘ စဉ်းစားကြည့်လျှင်ဖြင့် ရယ်စရာကြီး။ ဘယ်သူက ဘယ်တာဝန်ရှိ ပုဂ္ဂိုလ်က လွှတ်မည်ဟု အနိုင်အမာ ပြောပါသနည်း။ ၂၁ ရက်လွှတ်မည်ဆိုသည်က လွှတ်ချင်သော မိမိ၏ဆန္ဒ။ သည်ဆန္ဒအပေါ်မှာ အခြေခံပြီး မျှော်လင့်ချက်က ဖြစ်လာရသည် မဟုတ်လော။ 'ချင်' ဆိုသည့် 'ဆန္ဒ'ကို ဖြုတ်နိုင်လျှင် မျှော်လင့်ချက် မရှိနိုင်။ ဤသို့ဆိုလျှင် စိတ်ချမ်းသာပေလိမ့်မည်။ ဟိုနေ့လွှတ်နိုး၊ သည်နေ့လွှတ်နိုး၊ ထိုင်မျှော်နေခြင်းက ကိုယ့်ကိုယ်ကိုယ် ညှင်းဆဲရာရောက်၏။ ရောက်သည့်အရပ်မှာ တတ်နိုင်သမျှ ပျော်အောင်နေရပေလိမ့်မည်။ ဘုရားထိုင်ရှိနိုးလို့လည်း လွှတ်လာမှာမဟုတ်။ ထိုင်ဆဲနေလို့လည်း ဘယ်သူကမှ လွှတ်ပေးမှာမဟုတ်ချေ။

ဤသို့ဤနှယ် စိတ်ဓာတ်ကြီးတွေကျ စကားမပြောဘဲ တုံးလုံးလှဲသူလှဲ၊ အိပ်သူအိပ်၊ ငုတ်တုတ်ထိုင်သူထိုင်၊ သံတိုင်ကိုင်ပြီး ငိုသူငို၊ လုပ်နေကြလျှင် ဘေးလူတွေကမြင်တော့ မည်မျှအထင်သေးကြမည်နည်း။ နိုင်ငံရေးပုဒ်မဖြင့် အဖမ်းခံနေရသူတွေဆိုပြီး အထင်ကြီးတစ်ခွဲသားဖြင့် ဆက်ဆံနေကြသူများရှေ့ မည်မျှရှက်စရာကောင်းပါသနည်း။

သည်အရေးခင်းမှာ စတင်ပါဝင်စကပင် ဘယ်သူကမှ သွေးဆောင်လို့ ဖြာ... ယောင်းလို့မှမဟုတ်၊ ကိုယ်ကိုယ်တိုင် ယုံကြည်ချက်၊ ခံယူချက်ပြင်းပြစွာ ဝင်ရောက်ဆင်နွှဲခဲ့သည်သာ....။ တစ်ပါတီအာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးကို ဦးတည်ရင်းမှ စစ်အာဏာရှင်လက်အောက်သို့ ရောက်ခဲ့ရသည့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်-တတ်နိုင်သည့်ဝန်ကို ဝင်ထမ်းကြရခြင်း ဖြစ်သည်။ သူများယောင်လို့ လိုက်ယောင်ခဲ့တာလည်းမဟုတ်။ ယောယိမ်းလိုက် ဘသားယိမ်းလိုက်လုပ်ခဲ့တာလည်း မဟုတ်ချေ။

ကိုယ့်ရှေ့မှာ ကိုယ့်ထက်အသက်တစ်ဝက်လောက်ငယ်သော ကလေးတွေ ပစ်သတ်ခံရတာလည်း တွေ့ဖူးပြီ။ ခြေ၊ လက်ပြတ်ပြီး ဘဝဆုံးရှုံးခဲ့ရသူများကိုလည်း မြင်ဖူးပြီ။ ဘယ်ရောက်လို့ ဘယ်ပေါက်ကြမှန်းမသိ မိသားစုနှင့် ပြန်တွေ့ရပါ့မလား မသိရသည့် တောထဲတောင်ထဲ ရောက်သွားရရှာသော လူငယ်ပေါင်းများစွာလည်း ရှိကြပေသည်။ သည်လူတွေ သည်ရဲဘော်တွေနှင့်စာလျှင် မိမိတို့အဖြစ်က တော်ပေသေး၏။ တစ်နေ့ အပြင်ပြန်ရောက်လျှင် ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်းနှင့် တွေ့ရမည်မှာ ကေန်မုချ။ တံခါးပေါက်မှန်လျှင် အဝင်ရှိသလို အထွက်ရှိရပေမည် မဟုတ်တုံလော။

နက်ဖြန်မနက် မိုးသောက်လျှင်ဖြင့် သည်အတွေး၊ သည်အမြင်တွေကို အခန်းနီးနားချင်းများကို ဖြန့်ဝေပေးရပေဦးမည်။

×××

ပုံစံစောင်အဖြူကို အကျအနဖြန့်ခင်းလိုက်သည်။ ပြီးမှဖမ်းဆီးရမိသမျှ ခြင်တွေကို တစ်ကောင်စီ တစ်ကောင်စီ ညီညီညာညာ စီတန်းထားလိုက်၏။ အတန်းတစ်တန်းလျှင် ၁၅ ကောင်နှုန်းဖြင့် လေးတန်း အကောင် ၆၀။ အစွန်းထွက်နှင့် ပေါင်းလိုက်တော့ ၆၃ ကောင် သတ်မှတ်ထားသော လျာထားချက်နှင့် ပြည့်မီရန် ၁၇ ကောင် လိုနေပေသေးသည်။

ထို့ကြောင့် ကျွန်တော်၏ ခြင်အော်ပရေရှင်းကို ဆက်လက်ဆင်နွှဲရန် ပြင်ဆင်ရပြန်၏။ ကိုဌေးဘက်နံရံကိုသာ ဦးတည်၍ လုပ်ရပေမည်။ ဥက္ကဋ္ဌကြီး (ဦးစိုး)၏ နံရံဘက်သို့ ရိုက်လားနက်လား လုပ်လျှင် ဘုရားရှိခိုး၊ ပုတီးစိပ်တာ အနှောင့်အယှက်ဖြစ်သည်ဟုဆိုကာ အဆဲအဆိုခံရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

သည်ခြင်တွေ တော်တော်အုံသြစရာကောင်း၏။ ရောက်ခါစ ပထမညက ခြင်နှင့်တူတာဆိုလို့ ဖြုတ်တောင် မတွေ့ရ။ တယ်ဟုတ်ပါလား အဆင်ပြေပါလားဟု သဘောပိုက်၍ ဆောင်မချဲ့ဘဲ အင်္ကျီ 'ကိုယ်တုံးလုံးချွတ် ထပ်ပြီးခေါက်၊ ခေါင်းအုံးလုပ်ကာ အိပ်-စက်ခဲ့ရ၏။ နောက်တစ်နေ့ညမှာတော့ ဘယ်ကဘယ်လို သတင်းရသွားသည်မသိ။ တစ်ကောင်ပြီး တစ်ကောင် အုပ်စုဖွဲ့ရောက်လာကာ ကျွန်တော့်အား ဝိုင်းဝန်းအနိုင်ကျင့်ကြပါတော့သည်။ ခြင်ဆိုသည့် သတ္တဝါသည် တော်တော်အမြင်ကတ်စရာကောင်းလှ၏။ ကိုက်စရာရှိ ကိုက်လိုက်သည်က တော်သေးသည်။ ခုတော့ သည်လိုမဟုတ်။ နားနားကပ်၍ တဝီဝီ တရှီရှီအသံပေးနေသေး၏။ ကျွန်တော့်မှာတော့ ဆောင်ခေါင်းမြီးခြုံလည်း မရ၊ အင်္ကျီချွတ်ပြီး ခါထုတ်လည်း မရဖြင့် တစ်ညလုံးငုတ်တုတ်ထိုင်နေရတော့သည်။

မနက်မိုးလင်းသည့်အခါမှာတော့ ထိုမကောင်းဆိုးဝါးခြင်များ အနားယူချိန်ဖြစ်သဖြင့် လိုက်လံနှိမ်နင်းရေးကိစ္စကို အရှိန်အဟုန် တိုးမြှင့်၍ ဆောင်ရွက်ရပေတော့သည်။ ဤသို့ ညဆို သွေးလှူလိုက်၊ မနက်ဆို နှိမ်နင်းလိုက် လုပ်နေသည့်ကြားမှပင် သည်ခြင်သည် မျိုးမပြုတ်နိုင်သဖြင့် အံ့သြကုန်နိုင်ဖွယ် ဖြစ်ရလေသည်။ တစ်နေ့တစ်နေ့ ဖမ်းမိသည့် အရေအတွက်ကလည်း နည်းသည်မဟုတ်။ ပျမ်းမျှအကောင် ၈၀ ရှိသည်။

တစ်ရက်ပြီးတစ်ရက် ရိုက်ရင်း ဖမ်းရင်းဖြင့် အတန်ငယ်ကြာလာတော့ ခြင်တွေကို ဂရုတစိုက်ကြည့်မိလာသည်။ ထိုအခါကျမှပင် တစ်ကောင်နှင့် တစ်ကောင်မတူ ခြားနားကွဲပြားနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတော့၏။ ခြင်မျိုးပေါင်းကား စုံလှပေ၏။ မည်သည့်သတ္တဗေဒ၊ ပညာရှင်များက မည်သို့အမည်နာမ မှည့်ခေါ်ထားလေသည်မသိ။ ကျွန်တော်ကတော့ ကိုယ့်သဘောနှင့်ကိုယ် အမွှတ္တသညာပြုလိုက်တော့သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အမြဲတစေ တွေ့နေရသည့် ပါးပါးလျားလျားခြစ်ကလေးများကို 'အိမ်ခြင်'၊ ကိုယ်လုံးတုတ်တုတ် မည်းမည်းနက်နက် ခြင်များကို 'ခြင်ကြမ်းပိုး'၊ ဘယ်လောက်ရိုက်ထုတ်ထုတ်၊ ခါထုတ်ထုတ် နောက်မဆုတ်ဘဲ ဖွတ်အတင်းဝင်တိုးသည့် ခြင်ပေါက်စနလေးများကို 'ခြင်ကွန်မန်ဒို'၊ 'ခြင်ကြမ်းပိုး'နှင့်အရွယ်တူပြီး အရောင် နည်းနည်းဖျော့ကာ နှာမောင်းထိပ်တွင် ပန်းပွားသဏ္ဍာန် နှစ်ခုပါသော ခြင်ကြီးကို 'ခြင်ဂျင်ကလိ' စသည် စသည်ဖြင့် တော်တည့်ရာ အမည်ပေးထားမိ၏။ အကယ်၍များ ခြင်သုတေသနလုပ်ငန်း လုပ်လိုသည့် ပညာရှင်များရှိပါက ဤအခန်းသို့ 'တစ်လကိုးသီတင်း' လာရောက်နေထိုင်ကာ လေ့လာသင့်လှပေသည်ဟု တွေးမိနေလေသည်။

×××

ဘာပဲဖြစ်ဖြစ် မိုးကြီးကို ကျေးဇူးတင်ရပေလိမ့်မည်။ အချိန်အတော်ကြာသံပတ်ရစ်သွားသော ကျွန်တော်တို့ တန်းလျားကို ပြန်လည်သက်ဝင်လှုပ်ရှားစေသူမှာ တစ်တရားခံ မိုးကြီးပင်ဖြစ်သည်။

"မိုးကြီး ဖိနပ်ပြုတ်လို့တဲ့"

ဒါအဆန်းလား။ ဖိနပ်ပဲ ပြုတ်မှာပေါ့။

"ခေါင်က ပြုတ်တာတဲ့… ဖိနပ်က စနေနံ၊ ခေါင်ကပြုတ်တာဆိုတော့…ကန် မုချ ဒီလမကုန်ခင် အားလုံးလွတ်ကြတော့မယ်"

'မြတ်ချာဖျား'။ လုပ်ပြန်ပါပကော။ ကိုယ်က မဖြစ်နိုင်ပါဘူးဗျာလို့ ဝင်ပြောလိုက်လျှင် ကန့်လန့်လုပ်သည်ဆိုကာ အဆဲအဆို ခံရပေဦးမည်။ တစ်နေ့ကလည်း မိုးကြီးနှင့်ဗိုလ်ကြီးအောင်ဝင်း အခန်းချင်းပြောင်းရစဥ်တုန်းကလည်း ဖြစ်ပြီးပြီ။ ၂၃ ရက်နေ့မှာ ပြောင်းတယ်၊ စနေသားနဲ့ ကြာသပတေးသား။ စနေနှင့် ကြာသပတေးဆိုတာ ရေးထွက်ရတဲ့ လက္ခဏာ၊ ဒါကြောင့် နောက်လ ၂၃ ရက်မတိုင်ခင် အားလုံးလွတ်မယ်" ဟူ၍ နမိတ်ကောက် ဟောစာတမ်းများ ထွက်လာခဲ့လေသည်။ ကျွန်တော်က "အခုပြောင်းလိုက်တော့ ကျိန်းကျေသွားရောပေါ့ မဟုတ်ဘူးလား" ဟု မေးရာ ဝိုင်းဝန်းဆဲဆိုခြင်းဒဏ်ကို ခံရပါတော့သည်။ အမင်္ဂလာကောင်ဟူ၍လည်း အမည်ပေးကင်းပွန်းတပ်လိုက်ရတော့ပေါ့။

ဘာပဲပြောပြော တိတ်ဆိတ်နေရာမှ တဖန်ပြန်လည်အသက်ဝင်လာကာ

www.burmeseclassic.com

ဘုရားရှိနိုးအမျိုးမျိုး ရွတ်ဖတ်သံများဖြင့် ဆူညံလာပေတော့သည်။

× × × × × × ×

"မောင်သူရ ထမင်းစားတော့မလား"

ဦးကျွဲနွားကြီးဆီမှ လှမ်းမေးလိုက်သောအသံကြောင့် လှမ်းလက်စ ထမင်းလုပ်ကို ပြန်ချထားလိုက်ရသည်။

"ဟုတ်ကဲ့"

"နေဦးဗျ ခင်ဗျား ထမင်းစားခါနီး ဆွမ်းမတင်ဘူးလား"

"ဟင့်အင်း"

"ဟာ မောင်သူရကလဲ ……ကဲ အခု တင်လိုက်ဗျာ"

ပြဿနာက စလာပြီ။ ကိုယ်က မတင်ဘူးပြောလို့ကလည်း မကောင်း၊ သည်တော့ ………

"ဘုရားဆွမ်းတော်တင်ရမှာက ငါးပိနဲ့ပဲဟင်း အားနာစရာကြီးဗျာ"

"ဟာ ကိုယ့်ရှိတာကိုယ်တင်တာပဲ စေတနာက အဓိကပါဗျာ"

ဘယ်လိုရှောင်လို့မှ ရမှာမဟုတ်။ သို့သော်လည်း

"ကျွန်တော်က ဘုရားစာမရွတ်တတ်ဘူး ဘယ်လိုဆွမ်းကပ်ရမှန်းမသိဘူး"

"ခက်ပါလား ကဲဒီလိုလုပ် ဒီဘက်ကနေ ကျွန်တော်ပြောပြမယ် အဲဒီအတိုင်း လိုက်လုပ် လိုက်ရွတ်ကြားလား "

"ဟုတ်ကဲ့"

"ခေါင်းအုံးပေါ်ကို ထမင်းပန်းကန်တင်"

"ခေါင်းအုံးမှမရှိတဲ့ဟာ"

"အေးလေမှားသွားလို့ စောင်ကိုခေါက် အဲဒီအပေါ်တင်"

"တင်ပြီးပြီ"

"တင်ပြီးရင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလိုက်ဆို… ဘုန်းတော်အနန္တ



ကံတော်အနန္တ ဉာဏ်တော်အနန္တဖြင့် ပြည့်စုံတော်မူသော သမ္ဗုဒ္ဓတရှေ့ဉာဏ်ရှင် မြတ်စွာဘုရား ဤဆွမ်းဟင်းကို အလှူခံတော်မူပါဘုရား၊ အလှူခံတော်မူပါဘုရား၊ ဘုဉ်းပေးတော်မူပါဘုရား၊ ဘုဉ်းပေးတော်မူပါဘုရား

ထိုကဲ့သို့ ကပ်လှူရသော အကျိုးကြောင့် လာမည့်သောကြာနေ့မတိုင်မီ သောကြာသား တပည့်မောင်သူရသည် ဤနေရာမှ လွှတ်ငြိမ်းချမ်းသာခွင့် ရရပါလို၏ ဘုရား "

ကဲရှိနိုး။ တော်တော်ကြာကြာနေရင် စားလို့ရပြီ။ သို့ဖြင့် ကျွန်တော့်မှာ ဆွမ်းတော်တင်ထားသော ထမင်းပန်းကန်ကို ငေးစိုက်ကြည့်ရင်း အဆာပြေရေတစ်ခွက် မော့ချလိုက်ရတော့သည်။

× × × × × × ×

ဆုတောင်းကပဲကောင်းလေသလား။ စွမ်းလေသလား။ ဘာလား ညာလားတော့ ကျသေချာမဝေခွဲတတ်။

သောကြာနေ့နောက်ဆုံးထား၍ သောကြာသားလွှတ်ပါရစေဟု ဆုတောင်းခဲ့ သည်ကတော့ ရာနှုန်းပြည့် မအောင်မြင်။

၁၉၈၈ ခု နိုဝင်ဘာလ ၃ ရက် ကြာသပတေးနေ့မှာတော့ သောကြာနံ့သွားတည်း ဟူသော အံဆုံးတစ်ချောင်း ထူးထူးခြားခြား ပေါ်ထွက်လာပါလေတော့သည်။

× × × × × × ×

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



# ဒါပဲနော် အစ်ကို အစ်ကို

အံဆုံးထွက်ဖူးသူတိုင်း သိကြပါလိမ့်မည်။ နာရီပိုင်းအတွင်းမှာပင် ကိုက်ခဲရောင်ရမ်းလာတော့သည်။ ညနေစာစား ချိန်မှာတော့ ပါးစပ်မျှပင် မဟနိုင်တော့။ ခေါင်းတစ်ခြမ်းလုံးကလည်း တဆစ်ဆစ်နေအောင် ထိုး၍နေလေသည်။ တံတွေး မျိုရသည်ကပင် လည်ပင်းတစ်လျှောက် နာလာ၏။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ချင်းစာတတ်ရှာသော ထောင်မှူး 'အေဝမ်း'၏ အကြောင်းကြားချက်ဖြင့်ပင် များမကြာမီ၌ ဒေါက်တာ စိုးကြည် ရောက်လာပါသည်။ ဆရာဝန်ကလည်း ဘာဘာ ညာညာ မေးမနေတော့ဘဲ "ကဲ...ဘာဆေးလိုသလဲ လိုတာပြောပါဗျာ"ဟူ၍သာ အမိန့်ရှိလေတော့သည်။ သို့ဖြင့် ကျွန်တော့်မှာ တစ်ချိန်က သွားဆရာဝန်ဘွဲ့ ရခဲ့ဖူးသည့် အားလျော်စွာ KIMOSE ရယ်၊ Analgesin ရယ်၊ ဒီနေ့ညအတွက် Valium ရယ် Pen: Injection ရယ် ဆိုရပါပြီ"ဟု ပြောလိုက် ရ၏။ ဒေါက်တာစိုးကြည်ကလည်း ရရပါစေမည်။ ပိုကောင်းသွားအောင် Analgesin I.V (အကြောဆေး) ပေးလိုက်မည်ဟု ဆိုပါသေးသည်။

ကျွန်တော်လည်း သူတို့ ပြန့်ထွက်သွားပြီးကတည်းက ဆေးထိုင်မျှော်နေလိုက်သည်မှာ တာဝန်ကျထောင်ကြပ် 'ကျွန်တော့်ဘဝဇာတ်ကြောင်း' ရောက်လာသည့် ည ၇ နာရီ ထိုးသည့်အထိပင်။ သူက ကျွန်တော့်လက်တွင်းသို့ Buspro ဆေးပြားလက်တစ်ဆုပ်ကို ထည့်ပေးပြီး "ဘယ်နှစ်ပြားသောက်ရမယ်ဆိုတာ သိတယ်မဟုတ်လား"ဟု ဆိုလာလေသည်။ နောက်ထပ် ဘာဆေးမှ ထပ်မထွက်လာတော့မှ ကျွန်တော်က KIMOSE တို့ ဘာတို့ ညာတို့ရောဟု မေးသည့်အခါ "ကျွန်တော့်ဘဝဇာတ်ကြောင်း"သည် အကောင်းစား ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား ခွက်ထိုးခွက်လန်ရယ်ပြီး 'ထောင်ဆေးရုံမှာ ဘာဆေးမှရှိတာမဟုတ်ဘူး။ ခင်ဗျား စိတ်ချမ်းသာအောင် ဆရာဝန်က ပြောသွားတာ။ ဒါရတာတောင် ကံကောင်း'ဟု ပြောလိုက်ရာ ကျွန်တော့်မှာ ရယ်ရအခက်၊ ငိုရအခက် ဖြစ်သွားရပေတော့သည်။

လက်ဖဝါးတွင်းမှ Buspro ဆေးပြားများကိုသာ ငုံ့ကြည့်ရင်း အတွေးဇာတ်ကားထဲမှ ဒေါ်စုရှားတင်လို 'ဒါပဲနော် အစ်ကို... ဒါပဲနော် အစ်ကို"လို့သာ အော်ပစ်လိုက်ချင်တော့သည်။

xxx

ကိုရွှေအံဆုံး၏ အကျိုးကျေးဇူးကို ကျွန်တော်တို့ တန်းလျားတစ်ခုလုံး ခံစားနေရပေပြီ။ အဘယ်ကြောင့်ဆိုသော် ပါးစပ်မှမဟနိုင်၊ ထမင်းမှမစားနိုင်၊ စကားမှမပြောနိုင်သော ကျွန်တော့်အဖို့အမည်သို့လျှင် "ညနေရေဒီယို" အစီအစဉ်ကို ထုတ်လွှင့်နိုင်အံ့နည်း။ နေကောင်းစဉ်က ကျွန်တော်သည် ညနေတိုင်း ညနေတိုင်း တစ်ယောက်တည်း အစီအစဉ် ကြေညာ၊ တစ်ယောက်တည်း သီချင်းဆို၊ တစ်ယောက်တည်း အငြိမ့်ကကာ ဖျော်ဖြေရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်သာ။ ခုတော့ဖြင့် ရေဒီယိုပျက်သွားလေပြီ။ အားလုံးလည်း ရေခဲရိုက်ထားသော ဝက်ဝံကြီးများသဖွယ် ငေါင်းစင်းစင်းကြီး ဖြစ်သွားကြပေတော့မည်မှာ သေချာလှပေသည်။

သို့သော်ငြားလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားစေသည့်ကိစ္စတစ်ခုက ဖြုန်းခနဲ ပေါ်လာပေသည်။ အခန်းနံပါတ် တစ်ဆယ်သို့ လူသစ်တစ်ဦးရောက်လာခြင်းပင်။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်တုန်းက ဖမ်းတာလဲ။ အားလုံးသိချင်နေကြသည်။ ဦးတင်စိုးဆိုလျှင် အဆက်မပြတ် တရစပ် တဖွဖွမေးနေတော့၏။ ကျွန်တော်ကတော့ ပါးစပ် မဟနိုင်သည့်ကြားမှ တစ်ခန်းနှင့်တစ်ခန်း စကား သယ်ယူပို့ဆောင်ရေးလုပ်ပေးနေရတော့သည်။

'ချမ်းပီယံတင်ညွန့်'တဲ့ဟူသော အဖြေကို ရလိုက်ချိန်မှာတော့ အားလုံးအံ့သြသွားကြသည်။ ပီဘိနိုင်ငံရေးသမား မဟုတ်သလို အရေးအခင်းတုန်းက သည်လောက်လည်း တက်ကြွစွာပါဝင်ခဲ့သူမဟုတ်။ ဘယ်က ဘယ်လိုဘာကြောင့် အဖမ်းခံလာရပါလိမ့်။

သူ၏ဇာတ်လမ်းကို ကြားလိုက်ရချိန်မှာတော့ အစိုးရ၏ အငြိုးကြီးမှု သဘောတရားသေးမှုက ကွက်ကွက်ကွင်းကွင်း ပေါ်လာသည်။ အမှန်က ဦးတင်ညွန့်သည် ဘာမှ ထွေထွေထူးထူးလုပ်ခဲ့သည်မဟုတ်။ ရန်ကုန်မြို့ကျောက်တိုင်အရေး အခင်းဟု အမည်ရခဲ့သည့် ၁၉၈၈ ခု စက်တင်ဘာ ၁၆ ရက်နေ့က စစ်ရုံးများတွင် ဖြစ်ခဲ့သည့်ကိစ္စ၌ ဦးတင်ညွန့်သည် တပ်ဆန့်ကျင်ရေး ဟောပြောပွဲပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးလာခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဆရာမင်းသိခ်ပါ ဂုဏ်ထူးဦးသိန်းနိုင်တို့ ပါဝင်ဟောခဲ့၏။

ပသို့ဆိုစေ မ·ဆ·လနှင့် မသက်ဆိုင်ဟုဆိုသော လက်ရှိ န·ဝ·တ အစိုးရသည် "နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့"ဟု အဓိပ္ပာယ်မပေါ်လွင်ဘဲ ကျွန်တော်၏ အတွေးအိမ်ထဲမှာတော့ န·ဝ·တ ကို 'နေဝင်းတပ်' ဟူ၍သာ ဖွင့်ဆိုမိနေတော့သည်။

www.burmeseclassic.com

ဦးတင်ညွန့်ကို ထောက်လှမ်းရေး ၆ မှပင် ဖမ်းဆီးခဲ့လေသည်။ ထိုတပ်မှာ နေခဲ့ရစဉ်က သတင်းထောက်ရှေ့နေ ကိုနေမင်း၊ အဆိုတော် ၂ညီညီတို့ကိုပါ တွေ့ခဲ့ရသည်ဆို၏။ မည်သည့်ပုဒ်မ၊ မည်သည့်အမှုဖြင့် ဖမ်းလာသည်ကိုတော့ မသိ။ အင်းစိန်ထောင်ကို မရောက်မီ ၂ညီညီနှင့် ဦးတင်ညွန့်ကို ကျောက်တံတားရဲစခန်းသို့ ခေါ်သွားသေးသည်ဆို၏။ ထိုအချုပ်ခန်းတွင် နေခဲ့ရစဉ် ဦးတင်ညွန့်သည် လူတွေ၏ သဘောထားကို တော်တော်စိတ်ပျက်လာလေသည်။ ဒုက္ခရောက်နေစဉ် အကူအညီပေးရမည့်အစား ရေနစ်သူဝါးကူထိုးခဲ့သူများနှင့်သာ ကြုံခဲ့ရသည်ဆို၏။ အနုပညာလောကသားချင်း အားကိုးတကြီးဖြင့် အကူအညီတောင်းခဲ့သော်လည်း သူစိမ်းဆန်စွာ သူ့အားပစ်ပယ်ခဲ့သည်ကို ရင်နာစရာကြုံခဲ့ရ၏။ မိတ်ဆွေတုကို ခွဲခြားနိုင်ရန် အရင်းအနှီးက ကြီးလှပါဘိ။

×××

လူများကံမကောင်းချင်လျှင်၊ ဂြိုဟ်ဆိုးဝင်ချင်လျှင် ဆက်တိုက် ဆက်တိုက်ပင်။ မကောင်းမှုမှန်သမျှသည် အဖော် အပေါင်းနှင့် လာတတ်ချေသည်။ ဆန်ပြုတ်ကိုတောင် အနိုင်နိုင်စားနေသော ကျွန်တော့်ထံသို့ အောက်တိုဘာ ၆ ရက် နေ့ နေ့လယ်တွင် ထောင်အခေါ် ပါဆယ်ဟုအမည်ရသော အစားအသောက်အဝတ်အထည်ထုပ်ကြီး ရောက်လာလေသည်။ အိမ်က ချက်ပြုတ်ပေးပို့လိုက်သည်များကို စားရပဟဲ့ဟူသော ဝမ်းသာစိတ်၏ အောက်မှ 'ပါးစပ်ဟမရပါလား' ဟူသော ယူကျုံးမရစိတ်က ထက်ကြပ်မကွာ ပါလာတော့၏။ ထို့ကြောင့်ပင် ပိုင်ဆိုင်သမျှအားလုံးကို အခန်းနီးနားချင်းများဆီသို့ ဝေခွဲပေးလိုက်ရတော့သည်။ သို့သော် ကြက်သားကြော်ကလေးနှစ်တုံးကိုတော့ ပလတ်စတစ်အိတ်ဖြင့်ထုတ်ပြီး သိမ်းထားလိုက်ရ၏။ နည်းနည်းဝါးလို့ရရင် ထုတ်စားမယ်ပေါ့။ သို့ဖြင့် နောက်နှစ်ရက်ခန့်အကြာ ညနေဘက် ဆန်ပြုတ် ပြုတ်ချိန်တွင် ရဲဘော်ကိုမြကလေးအား ကြက်သားလေးပါ ထည့်ပြုတ်ပေးပါရန် အကူအညီတောင်းလိုက်မိ၏။ ထိုသို့ ဆိုရသော် ထိုဆန်ပြုတ်သောက်ပြီးချိန်တွင် ကျွန်တော့်မှာ ထိုင်ရာမထတမ်း တဖွမ်းဖွမ်းနေအောင်ပင် အန်မိပါတော့သည်။ ကြက်သားမှိုတက်နှင့် တိုးသွားလေပြီတည်း။ ဩော်…အိမ်ကအစာကို မစားထိုက်လို့ပါပဲလေဟု တွေးမိပြီး မွေးမွေး





လှုပ်နေသော အန်ဖတ်များကို ငေးကြည့်သာနေရတော့၏။

ဒါနဲ့မပြီးသေး။ သွားကနာ၊ အန်ထားရလို့ ဗိုက်ကနာရသည့်အထဲ ဆေးမှူးလာထိုးပေးသည့် ဆေးထိုးအပ် ခပ်တုံးတုံးကြောင့် အကြောထိသွားကာ ပေါင်တစ်ချောင်း ထောင့်တန်းစွဲပြီး အိပ်ရာထက်ဝယ် ပက်လက်လဲပြန်လေတော့သည်။

×××

"တစ်ထောင်လုံး ဝမ်းလျှောနေတယ်"တဲ့။

ရေကြောင့်လား။ အစာကြောင့်လား။ ဘာကိုမှ ရှောင်၍မရ။ ဒီနှစ်ခုပဲ အာဟာရ လုပ်နေရသည်မဟုတ်လား။

စစ်မြစ်က မသိရသေး။ ထို့ကြောင့် ရေသောက်ရမည်ကိုပင် ခပ်လန့်လန့်။ သည်အထဲ ဥက္ကဋ္ဌကြီး ဝမ်းလျှောသည်ဆိုတော့ ကျွန်တော်တို့ တစ်ဆောင်လုံး ထိတ်ထိတ် ပျာပျာ ဖြစ်ကုန်ရသည်။ ဆေးမရှိသည့်အရပ်မှာ ဘာမှမဖြစ်ချင်ကြ။ ထမင်းမစားဘဲ နေကြမလား။ ရေမသောက်ဘဲနေ၍မဖြစ်။ ရေနွေးတောင်းသောက်မလား။ အချင်းချင်း ညှိနှိုင်းတိုင်ပင်ရသည်။

ဆရာဝန်ရောက်လာမှ သိရသည်။ ဗိုကြီးတွင် ဟင်းချက်သည့်အိုးခွက်များ မသန့်လို့တဲ့။ သည်တော့မှ ရေကို ဝဝသောက်ရဲတော့သည်။

သို့သော်လည်း ထိုနေ့မနက်က ကျွန်တော်တို့ထံသို့ ရောက်လာသော ပဲဟင်းမှာ သံပရာရေနှင့် နင်လား၊ ငါလား ပြိုင်ချဉ်နေပေတော့ရာ မထိရဲမတို့ရဲဖြစ်သွားရလေသည်။ တာဝန်ကျထောင်ဝန်ထမ်းများခမျာ အားလည်းနာ၊ လဲပေးစရာကလည်း မရှိသဖြင့် ဖြစ်သလိုစားကြပါဟူ၍သာ အကြံပေးကြလေတော့၏။

သို့ဖြင့် ကျွန်တော်တို့မှာ ထိုနေ့မနက်စာကို ဆားတစ်ပုံနှင့် တင်းတိမ်ရပေတော့သည်။ ရေတစ်ခွက်နှင့် မျှောချ နေဆဲမှာပင် ဥက္ကဋ္ဌကြီး၏အသံဝါကြီးက ပေါ်ထွက်လာသဖြင့် သီးသွားမတတ် ရယ်မိပါတော့၏။

"ဒါပဲနော် အစ်ကို…… ဒါပဲနော် အစ်ကို… အစ်ကို…"


◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ဂဏ်စတာမိုများနှင့်တွေ့ဆုံခြင်း

ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ ဟူသောစကားအစား ကံဆိုးထီး သွားလေရာ မှန်တိုင်းကြီးလိုက်လို့လာ ဟူ၍ ပြင်ဆင်ချက် တင်သွင်းလိုက်ချင်တော့သည်။ သည်လောက် လူသူကင်းမဲ့



www.burmeseclassic.com

သည့်အရပ်မှာ တစ်ယောက်တည်း နေရသည့်အထဲ ဘာအကာ အကွယ်မှမရှိသည့်အခါကျမှ သည်မုန်တိုင်းက ရိုင်းရိုင်းစွာ နှိပ်စက် လေတော့၏။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်းမဟုတ် လေရော မိုးပါ အသျှိုးကြီးစွာ နှိပ်စက်လေတော့သည်။

လုံခြုံရေးအစီအစဉ်ကြောင့် သစ်သားတံခါးများ မပိတ်ဘဲ ဖွင့်ထားရ၏။ ပြီးတော့ ကင်းလှည့်သူများမြင်အောင် တံခါးဝမှာ အိပ်ရသည်။ ကြာတော့ ကျွန်တော်တို့လည်း မခံနိုင်။ ရှေ့ကလည်း မိုးပက်၊ နောက်ကလည်း မိုးပက်၊ ခေါင်ကလည်း မိုးယို အရှင်လတ်လတ် ကျွန်းပေါ်ရောက်သွားသလို ဖြစ်ရသည့်အထဲ သူတို့ဝန်ထမ်းများမြင်အောင် နေပေးရမည်ဆိုတော့ အအေးပတ်ပြီး မာလကရှုံသာ ကျွန်တော့သည်။ ထို့ကြောင့်ပင် ထောင်ပိုင်ကြီးအား အကျိုးအကြောင်းပြောပြပြီး လေအကွယ် အုတ်ထရံနားကပ်၍ အိပ်စက်ရတော့၏။

သို့သော်လည်း အဆင်မပြေပါ။ အဘယ်ကြောင့်ဆိုသော် အဆက်မပြတ်ရွာသွန်းနေသော နိဝင်ဘာ မုန်တိုင်းမိုးကြောင့်သာမက ရေပေးဝေသည့်ဌာနမှ ရှေ့ညာတော်စူးရောက်မှုကြောင့် တစ်နေကုန် ရေဖြန့်ဝေနေလေတော့ ကျွန်တော်၏အခန်းမှာ ဝါတာပိုလိုကစားရမတတ် ရေလျှံနေသောကြောင့်ပင်။ ဖျာတွေကို ဘေးမှာထောင်ရေတွေကို ခြေနှင့်ပက်ထုတ်ဖြင့် အလုပ်ရှုပ်နေလေတော့သည်။ ဤရွေ့ဤမျှ ကျွန်တော်တို့အား နှိပ်စက်နေသော မုန်တိုင်းသည် မိုးကြီးအတွက်တော့ မင်္ဂလာတစ်ပါး ဖြစ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် လေတွေမိုးတွေအရှိန်ကောင်းနေဆဲ တစ်ခုသော ကြာသပတေးနေ့ (၁၇/၁၀/၈၈) ညနေ ၄း၃၀ နာရီခန့်တွင် မိုးကြီးသည် ထောင်မှ လွတ်သွားသောကြောင့်ပင်။ မုန်တိုင်းနှင့် မိုးကြီးပါသွားလေပြီတည်း။

×××

မိုးကြီးလွတ်သွားပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်နှင့် ကိုရွှေးသည် မျက်နှာ ပန်းပွင့်လာတော့၏။ ကျွန်တော်တို့ သုံးဦးသည် အမှုတွဲတစ်တွဲတည်း ဖြစ်သဖြင့်လည်းကောင်း ထောင်ဝန်ထမ်းများ၏ ခန့်မှန်းချက်အရလည်းကောင်း များမကြာ







လှသော ကာလတစ်ခုအတွင်း၌ ကျွန်တော်တို့ နှစ်ဦးသည် တစ်ပြိုင်နက် (သို့တည်းမဟုတ်) တစ်ယောက်စီ အလှည့်ကျ အိမ်ပြန်ရတော့မည်ဟု တစ်ပြေးနေသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် တစ်ယောက်ပြီးတစ်ယောက် ဝိုင်းဝန်း မှာကြားနေသည်များကို မှတ်သားရင်း တံခါးလာဖွင့်မည့်ရက်ကို မျှော်လင့်နေမိတော့၏။

သို့သော်လည်း နိဝင်ဘာလ၏ နောက်ဆုံးရက်ဖြစ်သော (၃၀/၁၁/၈၈) ညနေခင်းတွင် ကျွန်တော့်ထံသို့ ပါဆယ်ထုပ်ကြီး ရောက်လာပြီး ကိုရွှေးထံသို့ ဘာပစ္စည်းမှ ရောက်မလာသဖြင့် ကျွန်တော်သည် ပယ်စာရင်းဝင်သွားကာ ကိုရွှေးသည်ကား မင်္ဂလာလှသားအဖြစ် သတ်မှတ်ခံရလေတော့သည်။ သူ့ခမျာလည်း မသက်သာ၊ လူရှစ်ယောက်စာ ဝိုင်းဝန်းမှာကြားသည်များကို တစ်လုံးတစ်ပါဒမကျန် မှတ်နေရရှာ၏။

နက်ဖြန်ခါဆို အိမ်ပြန်ရောက်တော့မည်။ သို့အတွက် သန်ဘက်ခါ မနက်ရွှေတိဂုံဘုရားသို့တက်ခါ အားလုံး အတွက် ဆုမွန်ကောင်းများ တောင်းပေးမည်၊ ယတြာချေပေးမည်၊ ဘုန်းကြီးဆွမ်းကပ်ပေးမည်၊ ပြီးတော့ အိမ်ပေါက်နေလိုက်အကြောင်းကြားပေးမည် စသည် စသည်ဖြင့် ကိုရွှေးခမျာ အစီအစဉ်တွေ ဆွဲနေရရှာလေသည်။ ထို့ပြင် တဝထောင်မှလွတ်လျှင် သပ်သပ်ရပ်ရပ်ဖြစ်နေအောင် ညကတည်းက အဝတ်အစားများကို လျှော်ရရှာလေသည်။

သို့သော်လည်း တဲ့ အဲ...တဲ့။ ထင်သလိုမဖြစ် မထင်တာတွေဖြစ်တယ်ဆိုသောစကားအတိုင်း နောက်တစ်နေ့ နေသာဝင်သွားသည်။ ကိုရွှေးခမျာ အခန်းထဲမှပင် အပြင်မထွက်ရရှာသဖြင့် အူကြောင်ကြောင်ကြီး ဖြစ်သွားလေတော့သည်။ လေယာဉ် ပျံပျံ စီးရတော့မလိုလို၊ မိလ္လာတွင်းထဲပဲ ဆင်းရတော့မလိုလိုဖြင့် သူ့ခမျာ ဝေခွဲရခက်သွားရှာတော့၏။

ထောင်ထုံးစံအရ အပြစ်တစ်စုံတစ်ရာရှိသဖြင့် ပါဆယ်ပေးပို့ခြင်းကို ရပ်လိုက်လေပြီလား။ သို့တည်းမဟုတ် သူ့ကို အခြားတစ်နေရာသို့ ရွှေ့မလို့ပဲလား၊ လွတ်ရန်ပြင်ပြီးမှ မကျေလည်စရာ အခြားအမှုတစ်ခု ထပ်တိုးလာလို့ပဲလား၊ ရုံးတင်



www.burmeseclassic.com

www.burmeseclassic.com

တရားခွဲမလို့ပဲလား၊ လားပေါင်းများ သွားထပ်ကာ အတွေးကျပ်နေရှာလေတော့သည်။ ပြီးခဲ့သည့် တစ်ပတ်က ပေးပို့လိုက်သော ပါဆယ်ထုပ်ထဲတွင် စာအဆက်အသွယ် ပါလာသဖြင့် ယင်းကို မိသွားသောကြောင့် ယခုကဲ့သို့ အရေးယူခြင်းကော မဖြစ်နိုင်ဘူးလား။ မေးခွန်းတွေ ပတ်လည်ဝိုင်းကာ အဖြေတစ်ပိုင်းတစ်စနှင့် ကိုဌေးခမျာ အိပ်ရာပေါ်သို့ ကျသွားရှာလေတော့သည်။

×××

တံခါးဖွင့်သံ၊ ခြေသံ၊ ပလတ်စတစ်အိတ်ဖွင့်သံတို့က တိတ်ဆိတ်သော အရုဏ်နံနက်ခင်းမှာ လွင့်ပျံ့လာသည်။ ဆတ်ခနဲ အိပ်ရာမှထကာ အသေအချာ နားစွင့်ကြည့်တော့ ကိုဌေးအခန်းဘက်မှဖြစ်သည်။ မနက်စောစောစီးစီး လူမမြင်သူမမြင် အချိန်မှာ သူ့ကို လာခေါ်ပြီထင်ပါရဲ့ဟုတွေးပြီး အိပ်ရာမှ အလျင်အမြန် လူးလဲထရသည်။ နံရံနားကပ်၍ အသံတွေကို စနည်းနာပြန်တော့လည်း သဲသဲကွဲကွဲမကြားရ။ သူ့ကိုလွတ်ရိုးမှန်ရင် နဂိုက ကျွန်တော်တို့ အချိန်းအချက်လုပ်ထားသည့်အတိုင်း နံရံကိုခေါက်၍ အချက်ပေးပေလိမ့်မည်ဟု တွေးမိပြီး အိမ်သာထက်သို့ အလျင်အမြန်တက်ကာ အိပ်ရာထ တာဝန်တစ်ရပ်ဖြစ်သော ရှူးရှူးပေါက်ခြင်းကို ထမ်းဆောင်လိုက်ရတော့သည်။

ထိုစဉ် အခန်းဝမှာ လူရိပ်မြင်သဖြင့် ဘယ်သူများပါလိမ့်ဟု ခေါင်းထောင်ကြည့်လိုက်သောအခါ လား…လား တုတ်ကိုယ်စီကိုင်ထားသော လူသုံးဦးကို ဘွားခနဲ တွေ့လိုက်ရသည်။ ဝတ်စားထားသော ယူနီဖောင်းများအရ ထောင်ကြပ်များဖြစ်ပေမည်။ အလယ်က ပုဂ္ဂိုလ်က တပ်ကြပ်ကြီးဖြစ်သည်။ ကျွန်တော်လည်း မြန်မာလူမျိုးတို့ထုံးစံအရ ပြုံး၍ နှုတ်ဆက်လိုက်လေရာ ထိုသူသုံးဦးထံမှ မည်သည့်တုံ့ပြန်ချက်မျှ ပြန်မလာဘဲ ကျောက်ရုပ်များသဖွယ် ကျွန်တော့်အား စိမ်းစိမ်းကြီးကြည့်နေသဖြင့် ကျွန်တော့်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရတော့၏။ ထို့ကြောင့်ပင် ရှူးသလိုပေါသလိုနှင့် ကျွန်တော့်မှာ ခေါင်တွေ ထိုင်ခေါက်မိနေလေသည်။ အဲဒီပုဂ္ဂိုလ်သုံးဦးကတော့ ကျွန်တော့်အခန်းရှေ့တွင် မတုန်မလှုပ်ရပ်နေဆဲပင်။





ထောင်မှူး အသေးလေးနှင့် တာဝန်ခံထောင်ကြပ် အချိန်မှန် ဆရာဖြူတို့ ရောက်လာပြီး အခန်းတံခါးလာဖွင့်သည့် အခါမှပင် ကျောက်ရုပ်ကြီးများသည် စတင်အသက်ဝင်လာလေတော့သည်။ အလယ်ကောင်မှ အကြီးစားကျောက်ရုပ်ကြီး က စတင်လှုပ်ရှားလိုက်၏။ ကျွန်တော်၏ မျက်နှာတည့်တည့်တွင် သူ့လက်ထဲမှ အဝတ်လျှော်တုတ်ကြီးကို ဝှေ့ရမ်းကာ 'ထ'ဟု အမိန့်ပေးလိုက်လေသည်။ ကျွန်တော်လည်း ထိုပုဂ္ဂိုလ်၏ အမိန့်တော်အတိုင်းပင် အသာအယာ မတ်တတ်ရပ်ပေးလိုက်၏။ ထို့နောက် ယင်းကျောက်ရုပ်အကြီးစားကပင် 'ပုဆိုးဖြန့်'ဟု ဆိုပြန်လေရာ ကျွန်တော်လည်း ရှက်ရှက်နဲ့ ပုဆိုးစလေးကို ဖြန့်ပေးလိုက်ရပြန်သည်။ ထိုပုဂ္ဂိုလ်ကတော့ မရှက်မကြောက်ပင် အားမနာပါးမနာ ကျွန်တော်၏ ခန္ဓာကိုယ် အောက်ပိုင်းကို စေ့စေ့စပ်စပ်ကြည့်ပြီး အားရသွားတော့မှ 'အပြင်ထွက်'ဟုဆိုလာပြန်လေသည်။ သူ့အမိန့်ကို မလွန်ဆန်နိုင်သော ကျွန်တော့်မှာကား မျက်နှာစာခန်းသို့ ထွက်ကာ နံရံမှီ၍ ရပ်နေရတော့၏။

သည်နောက်မှာတော့ ထိုကျောက်ရုပ်များသည် ကျွန်တော့်အခန်းတစ်ခန်းလုံးကို စိတ်တိုင်းကျ မွှေနှောက်ရှာကြတော့သည်။ တစ်ယောက်က ဖျာကိုထောင်ကြည့်၊ စောင်ကိုဖြန့်ကြည့်။ နောက်တစ်ယောက်က အမှိုက်ပုံတွေဖွကြည့်၊ အုတ်နံရံကွဲကြောင်းတွေထဲ မြှုပ်ပြကြည့်၊ တခြားတစ်ယောက်ကတော့ ရေအိုးတွေ စဉ့်အိုးတွေထဲ လက်နှိုက်ကြည့်ဖြင့် အလုပ်ရှုပ်နေကြလေသည်။ သူတို့ နှိုက်မကြည့်တာဆိုလို့ အိမ်သာတွင်းတစ်ခုသာ ကျန်တော့၏။

ထိုကျောက်ရုပ်များကို ကြည့်ရင်း ကျွန်တော့်မှာ စဉ်းစားခန်းဝင်နေမိသည်။ သည်ပုဂ္ဂိုလ်များသည် ဘာလူမျိုးများနည်း။ မရယ်တတ် မပြုံးတတ်သော လူမျိုးဟူသည် ကမ္ဘာမှာရှိလေသလော။ မြန်မာစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပုံမရ။ 'အောလောက်ထပါ' 'မတ်တတ်ရပ်ပါ' 'ပုဆိုးဖြန့်ပြပါ' 'အပြင်ခဏထွက်ပါ' 'နားသွားရပ်နေပါ' စသည်ဖြင့် နားခံသာအောင်ပြော၍ရသောစကား အများအပြားရှိ

www.burmeseclassic.com

www.burmeseclassic.com

ဝါလျက် တုံးတိကြီး ‘ထ’ ဟု တစ်လုံးတည်းသုံးနှုန်းခြင်း၊ ‘ပုဆိုးဖြန့်’ ဟု ပြောခြင်း၊ ‘အပြင်ထွက်’ ဟု တုံးတိကြီး မြွက်ကြားခြင်းတို့ကို ထောက်ရှုလျှင်သည် ကျောက်ရုပ်များသည် တခြားကမ္ဘာက ရောက်လာသော မြန်မာစကားတတ်ခါစ ဂြိုဟ်သားများပင်ဖြစ်ပေလိမ့်မည်။

ထိုစဉ် ကျောက်ရုပ်အကြီးက ဆွဲကြိုးပြတ်နေသော ‘ကြွက်’ ကို ကျွန်တော့်ဘက်သို့ ထောင်ပြရင်း…

“ဒါဘာလဲ” ဟု မေးလာပြန်လေသည်။ ကျွန်တော်ကလည်း ရိုရိုသေသေပင် “အဲဒါ ကြွက်လို့ ခေါ်ပါတယ်” ဟု ပြန်ဖြေလိုက်ရာ ထိုပုဂ္ဂိုလ်၏ မျက်နှာမှာ ဒသဂီရိဘီလူး ရှောက်သီးဝါးမိသလို ရှုံ့တွသွားလေတော့၏။

“ကြွက်မှန်းတော့ သိတာပေါ့ ဘာထည့်ထားလဲမေးတာ”

“ဪ… ရုပ်ပွားတော်ပါ”

ဒီအထိမကျေနပ်နိုင်သေး။ လက်ဖဝါးပေါ် ဟိုခေါက်ချ ဒီခေါက်ချ လုပ်နေပြန်လေသည်။ သေချာတာတစ်ခုကတော့ သည်ကျောက်ရုပ်များသည် ဗုဒ္ဓဘာသာလည်း မဟုတ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် နောက်ကျောက်ရုပ်တစ်ခု က ‘အဌာနမေတ်’ အစချီ အန္တရာယ်ကင်းဂါထာ ရိုက်နှိပ်ထားသော ကတ်ပြားလေးကို ထောင်ပြကာ…

‘ဒါဘာလဲ’ ဟု မေးလာပြန်သောကြောင့်ပင်။ ကျွန်တော်ကလည်း ရှေးနည်းအတိုင်း…

‘အဲဒါ ဘုရားစာခေါ်ပါတယ်’ ဟု ဖြေလိုက်ရာ ထိုကျောက်ရုပ်က ‘ဒါကိုသိမ်းတယ်’ ဟုဆိုကာ သူ့အိတ်ထဲသို့ ထည့်သွားပါလေသည်။

သို့ဖြင့် မိမိအခန်းအား သူတို့စိတ်ကျေနပ်အောင် မွှေနှောက်ပြီး သွားသည့်အခါမှာတော့ ထိုဂြိုဟ်သားကျောက်ရုပ်များသည် ပြန်လည်ထွက်ခွာသွား ကြလေတော့သည်။ ကျွန်တော့်မှာသာ သူတို့ရှုပ်သွားသမျှကို ပြန်ရှင်းနေရပြန်၏။ စောင်များကို ပြန်ခေါက်ရင်း ထိုပုဂ္ဂိုလ်များ၏ ပြုမူချက်များကို ပြန်စဉ်းစားမိနေသည်။



မိမိတို့သည် သူခိုး၊ ကြမ်းပိုးလည်း မဟုတ်၊ ဓားပြမှုဒိမ်းကောင်လည်း မဟုတ်ပါဘဲလျက် အဘယ့်ကြောင့် မိမိတို့အား ဤသို့ ဤပုံ ဆက်ဆံကြသည်ကို နားမလည်နိုင်အောင် ဖြစ်ရလေသည်။ တန်ဖိုးခွဲခြားဆက်ဆံတတ်ဖို့ လိုပေသည်။ သည်မျက်နှာတွေ၊ သည်အပြောတွေသည် အုတ်ထရံစည်းရိုးအတွင်းမှာသာ အသုံးဝင်မည်ကိုကော သိကြပါလေစ။

ပသို့ဆိုစေ ထိုနေ့မနက်က ဘုရားရှိခိုးသောအခါ အဲဒီကျောက်ရုပ်ကြီးများအား ရည်စူး၍ မေတ္တာပို့ပေးမိလေသည်။

မြန်မာစကားကို ယဉ်ကျေးပျူငှာစွာ ပြောတတ်ကြပါစေ၊ ဘုရားတရားသိနားလည်ကြပါစေ။

အင်းစိန်ထောင်အုတ်ရိုးအပြင်ရောက်လျှင် ပြုံးတတ် ရယ်တတ်ကြပါစေ… ဟူ၍…။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com




# ညစာစားပွဲ

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"

အလို.... အဝေးမှ ပျံ့လွင့်လာသော သီချင်းသံက ကျွန်တော့်စိတ်အာရုံကို လှုပ်နှိုးလိုက်သည်။ ဒီဇင်ဘာ အားကစားလတွေ ဘာတွေများ ပြန်လုပ်နေလေပြီလား။ ယခင်က ဒီဇင်ဘာလရောက်လျှင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံး အားကစားပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပေသည်။ နောက်ဘယ်လိုက ဘယ်လိုဖြစ်သွားသည်မသိ။ မြန်းစားကြီး အကြောင်းမဲ့ ရပ်ဆိုင်းပစ်လိုက် လေသည်။ ခုစစ်အစိုးရလက်ထက်မှာ အစဉ်အလာဟောင်းကို ပြန် မွေးထုတ်ပြီထင်ရဲ့။

"ရပ်ကွက်တွင်းရှိ ...ကွီ...လုပ်သားပြည်သူ ကွီ...များခင်ဗျား ကျွန်တော်တို့...ကွီ...ဟောကောင် မင်းစက်ကို ကြည့်ထိန်းဦး.. ကွီဒီမှာ စကားပြောလို့ မရဘူး ကွီ...ကွီ...ကွီ"

အသံချဲ့စက်နှင့် ကြေညာသူတို့ကတော့ လိုက်ဖက်လွန်းနေပြန်သဖြင့် ကျွန်တော့်မှာ တစ်ဦးတည်း ပြုံးနေမိသည်။ နောက်တော့ စက်က ကောင်းသွားရောထင့်။ ကြေညာသူ အမျိုးသားသည် ချောင်းတစ်ချက်ဟန့်ကာ ဆက်ပါလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

"ရပ်ကွက်တွင်းရှိ လုပ်သားပြည်သူများခင်ဗျား.... အခုလို ငွေနှင်းကလေးတွေ တဖွဲဖွဲကျတဲ့ ဟေမန္တဆောင်းရာသီ ရောက်လာပြီဖြစ်လို့ ပြည်သူများရဲ့ ကျန်းမာရေးအတွက် ရှေ့ရှုပြီး လာမယ့်စနေနေ့ မနက်မှာ ရပ်ကွက်သန့်ရှင်းရေးလုပ်ကြမှာ ဖြစ်ပါတယ်"

အင်း...။ ဘယ်လိုကြီးတုံး။ ဆောင်းရာသီနဲ့ ကျန်းမာရေးနဲ့ သန့်ရှင်းရေးနဲ့ ဘယ်လို ဆက်စပ်သွားပါလိမ့်။ ကျွန်တော့်မှာ မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိလိုက်တော့သည်။ ကျွန်တော်တစ်ယောက်တည်းမဟုတ်။ တစ်ဘက်ခန်းမှ ကိုဒွေးကပါ တဝါးဝါး တဟားဟားနှင့် ထရယ်ပါတော့သည်။ ကိုဒွေး၏ အသံကို အခုလို ကြားရပြန်တော့ ကျွန်တော့်မှာ စိတ်ချမ်းသာသွားရ၏။ ပြီးခဲ့သည့်ရက်များက ကိုဒွေးခမျာ ဒီနေ့ပဲလွတ် တော့မလိုလို၊ မနက်ဖြန်ပဲ လွတ်တော့မလိုလို ဖြစ်နေရာမှ ဘာထူးခြားချက်မှ ပေါ်ပေါက် မလာသဖြင့် စကားပင်မပြောနိုင်တော့ဘဲ ငြိမ်ချက်သားကောင်း သွားရှာလေသည်။

ကျွန်တော်၊ ဥက္ကဋ္ဌကြီး၊ ဗိုလ်ကြီးအောင်ဝင်းနှင့် ချန်ပီယံကြီးတို့လေးဦးသား လက်ဖက်ရည်ဆိုင်ဖွင့်ရန် စီမံချက်များကို အင်တိုက်အားတိုက် ဆွေးနွေးတိုင်ပင်နေကြချိန်တွင် ကိုဒွေးတို့ဘက်အခြမ်းမှာကား တရားရိပ်သာတစ်ခုနှယ် တိတ်ဆိတ်လွန်း နေပေသည်။ ကျွန်တော့်မှာလည်း တရားဟောရတာများလွန်းနေရကား ကြာတော့ တရားပိမှာ စိုးရိမ်လာသဖြင့် မသိလိုက် မသိဘာသာပင် နေလိုက်ရတော့၏။ ခုတော့ ပုံမှန်အခြေအနေ ပြန်လည်၍ ရောက်ရှိလာပြီဟု ဆိုရလေတော့မည်။

စိတ်ဆိုသော သတ္တဝါသည် တော်တော်အသိရခက်လွန်း၏။ ထိန်းရ သိမ်းရ ခက်လွန်းပေစွ။ ဖမ်းရဆီးရ ခက်လွန်းဝေ၏။ သူ့ကို အလစ်မပေးလိုက်နှင့်၊ ခြေဦး တည့်ရာ ကဆုန်ပေါက်ပြေးတော့သည်။ ရပ်ရှင်ရုံတွေဆီ ရောက်သွားလိုက်၊ လက်ဖက် ရည်ဆိုင်စားပွဲမှာ သွားထိုင်လိုက်၊ ရပ်မြင်သံကြား စတူဒီယိုထဲ ဝင်သွားလိုက်၊ ဓာတ် နံ့ပေါ်တက်သွားလိုက်ဖြင့် မနည်းပြန်ခေါ်ရ၏။ ထို့ကြောင့်ပင် သူ့ကို အအားမရ အောင် နိုင်းထားရသည်။ အိပ်ရာက ထကတည်းက လေ့ကျင့်ခန်းလုပ်၊ စစ်တုရင်ထိုး၊ သီချင်းစပ်၊ ပြဇာတ်ရေး (စာရွက်ခဲတံမပါဘဲ ဦးနှောက်တွင်း၌သာ အလုပ်လုပ်ရခြင်း ဖြစ်သည်) စသည်ဖြင့် တစ်ချက်မှ မဟာသွားရအောင် နိုင်းစေထားရသည်။ သို့သော်ငြား နံနက်စာ ထမင်းစားပြီးချိန်မှာတော့ ထမင်းလုံးစီရင်း သူ့ကိုအားလပ်ခွင့်ပေးရလေ၏။ ထိုအခါမျိုးဝယ် အလင်းထက်မြန်သော အနှီစိတ် ထိုစိတ် ယင်းစိတ်သည် ကျွန်တော့်အား ပုန်ကန်ခြားနားကာ ထောင်အုတ်ရိုးကိုဖောက်၍ ပြေးပါလေတော့သည်။

ယခုတလော ကြားရသည့်သတင်းတွေက မကောင်း။ တောထဲမှာ ကျောင်းသား







တွေဒုက္ခရောက်နေသည်တဲ့ အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ကုန်ပြီတဲ့။ မြို့ပေါ်မှာကလည်း ပါတီတွေက မှိုများနှယ် အပြိုင်အဆိုင် ဖွဲ့လိုက်ကြသည်မှာ ရာကျော်ဂဏန်းရှိပြီတဲ့။ သည်အထဲ ဦးအောင်ကြီးနှင့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့က တစ်ခြမ်းစီ ကွဲသွားပြီတဲ့။

ကျွန်တော်တို့ မြန်မာလူမျိုးဆိုသည်မှာ...... အမှန်အတိုင်းပြောရလျှင် ကောက်ရိုးမီးလိုမျိုး။ ချဟာ ချဟာဆိုလည်း ဟေး ဟေး ဟေး။ ပြေးဟ ပြေးဟဆိုလည်း ဟေး ဟေး ဟေး။ မေ့လွယ်ပျောက်လွယ် ကျေနပ်လွယ် ဖြေသိမ့် လွယ်သော လူမျိုး။ ဒါကြောင့်ပင် မတိုးတက်တာလည်း ဖြစ်နိုင်သည်။ ရောက်ရာ ဘုံဘဝမှာ တင်းတိမ်ရောင့်ရဲတတ်ကြသည်။ ဗိုက်ထဲ အစာပြည့်နေလျှင် ဘာကိုမှ စဉ်းစားချင်၊ ဆွေးနွေးချင်၊ လုပ်ကိုင်ဆောင်ရွက်ချင်စိတ်ရှိသည် မဟုတ်ကြပေ။ ပြီးခဲ့သည့် အရေး အခင်းတွင် အုံကြွပါဝင်လာကြသည်ကလည်း ရှင်းသည်။ ငတ်သည့် ဒဏ်ကို မခံနိုင် ကြ၍ ဖြစ်၏။ နိုင်ငံရေးကို ဟုတ်တိပတ်တိ နားလည်၍မဟုတ်။ ဆိုရှယ်လစ်လာ လာ၊ ကွန်မြူနစ်လာလာ၊ အရင်းရှင်လာလာ၊ သူတို့ ဗိုက်ဝလျှင် ကျေနပ်ကြမည့် လူမျိုးပင်။ သည်စိတ်ဓာတ် သည်အခြေခံကို သိသူများက မြန်မာပြည်ကို ၂၆ နှစ် ကျော်ကြာ အုပ်စိုးသွားကြပြီမဟုတ်လော။ ယခုပြန်စလျှင် ဟိုး.....သုညကစ၍ နိဒါန်း ဖွင့်ရပေတော့မည်။

သည်လိုအချိန် သည်လိုအခါမျိုးမှာ စည်းလုံးရေးက နံပါတ်တစ်နေရာမှာ အရေးပါလွန်းလှသည်။ ကျွန်တော်တို့ မြန်မာလူမျိုးသည် အိမ်ကြက်ချင်းခွပ်ရာ၌ အားသာလွန်းလှသည်။ မရောင်ရာ ဆီလူးတတ်ကြသည်။ မင်းသားကြီး မလုပ်ရလျှင် ပတ်မကိုသာမက နဲ့ကိုပါ ရိုက်ချိုးချင်ကြသည်။ ဝါးအစည်းပြေခြင်း၏ အရသာကို မကြာမကြာခံစားနေချင်ကြလား မဆိုတတ်။

"ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် စဉ်ဆက် လိုက်၏"

ဟူသောစကားနှင့်အညီ ကျွန်တော်တို့ မြန်မာများသည် ခေါင်းဆောင်ကို အားကိုးသည်။ ခေါင်းဆောင်က ဒါဆိုလျှင် ဒါ ဟိုဟာဆိုလျှင်ဟိုဟာ..... တစ်နည်း အားဖြင့် နောက်လိုက်ကောင်းများ ဖြစ်လိုကြပုံရသည်။ သို့သော်လည်း ကံက မကောင်း ခေါင်းဆောင်ကောင်းဆိုသူများနှင့် ကြုံကြိုက်ခွင့်မရခဲ့ကြပေ။

အခုလည်းကြည့်...၊ ကောက်ကောက်ထဲက ကိုင်းကိုင်း။ သူတို့ကို ထင်ထား

www.burmeseclassic.com

www.burmeseclassic.com
ပထမ

ကာမှ ကိုရွှေဘသားရှောများက ဘီလူး က ကကြပြန်လေပြီ။

"မုန့်လာဥတွေရမယ် မုန့်လာဥတွေရမယ်"

ဥက္ကဋ္ဌကြီး၏ အသံကြောင့် အတွေးစများ ဖြတ်ခနဲကြွေကျသွားသည်။ ခရီးလွန်သွားသော မိမိ၏ စိတ်ကို အလျင်အမြန် ပြန်လည်စုစည်းလိုက်မိ၏။ မြေနီလမ်းအတိုင်း မောင်းနှင်သွားသော စက်ဘီး၏ နောက်ထိုင်ခုံပေါ်တွင် မုန့်လာ ဥစည်းများကို တွေ့လိုက်ရသည်။ ၄၅ ရက်သား မုန့်လာခင်းများသည် တစ်ပင်မှ မကျန် အောင် နုတ်ပြီးသွားလေပြီ။ ဖြူဖွေးနေသော ဥများ ဖားလျားဝေနေသော စိမ့်ရင့်ရင့် အရွက်များဖြင့် တန်ဆာဆင်အပ်သော စိုက်ခင်းကြီးသည် အခုတော့ ပြောင်သလင်း ခါနေပြီဖြစ်၏။ အချို့နေရာများတွင် မုန့်လာစိုက်ခင်းအသစ်များပင် စိုက်ပျိုးနေကြလေပြီ။ သည်မုန့်လာသည် ထူးဆန်း၏ မြေကြီးထဲမှ ဆွဲနုတ်ကာစက ဖြူဖြူဖွေးဖွေး ဥကြီးများကို တွေ့လိုက်ရသည်။ သို့သော် စားဖိုဆောင်မှ ဟင်းအဖြစ်ချက်ပြီး ကျွန်တော်တို့ထံသို့ ရောက်လာသောအခါ ထိုဥများသည် မစားကောင်းသည့်အရာများသဖွယ် ပါမလာ ပါတော့။ အရွက်များကိုသာ ရလေသည်။ သည်နေ့လည်း မုန့်လာဟင်းဖြစ်၏။ ကျွန်တော် ကတော့ အိမ်မှပါဆယ်ရထားသဖြင့် ယင်းမုန့်လာဟင်းကို ခပ်စိမ်းစိမ်းပင်နေပစ်လိုက် တော့သည်။

×××

"သည်ကနေ့ အင်းစိန်ထောင် ရောက်တဲ့ နှစ်လပြည့် အထိမ်းအမှတ် အထူး စပါယ်ရှယ် ဝက်သားဟင်းနဲ့ ညှော်ခံပါ့မယ်"

ဥက္ကဋ္ဌကြီးတစ်ယောက် ဘာစိတ်ကူးများပေါက်သွားသည်မသိ။ ညနေ ၄ နာရီလောက်ကတည်းက ထ၍ အော်နေလေသည်။ တိုက်တိုက်ဆိုင်ဆိုင် သည်နေ့က လည်း ဝက်သားဟင်းကျွေးသည့်နေ့ ဖြစ်နေပြန်သည်။ မနက် အရုဏ်မတက်မီကပင် တအီအီအော်နေကြသော ဝက်သံများက ဆူညံလွန်းလှ၏။ ဪ···· ညနေကျရင် ငါ့ပန်းကန်ထဲ ရောက်လာမှာ ဘယ်အကောင်ပါလိမ့်ဟူ၍ပင် တွေးမိခဲ့လေသည်။ ခုတော့ ဖြင့် စားရပေတော့မည်။

"ကျွန်တော့်ဘဝဇာတ်ကြောင်း" မ လာသော ဟင်းချိုင့်ကြီးကိုကြည့်လိုက် ရတော့ တံတွေးပင် မျိုချမိလိုက်၏။ ဆီတွေ တဝေ့ဝေ့၊ ကြက်သွန်ဖတ်တွေ တရွှေ ရွှေ။ ကိုယ့်ပန်းကန်ထဲရောက်လာသည်အထိ မထိမကိုင်မိသေး။ ဦးစွာ ပထမ ဝက်ကသိုဏ်း ရှုမိနေသည်။ တစ်ဘက်ခန်းမှ ဥက္ကဋ္ဌကြီး၏ ထမင်းစတင်စားကြစို့ဟု အမိန့်ပွာယ် ရသောအချက်ပေး သီချင်းဖြစ်သည့် 'နိုင်ငံတော်ကို အလေးပြုကြရမယ်' ဟူသော အသံကို မကြားရသေးသဖြင့် စောင့်ဆိုင်းနေမိ၏။ မကြာမီပင် ဥက္ကဋ္ဌကြီးဆီမှ အ ချက်ပေးသီချင်းသံ ပေါ်ထွက်လာသဖြင့် ဝက်သားတုံးကို ကောက်ကိုင်လိုက်တော့မှ ချက်ပြုတ်သူများ၏ အစီအစဉ်ကောင်းပုံကို သဘောကျသွားရတော့သည်။ ထမင်းစားပြီး အသုံးပြုရန် သွားကြားထိုးတံများကိုပါ ထည့်ပေးထား၏။ တစ်ချောင်းစီ ထနေသော ထိုသွားကြားထိုးတံများသည် ဝက်ခေါက်တုံးများပေါ်တွင် အပြိုင်းအရိုင်း။ လက်ညှိုး လက်မကိုသာ ဇာဂနာအဖြစ် အသုံးပြု၍ ယင်းဝက်မွေးများကို နုတ်ရတော့၏။ ပြီးမှ အသားတုံးကို အသေအချာ ဝါးကြည့်တော့··· မြတ်ချွာဖျား····နေရာ ရွှေ့ပြီး ဝါးကြည့်ပြန်သည်။ အို··· နောက်တစ်နေရာပြီးတော့ နောက်တစ်နေရာ နေရာတွေသာ အမျိုးမျိုးပြောင်း၍ ဝါးကြည့်သည်။ အသားတုံးကတော့ အရာမယွင်း။ ဣန္ဒြေကြီးလှပါဘိတော့။ ကမ္ဘာပေါ်တွင် သည်ဝက်သားသည် အနူးညံ့ဆုံးဖြစ်၏ ဟုဆိုကြသည်။ သို့ဆိုလျှင် သည်ဝက်သားသည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော ဝက်သားမာမျိုးဖြစ်ပေလိမ့်မည်။ ကိုက်ရဆွဲရသော ပါးစပ်လည်း အတော်ညောင်း နေပြီဖြစ်ရကာ ယင်းဝက်သားတုံးကို ကျီးကန်းစာအဖြစ်သာ ကျွေးလိုက်ရပေတော့ သည်။

အကယ်၍များ နှုတ်သီးကောက်နေသော ကျီးကန်းတစ်ကောင် တွေ့မိပါလျှင် ကျွန်တော့် ဝက်သားအား ထိုးဆိတ်သွားသော ကျီးကန်းဟူ၍သာ မှတ်ယူကြပါကုန်။

ထိုနေ့က ကျွန်တော့်အခန်းနားနီးချင်းများ၏အဖြစ်ကို တင်ပြလိုပါသည်။

ဥက္ကဋ္ဌကြီးသည် ဝက်သားဖတ်ကိုက်ရင်း အံလွဲသွားသဖြင့် ထမင်းနှစ်ရက် မစားနိုင်။

ကိုဗွေးသည် ဝက်သားဖတ်ကိုက်ဆွဲရင်း အရှိန်လွန်ကာ ထမင်းပန်းကန်မှောက် ကျသွားရရှာသည်။

ချမ်းပီယံဦးတင်ညွန့်ကတော့ ဝက်သားဖတ်ကို ကိုက်ရင်းဆွဲရင်း၊ နှစ်ခြမ်းဖြရင်း၊ သံတိုင်နှင့်ခေါင်းဆောင့်မိကာ နဖူးရောင်ကိုင်းသွားသည်ဟူသတတ်။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com



# ဟဲလို ဒေါက်တာ

အထူးဆောင်ဟု အမည်ရသော ကျွန်တော်တို့ တန်းလျားကို 'ဂီလာနဂေဟာ' ဟုရှုသာ အမည်ပြောင်း လိုက်ချင်တော့၏။

တစ်ယောက်ပြီး တစ်ယောက်၊ ရောဂါတစ်ခု ပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေလေတော့ရာ ဆေးရုံဝန်ထမ်းများ၊ ဆရာဝန်များ ခမျာ ချောင်းပေါက်မတတ် ပင် ခေါက်တုံ့ခေါက်ပြန်လာနေသွားနေရ ရှာလေသည်။

www.burmeseclassic.com

ထောင်မှူးများ ထောင်ကြပ်များမှာလည်း တစ်ယောက်ယောက်တစ်ခုခုဖြစ်တိုင်း တယ်လီဖုန်းကလေးလှည့်ကာ ဆေးရုံသို့အကြောင်းကြားရလွန်းသဖြင့် လက်ပင်ပါးလှာလာပြီလားမဆိုတတ်။

ဦးချိန်မော်ကတော့ ဘာရောဂါမှမဖြစ်။ သူတစ်ဦးတည်းသာ မာမာချာချာကျန်သည်။ ဦးတင်စိုးက စိတ်ရောလူပါ ညှိုးချုံးကျနေရသည့်အထဲ အသည်းရောင်ရောဂါက ဝင်လာရှာသဖြင့် အိပ်ရာထက် ပက်လက်လှန်ကာ ဂလူးကို့စ် သွင်းနေရ၏။

ကိုတင်အောင်က ဝမ်းကိုက်ပြီး အောင်မယ်လေး··· အဘလေး အော်နေရှာသည်။ ကိုဗိုလ်မြကတော့ မူးလဲလိုက် အန်လိုက်ဖြင့် မကြာမကြာဖြစ်နေရှာ၏။ ကိုဗွေးကလည်း ဝမ်းကိုက်လိုက်၊ ခါးကိုက်လိုက်၊ ခေါင်းမူးလိုက်ဖြင့် အလှည့်ကျရောဂါ ဖြစ်ပွားနေလေသည်။ ကျွန်တော်ကတော့ ဝမ်းမခိုင်သူပီပီ တဘွတ်ဘွတ်လျှောနေတော့၏။ ဥက္ကဋ္ဌကြီးကတော့ သွေးတိုးကာ မူးလဲနေရှာ၏။ ဗိုလ်ကြီးအောင်ဝင်းကတော့ ဝမ်းကိုက်နေသည်။ ချုန်ပီယံကြီးကတော့ ရောဂါအထူးအဆန်း ရနေ၏။ မရှိမသေစကား ကပ်ပယ်အိတ်ကြီးသော ရောဂါဖြစ်သည်။ လမ်းလျှောက်မရဟုဆိုသည်။ ထို့ကြောင့်ပင် ကျွန်တော်က သူ့ကိုအမည်ပေးလိုက်သည်။ 'ရွှေဥဒေါင်း'······၊ ရွှေဥကလေးက ဒေါင်းနေသည် မဟုတ်တဲ့လော။

လူနာသတင်းမေးလာကြသော ထောင်ပိုင်ကြီးနှင့် အဖွဲ့ဝင်များမျာလည်း မနက်တစ်ခေါက် ညနေတစ်ခေါက် ညတစ်ခေါက် မှန်မှန်လာနေကြသည်။ သည်လိုအခါမျိုးတွင် အားပေးစကားသည် ရွှေထက် တန်ဖိုးအဆမတန်ကြီးမားလှပေ၏။

×××

ဥက္ကဋ္ဌကြီး၏ ဆတ်ဆော့မှုကြောင့် ဆံပင်ညှပ်ဆရာသည် ကြွချီလာတော့၏။ ထောင်ပိုင်ကြီးက လူနာသတင်း မေးလာစဉ်က ဥက္ကဋ္ဌကြီးသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရိတ်လိုကြောင်း ပြောလိုက်ရာ ထောင်ပိုင်ကြီးက စီစဉ်ပေးပါ့မည်ဟု ကတိပေးခဲ့လေသည်။ များမကြာမီမှာပင် မုတ်ဆိတ် နှုတ်ခမ်းမွေးသာမက ရှိသမျှအမွေး









အကုန်ရိတ်မည့် ဆံပင်ညှပ်ဆရာ ကိုပြာယာရောက်လာပေတော့၏။

ပါးစပ်ကလည်း ဗလစ်ဗလစ်ပြော၊ လက်ကလည်း ကလစ်ကလစ်နှင့်ညှပ်။ လူကလည်း တစ်စက်ကလေးမှ မငြိမ်။ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ဖင်ကုတ်လိုက်၊ ပေါင်ကုတ်လိုက်··· ပြီးတော့·· ကျွန်တော့်ခေါင်းကိုင်လိုက်ဖြင့် အဆင်ကိုပြေနေတော့၏။

သည်အထဲ မောင်မင်းကြီးသားက အတည်ပေါက်ကြီး ဖြီးနေပြန်သည်။ ရွေးကောက်ပွဲက လာမည့်မတ်လတွင် လုပ်တော့မည်။ ကျောင်းသားတွေက စစ်တပ်နှင့် ပြိုင်တိုက်နေပြီ။ နိုင်ငံခြားအကူအညီကြောင့် လက်နက်တွေ အရမ်းကောင်းသည်။ စသည်···စသည်ဖြင့် ရေပက်မဝင် ပြောနေလေသည်။ ကျွန်တော့်မှာတော့ အောင့်သက်သက်ကြီး နားထောင်နေရလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ကို တစ်ချိန်လုံး 'ကိုမိုးဝင်း' 'ကိုမိုးဝင်း'ဟူ၍ ခေါ်နေသောကြောင့်ပင်။ ဒါနှင့်မပြီးသေး။ သူတို့ဌာနေ မြင်းခြံမြို့သို့ရောက်လျှင် လက်မှတ်အလကားပေးရမည်ဆိုတာက ပါသေးသည်။ နှစ်ပါးသွားကနေရင်း မင်းသမီးကို ဖက်ရင် ဘယ်လိုနေသလဲဆိုတာမျိုးလည်း မကျန်စေရ။ ကျွန်တော့်မှာတော့ မှန်ကြည့်စရာ မရှိသဖြင့် သူဘယ်လိုညှပ်လို့ ဘာပုံထွက်ပြီလဲဆိုတာ မမြင်နိုင်သောကြောင့် သူပြောသမျှ ငြိမ်နားထောင် သူပြုသမျှ နနေရတော့၏။ နောက်မှသိရသည်က တစ်ဘက်ခန်းမှ ကိုဗွေးအားလည်း 'ဇာဂနာ'၊ ကိုဗိုလ်မြအား 'ဇင်ဝိုင်း' ဟူ၍ ခေါ်ပြောဆက်ဆံသွားသေးသည်တဲ့။

ထို ကိုရွှေဆံပင်ညှပ်ဆရာ ပြန်ကြွသွားပြီးသည့်နောက် ကျွန်တော့်မှာ အခန်းတွင်းသို့ ပြေးဝင်ကာ ကျွန်တော်၏ တစ်ခုတည်းသော ကြေးမုံပြင်ဖြစ်သည့် စဉ့်အိုးကြီးထဲသို့ ငုံ့ကြည့်လိုက်သည့်အခါမှာတော့ ···

အလို··· မြတ်စွာဖုရား ကုန်ပါပကောလား ···

ဘေးနှစ်ဖက်ပြောင်၊ နောက်ဖက်ပြောင်၊ ထိပ်တည့်တည့်မှာသာ စုစုပုံပုံလေးရှိနေသည့် စာပေဗိမာန် စာအုပ်တံဆိပ်နှင့်တူသော ဆံပင်ပုံကို ဘွားခနဲတွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဩော်… ဘိုကေတစ်လုံးဖြင့် ဆုံးရှာလေပြီတည်း …။

×××

အဝေးမှ သံချောင်းခေါက်သံက လွင့်ပျံ့လာသည်။

ငါးနာရီထိုးပြီကိုး။

ရောက်ခါစက သည်နာရီသံချောင်းသံသည် တော်တော်မျက်စိလည်စေ၏။ ရင်းနှီးကျွမ်းဝင်သွားသည့်အခါမှာတော့ သဘောပေါက်ကျကျ ဖြစ်ရသည်။ သည်သံချောင်းက ၁၅ မိနစ်တစ်ခါဖြစ်သည်။ ၁၅ မိနစ်ဆိုလျှင် တစ်ချက်၊ နာရီဝက်ကို နှစ်ချက်၊ လေးဆယ့်ငါးမိနစ်ဆိုလျှင် သုံးချက်၊ တစ်နာရီပြည့်လျှင် လေးချက်ခေါက်၏။ အကယ်၍ ဆယ်နာရီ ထိုးပြီဆိုပါက ပထမဦးဆုံး လေးချက်ခေါက်ပြီးမှ ဆယ်ချက်ခေါက်သည်။ စုစုပေါင်း ဆယ့်လေးချက်။ ထို့ကြောင့် သည်အသံကို ကြားကာစက ဘယ့်နှယ်.. ဆယ့်လေးနာရီ ဆယ့်ငါးနာရီဖြစ်လို့ မှားများနေပြီလား ငါပဲ ရူးသွားလေပြီလားဟု တွေးမိခဲ့၏။

သည်သံချောင်းနှင့် ပတ်သက်၍ ရယ်စရာတစ်ခုရှိသည်။ ထောင်တာဝန်ကြပ်တစ်ဦးသည် မျောက်ကလေးတစ်ကောင် မွေးထား၏။ သည်မျောက်ကလေးက အလွန်လိမ္မာသည်။ ညဘက် ထိုတာဝန်ကြပ် ကင်းကျလျှင် မျောက်ကလေးကိုပါ ခေါ်သွားသည်။ ၁၅ မိနစ်တစ်ခါ ခေါက်ရသော သံချောင်းကို မျောက်က ခေါက်ပေးသည်။ လူကတော့ သံချောင်းနားမှာ တုံးလုံးလှဲအိပ်နေရုံပင်။ တစ်နေ့တော့ မျောက်က ဘာစိတ်ကူးပေါက်သည်မသိ၊ ညသန်းခေါင်ကြီး တခေါင်ခေါင် တခေါင်ခေါင်နှင့် အဆက်မပြတ်ခေါက်လေတော့သည်။

တစ်ထောင်လုံးလည်း အလန့်တကြားဖြစ်ပြီး၊ မီးလောင်သလား၊ ထောင်ပေါက်သလားနှင့် ဝရုန်းသုန်းကား ထပြေးကြတော့၏။ သို့သော်ငြား ထိုတာဝန်ကြပ်ကတော့ လုံးဝ မနိုး။ နောက်ဆုံးရလဒ်ကတော့ ထိုပုဂ္ဂိုလ်မှာ အလုပ်ပြုတ်သွားခြင်းပင်။

တွေးမိတွေးရာ တွေးနေဆဲ ဖြုန်းခနဲ တံခါးပိတ်သံကြားတော့ လန့်သွားသည်။





စောစောစီးစီး ဘာလုပ်ကြမလို့ပါလိမ့်။ အေးမှာစိုးလို့ လေတိုက်မခံရအောင် စေတနာဗရပွနဲ့ လာပိတ်ပေးခြင်းကား မဖြစ်နိုင်။ ဘာများထူးလို့ပါလိမ့်။

မကြာမီမှာပင် သတင်းက အပြည့်အစုံ ရောက်လာသည်။ အခန်း ၂ မှာ လူသစ်တစ်ဦး ဝင်လာလေပြီ။ အမည်က ဗိုလ်ကြီးဝင်းသိန်း။ နိုင်ငံတော်လုပ်ကြံမှုဖြစ်ပေါ်ခဲ့စဉ်က ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အတူတွဲခဲ့သည့် ဗိုလ်ကြီးဝင်းသိန်း ဖြစ်သည်။ အရေးအခင်းများကာလက သူနှင့် မကြာခဏ ဆုံခဲ့ရဖူး၏။ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနှင့် သူအမြဲရှိသည်။ ဦးတင်ဦး သွားလေရာ သူပါလေ့ရှိသည်။ သူ့ကို ဘာကြောင့်ဖမ်းသနည်း။ သူကိုယ်တိုင်ပင် မသိရှာ။ သူ့ထံသို့ အောက်တို ဘာလ ၁၇ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမမှ လှမ်း၍ ဖုန်းဆက်ခေါ်သည်။ ဆွေးနွေးစရာရှိလို့ ခေါ်ကြွပါ။ သူလည်း အလျင်အမြန် ထွက်သွားလိုက်မိသည်။ ဟိုရောက်တော့ သူ့ကို ဆီးဖမ်းကာ ထောက်လှမ်းရေး (၇) သို့ ပို့လိုက်တော့၏။ ထိုမှတစ်ဆင့် အင်းစိန်ထောင်တိုက် ၁ သို့ ရောက်လာခဲ့လေသည်။ ယင်းတိုက်ထဲတွင် သူနှင့်အတူ ဂျည်ညီနှင့် ကျောင်းသားအနည်းငယ်ရှိသည်ဆို၏။

ဘာပဲဖြစ်ဖြစ် လူသစ်တစ်ယောက် ရောက်သည်ဆိုတော့ စကားအသစ်ပြောရသည်ပေါ့။

×××

"လုပ်ကြပါဦးဗျို့…… ရေတွေပိတ်ပေးပါ ရေကြောက်တယ် …ရေကြောက်တယ်…"

ဟာ… ဘာဖြစ်ပလဲ။ ကိုဗိုလ်မြတစ်ယောက် ဘာထပေါက်ပြီလဲ။ ထောင်ဝန်ထမ်းများလည်း အပြေးအလွှား ရောက်လာကြသည်။ ကိုဗိုလ်မြကတော့ သံတိုင်ကြီးကိုင်ပြီး အော်နေသည်ဆို၏။ ဘာမှလည်း မေးမရ။ ရေပိတ်ပေးဖို့ကိုသာ တွင်တွင်ပြောနေလေတော့သည်။ သို့ဖြင့် ဝန်ထမ်းများလည်း သူ့ကို ဖျောင်းဖျကာ ရေဘုံဘိုင်ဝင်ပိတ်ပေးကြလေ၏။ ကိုဗိုလ်မြကတော့ တံခါးဝမှာ တုတ်တုတ်မလှုပ်။ ငုတ်တုတ်ထိုင်နေ

www.burmeseclassic.com

လေတော့သည်။

သည်ကိုမြကတော့ သည်အတိုင်း တစ်ခုတစ်ခု အထိတ်တလန့်မလုပ်ရလျှင် မနေနိုင်။ တစ်နေ့ကလည်း တစ်ညလုံး တရားထိုင်သည်တဲ့။ မနက်မိုးလည်း လင်းရော သိတ်ခါးအဝမှာ မှောက်လျက်ကြီးလဲနေလေသည်။ ဆရာဝန်တွေ အပြေးအလွှားခေါ်၊ အားဆေးတွေသွင်း၊ အိပ်ဆေးတွေပေးဖြင့် အားလုံး အလုပ်ရှုပ်ခဲ့ကြပြီးပြီ။ ပြီးခဲ့သည့် တစ်ရက် နှစ်ရက်ကလည်း သူ့ကိုယ်သူ သတ်သေတော့မည်ဆိုကာ စောင်များကို ကြိုးကျစ်သလို ကျစ်နေသည်ဆို၏။ သူ သတ်သေမည့် ကိစ္စကလည်း အဆန်းသား။ အခန်း နီးနားချင်းများကို သူသေမည့်အချိန်ကို ကြိုတင် အသိပေးလိုက်သည်။ ည ၆ နာရီ တိတိတွင် သတ်သေမည်ဟု မနက် ၈ နာရီထိုးကတည်းက ကြေညာလိုက်လေသည်။ အားလုံးကလည်း ဝိုင်းတားကြလေသည်။ သို့သော်မရ သူကတော့ နောက်မဆုတ်၊ မှာစရာရှိသည်များကိုသာ အတွင်းသား ပြောနေတော့၏။ ကြာတော့ ကျွန်တော်လည်း နားကြားပြင်းကတ်လာသည်။ 'ကိုင်း… ကိုမြ… ည ၆ နာရီထိ စောင့်မနေနဲ့။ သေစရာရှိ အခုသေ၊ ခင်ဗျား သေရင် ကျွန်တော်တို့ လွတ်မှာသေချာတယ်။ အခုပဲ ကြိုးဆွဲချ သေလိုက်စမ်းဗျာ၊ စောင်လိုသေးရင် ပြော' ဟု အားပါးတရ ဝမ်းပန်းတသာလည်း အကြောင်းကြားလိုက်ရာ သူ၏ သတ်သေမည့် အစီအစဉ်သည် အလိုအလျောက် ရက် အကန့်အသတ်အမရှိ ရွှေ့ဆိုင်းသွားလေတော့သည်။

မနေ့ကလည်း ဘာ ထဖြစ်သည်မသိ။ အခန်းနံရံတွေ ကြမ်းပြင်တွေကို တဒုံးဒုံး တဒိုင်းဒိုင်း ထုရင်း ရှုရှိတွေ၊ ရှုရမ်တွေ၊ ခုတွေ၊ ခွမ်တွေ ရွတ်ဖတ်နေပြန် သည်။ စုံစမ်းမေးမြန်းကြည့်တော့ သူ့အား မကောင်းကြံသူများ 'အင်း' ဖြင့် တန်ပြန် တိုက်ခိုက်နေသည်ဆို၏။ သူ့မှာ တန်ပြန်အင်း၊ ရေအင်း၊ မီးအင်း၊ ကိုယ်ပျောက်အင်း၊ ဓားပြီးအင်း စသည် စသည့် အင်းအိုင်လက်ဖွဲ့များ လုပ်သည့်နည်းတွေ ရှိသည်ဆို၏။ ခု သူ ကြံစည် ကြိုးပမ်းလိုက်ရာ တန်ပြန်အင်း ရပြီဖြစ်၍ သူ့ရန်သူများကို အမှုန့်ချေရန် စတင်ဆောင်ရွက်နေပြီဟု ရှင်းပြလေသည်။ ကျွန်တော်က စကားတစ်ခွန်းလောက် ပြော





လိုက်ရာ ကိုမိုလ်မြသည် ရှုးရှုးရှားရှား ဖြစ်သွားပြီး ကျွန်တော့်အား စကားမပြောတော့ဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း စကားမပြောတော့ဘဲ ငြိမ်ကျသွားပြန်တော့သည်။ ကျွန်တော် ပြောလိုက်သည့်စကားမှာ…

"ကျွန်တော့်မှာလည်း အင်းရှိတယ်ဗျ ခင်ဗျားနဲ့တော့မတူဘူး အင်းဂလိပ်"တဲ့ ဟူ၍ပင်တည်း။

အခုလည်း ရေကြောက်သည့်ရောဂါဖြစ်လာပြန်ပြီ။ ဘယ်က ဘယ်လို အစပျိုး လာသည်လည်း မသိ။ ထောင်ဝန်ထမ်းများကတော့ သူ့အခန်းရှေ့မှာ မတ်တတ် ရပ် လျက် တစ်မျိုး၊ ထိုင်လျက် တစ်ဖုံ စောင့်နေကြရရှာလေသည်။ မကြာမီ ဆရာဝန် ရောက်လာတော့သည်။ ထောင်ပိုင်ကြီးများ ထောင်မှူးကြီးများပါ ပါလာ၏။ လိုအပ်သည့် စစ်ဆေးမှုများ ကို ပြုလုပ်ပြီး အဖြေက ထွက်လာသည်။ ခွေးရူးပြန်တာတဲ့။ လွန်ခဲ့သည့် ၆ လခန့်က ကိုမိုလ်မြသည် ခွေးကိုက်ခံရဖူးသည် ဆို၏။ ထို့ကြောင့် ဆရာဝန်က လိုအပ် သောဆေးများ ထိုးပေးပြီး နက်ဖြန် ဆေးရုံတင်ရန် အဆင့်ဆင့်တင်ပြစရာရှိ သည်များကို ဆောင်ရွက်ရန် ညွှန်ကြားလိုက်လေသည်။


ထိုညနေက နာရီပြန်တစ်ချက်လောက်တွင် ကိုမိုလ်မြ၏ အခန်းမှ ရေထ သောက်သော အသံကြားရသည်ဟု ကိုဌေးက ပြောလေသည်။ ခွေးရူးပြန်သူ ရေသောက် သည်မှာတော့ အလွန်ထူးဆန်းလှပေ၏။

ပသို့ဆိုစေ နောက်တစ်နေ့မနက်မှာတော့ ကိုမိုလ်မြကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ခေါ်ဆောင်သွားလေတော့သည်။ ထောင်ဝန်ထမ်းများကလည်း ဟာလို… ဓါက်တာ လုပ်ရသောဘေးမှ ကင်းခဲ့လေပြီတည်း။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com 



# ငါးမည်ရ ကာဂနာ

“မဟာလွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့လို့ ဂျပန်ပြည်မှာ ကွယ်… နည်းနည်းလေးချစ်တာ မလောက်လို့ များများကြီး ချစ်ပါဦးလို့… ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကျဲပြန့်နေ… ဟားဟား ဟားဟား ×××× ဦးမဲခေါင် ခင်ဗျား ကျုပ်တို့ဆီက လိမ်ပြီးယူသွားတဲ့ ပိုက်ဆံဆယ်သိန်း ဘယ်မှာလဲ…မောင်နေရင်လေ မီးတွန်းလိုက် နာကျင်သူကို ပြုံစုလိုက်”

www.burmeseclassic.com

www.burmeseclassic.com

မျက်စိနောက်သွားပါသလား စာရှုသူ။ ရှင်းပြပါမည် ခင်ဗျား။ ကျွန်တော် ကြားရသည့်အတိုင်း အမှန်အတိုင်း ရေးပြခြင်းဖြစ်ပါသည်။ ယုံပါခင်ဗျာ။

သည်အင်းစိန်ထောင် ပတ်ဝန်းကျင် ရပ်ကွက်များသည် အလွန်တရာ အုံ့ဩ ဖွယ်ကောင်းလှသည်။ မြန်မာပြည်အရပ်ရပ်သို့ ကျွန်တော် ရောက်ဖူးသော်လည်း၊ သည်ဒေသလို လော်စပီကာကြိုက်သော၊ လော်ကြိုက်ရပ်ကွက်ကို မတွေ့ဘူးခဲ့ချေ။ မင်္ဂလာဆောင်လည်းဖွင့်၊ အသုဘလည်းဖွင့်၊ မွေးနေ့လည်းဖွင့်၊ ဆွမ်းကျွေးလည်းဖွင့် ကင်ပွန်းတပ်လည်းဖွင့် ယုတ်စွအဆုံး အပျင်းပြေ သီချင်းဆိုရန်ပါ ဖွင့်ကြသည်။ တကယ်ပါ ဘုရားစူးရပါစေရဲ့။ သီချင်းတစ်ပုဒ် ဥပမာ ရွှေလည်တိုင် ဆိုပါစို့။ တင်တင်မူ အသံဖြင့် အရင်ဖွင့်သည်။ ပြီးတော့ အရပ်ထဲမှ အမျိုးသမီးငယ်တစ်ဦးက အတီးမပါ အဆိုသက်သက်ဖြင့် ထိုရွှေလည်တိုင်ကို ဆိုပါလေတော့သည်။ တစ်ခါ တွဲတေးသိန်းတန်၏ နမလှကျော်လျှော့နေလေတော့ကို ဖွင့်သည်။ ပြီးတော့ အမျိုးသား တစ်ဦးက ဗလာချည်းသက်သက် ထိုသီချင်းကို ထပ်၍ဆိုပြန်ပါသည်။ ဘာရောဂါလဲ၊ ဘာဝေဒနာလဲ၊ ဘာမှန်းမသိရအောင်ပင် အူလည်လည်ဖြစ်ခဲ့ရပါသည်။

သည်ကနေ့တော့ နိုင်ငံတော်ရုံးပိတ်ရက်ဖြစ်သဖြင့် တစ်ကြောင်း၊ လွတ်လပ်ရေး အခါသမယကြီးမို့တစ်ကြောင်း၊ လွတ်လွတ်လပ်လပ်ကြီးပင် နံနက်လေးနာရီ ထိုးကတည်း က အသံချဲ့စက်လေးငါးလုံးသည် အပြိုင်အဆိုင်ကြီးပင်ဖွင့်ကြပါလေတော့သည်။ တစ်ခု က ခေတ်ဟောင်းသီချင်းဆိုလျှင် တစ်ခုက စတီရီယို၊ သီချင်းနောက်တစ်ခုက စာတ် လမ်း၊ ကျန်တစ်ခုက ဓာတ်ထုတ်။ အို တစ်မျိုးနှင့် တစ်မျိုး မရိုးစေရ။ မထပ်စေရ။

ယိုသမျှရေး ပုစွန်ဆိတ်ခေါင်းပေါ်ပုံ ဆိုသလို ဖွင့်သမျှသီချင်း သည်ထောင်ထဲမှာ လာ၍ဆုံနေကြရာကား ကျွန်တော်တို့မှာ တစ်ခန်းနှင့် တစ်ခန်းစကားမှာပင် လှမ်းမပြော နိုင်တော့ဘဲ သည်အသံများ နားမည့် ရပ်မည့်အချိန်ကိုသာ စောင့်နေရပါတော့သည်။ သို့သော်ငြား ည ၉ နာရီ အိပ်ချိန်ရောက်သည်အထိ တစ်စက်ကလေးမှပင် အနားမယူ ကြသေးသဖြင့် ကျွန်တော်တို့အားလုံး လက်မြှောက်အရှုံးပေးကာ အိပ်တန်းတက်ကြရပါ တော့၏။

×××







ဒုတိယအကြိမ် စိုက်ထားသော မုန်လာခင်းကြီးသည်ပင် လေးဆယ့်ငါးရက် ပြည့်ပြီဖြစ်သဖြင့် စတင်၍ နှုတ်ယူနေကြလေပြီ။ လမ်းဟိုမှာ ဘက်ခြမ်းဆိုလျှင် တစ်ပင် မှပင် မကျန်တော့။ ကျောဘက်မှ စိုက်ခင်းသည်ပင် ချဉ်ပေါင်ခင်းအဖြစ် အသွင် ပြောင်းသွားလေပြီ။ ရှေ့တူရူမှာ တွေ့ခဲ့ရသော မီးလောင်အဆောက်အအုံကြီးသည်ပင် ယခုတော့ဖြင့် သစ်သားကာသွပ်မိုးဖြင့် အသစ်ဆောက်ပြီးသွားလေပြီ။ သုံးလကျော်ကြာ အောင် အတူနေခဲ့ရသော ဦးတင်စိုးလည်း လွတ်သွားပြီ။ ထောင်မှူးအေဝမ်း ဦးတင်မောင်လည်း ကော့သောင်းသို့ ပြောင်းသွားလေပြီ။ သူ့နေရာမှာ ဦးကိုကိုနိုင်ဆို သူကို အစားထိုးလိုက်လေသည်။ ကျွန်တော်ကတော့ ဦးကိုကိုနိုင်ကို အာလာဒင်ဟု အမည်ပေးထား၏။ သဘောကောင်းသော၊ ပြည့်ဝသော၊ ကူညီချင်စိတ်ရှိသော၊ ကြင်နာ တတ်သော သည်ထောင်မှူးကို ခင်မင်မိသည်မှာ ကျွန်တော်တို့ အလွန်မဟုတ်။

ဤသို့လျှင် အခြေအနေတွေ လှုတွေသာ ပြောင်းလဲသွားကြသည်။ ကျွန်တော်တို့က တော့ တုတ်တုတ်မျှမလှုပ်သေး။ အပြင်မှ ကြားရသည့်သတင်းများကလည်း အကောင်း လား၊ အဆိုးလား ကွဲကွဲပြားပြား ခွဲခွဲခြားခြား မလုပ်နိုင်သေး။ တိုင်းပြည်အခြေအနေ မအေးချမ်းသမျှ အပြင်ပြန်မရောက်ဟုဆိုလျှင် သည်ဘဝသည် ထောင်ထဲမှာပင် ချုပ်ငြိမ်းရပေလိမ့်မည်။ ပြီးခဲ့သည့် ဇန်နဝါရီလဆန်းပိုင်းကပင် ဒေါ်ခင်ကြည် ရှာပန နှင့် ပတ်သက်ပြီး လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သေးကြောင်း သတင်းကြားရသေးသည်။ နောက်အလားအလာတွေကိုလည်း မြင်နေသေးသည်။ မတ်လ မောင်ဖုန်းမော်နေ့၊ ဇွန်လ မြေနီကုန်း အရေးအခင်း.... ဒါတွေလည်း စဉ်ဆက်မပြတ်လာနိုင်သေး၏။ ကြွက်သေတစ်ခု အရင်းပြုဟုသည်မှာ မှန်၏။ သို့သော် လောလောဆယ် အခြေအနေမှာ ထိုးမည့်ဆင် နောက်တစ်လှမ်း ဆုတ်သင့်ပေသည်။ ကိုယ်ကတော့ ဘာမှမတတ်နိုင်။ အကြံလည်း မပေးနိုင်။ မာန်လည်း မပေးနိုင်။ ရှေ့က မြေကြီးပေါ်စောင် ခြေချချင်လို့ ချခွင့်မရှိသည့်ဘဝမှာ မဟုတ်လား။

ထူးခြားချက်ကလေးများကတော့ ကြုံလာရသည်။ ပထမတော့ ဘာမှန်းမသိ။ တစ်ခုသော ညနေခင်းတွင် ဆရာဝန်များ ဆေးမှူးများနှင့် ထောင်ပိုင်ကြီးတို့ ရောက်လာ





www.burmeseclassic.com

www.burmeseclassic.com

ပြီး ကျွန်တော်နှင့် ကိုဗွေး နှစ်ဦးတည်းကို ကွက်၍ ဆေးလာစစ်လေသည်။ ညဘက် ၈ နာရီ အချိန်ခန့်တွင်လည်း ကိုယ်ရေးရာဇဝင်အကျဉ်းလာယူပါသေးသည်။ နောက်တစ်နေ့မှာလည်း အကျဉ်းဦးစီးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဇော်မင်းတို့အဖွဲ့ရောက်လာပြီး လိုအပ်သည်များကို ပြောဆိုရန်၊ အားမနာရန် လာပြောပြန်လေရာ နည်းနည်းတော့ ထူးသည်ဟု တွေးမိနေ၏။

ဘာပဲဖြစ်ဖြစ် ထမင်းဟင်းကတော့ ယခင်ကထက် ပိုကောင်းလာသည်မှာ အမှန်။ နေ့တိုင်း ဆီပြန်အသားဟင်း။ တကယ့်ဆီပြန်ဟင်းဖြစ်သည်။ ယခင်ကလို ဆီတွေအားလုံး ပျံတက်ကုန်သည့် ဆီပျံဟင်းမဟုတ်။ နောက်ပြီး ဆေးလိပ်သောက်ရသည်။ ထိုဗိုလ်မှူးကြီးကပင် သူ့အိတ်ထဲမှ စိုက်ပြီး ဝယ်တိုက်ခြင်းဖြစ်၏။ တစ်နေ့လျှင် နွားဆေးလိပ် ၃ လိပ်နှုန်းဖြစ်သည်။

ဘာကြောင့် ဤသို့ ထူးနေသနည်း။ ကောင်းနေသနည်း။ အဖြေကား မသိရသေး။ သည်ပဟေဠိကို မည်သို့လျှင် အဖြေညှိရမည်နည်း။ ပို၍ ပို၍တင်းကျပ်လာသော လုံခြုံရေးစည်းကမ်းများကြောင့် ဝန်ထမ်းများမှာ ကျွန်တော်တို့နှင့် စကားပြောဖို့နေနေသာသာ အခန်းရှေ့မှပင် ဖြတ်မလျှောက်ကြရတော့သဖြင့် ကျွန်တော်တို့၏ စုံစမ်းရေးကော်မရှင်မှာ အကျပ်တွေ့နေရတော့သည်။

သည်အထဲ ဦးတင်စိုး ယခင်နေသွားသည့် အခန်းအမှတ် ၃ သို့ ကိုမြင့်သိန်း ဆိုသူ သူနိုးကြီးတစ်ဦးရောက်လာရာ ပိုလို့ဆိုးသွားပါတော့၏။ ကိုမြင့်သိန်းကို သူနိုးကြီးဟု သုံးနှုန်းလိုက်ခြင်းမှာ ရင့်သီးလို၍၊ နှိမ့်ချလို၍မဟုတ်ပါ။ သူကိုယ်တိုင်က သူ့ကို သူနိုးကြီးဟုခေါ်လျှင် ဂုဏ်ယူတတ်သောကြောင့် အကျေနပ်ကြီး ကျေနပ်တတ်သောကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ကိုမြင့်သိန်းအကြောင်း အနည်းငယ် ကြားဖြတ်အစီရင်ခံလိုပါသည်။ ကိုမြင့်သိန်းသည် နယ်နယ်ရရ သူနိုးမဟုတ်ပါ။ ထဘီရုပ်သော၊ စက်ဘီး ယူသော သူနိုးအပေါစား မဟုတ်ပါ။ စီမံကိန်းနှင့် စနစ်တကျအကောင်အထည် ဖော်တတ်သော သိန်းချီနိုးသည့် ဘဏ်ဖောက်နိုးသည့် ဘဏ်ဖောက်ထွင်းသူနိုး၊ စိန်တိုက်ဖောက်





သူနိုးဖြစ်သည်။ အသုံးအစွဲ လက်ဖွာသူဖြစ်သည့် အားလျော်စွာ တစ်ထောင်လုံး သူ့လုပ်စာနှင့်ကင်းသူမရှိ။ ထို့ကြောင့်ပင် သူ့ကိုထောင်မှာ နေရာထားဆက်ဆံသည်။ သူကလည်း ဝန်ထမ်းများကို သူ့ကြောင့် အနှောင့်အယှက်မဖြစ်စေရပေ။ အကျဉ်းသားများကိုနိုင်သည်မှာလည်း သူတစ်ယောက်တည်း ရှိသည်။ ထောင်မင်းသားဟု ဆိုရပေမည်။ အင်းစိန်ထောင်ကြီး မီးဟုန်းဟုန်း လောင်နေတုန်းက ကိုမြင့်သိန်းသည် တစ်ထောင်လုံးထိန်းထားသူဖြစ်၏။ သူ့ကြောင့်ပင် ဝန်ထမ်းအချို့ အသက်ချမ်းသာရာရခဲ့ရလေသည်။ တာဝန်ရှိပုဂ္ဂိုလ်များကလည်း သူ့ကိုကျေးဇူးတင်ကြသည်။ ခုတော့ ထောင်မီးလောင်သည့်ကိစ္စနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းစရာရှိသောကြောင့် သည်နေရာကို ခေါ်လာခြင်းဖြစ်သည်။

သို့သော်လည်း သည်နေရာသည် နိုင်ငံရေးအကျဉ်းသား သီးသန့်ဖြစ်သည်။ ရာဇဝတ်အကျဉ်းသားများ ထားရာနေရာမဟုတ်။ ထို့ကြောင့် ကျွန်တော်တို့ တန်းလျားတစ်ခုလုံး သူ့ကို အဆက်အသွယ်မလုပ်ရဲ။ စကားမပြောရဲ။ သည်ပုဂ္ဂိုလ်ကို ထောက်လှမ်းရေးမဟုတ်ဘူးဟု ဘယ်သူမှမပြောနိုင်ပါ။ ထို့ကြောင့်ပင် ကျွန်တော်တို့မှာ တစ်ခန်းနှင့် တစ်ခန်းလည်း စကားပြောခွင့် ဆုံးရှုံးလာရတော့၏။ ဖြစ်ပျက်ပြောင်းလဲသော အခြေအနေများကို သိလိုစိတ်ကလည်း တစ်ဘက်မှာ ပြင်းထန်နေပေတော့သည်။

မကြာပါချေ။ သိခွင့်ကြုံလာရတော့သည်။ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဇော်မင်း၏ နှုတ်မှ လွှတ်ခနဲပြောလိုက်သော စကားစကို အခြေတည်၍ အဖြေရလာခြင်းဖြစ်၏။ လူကြံက ဆန်တောင်ထမင်းဖြစ်သည်ပဲလေ။

တစ်နေ့ ဗိုလ်မှူးကြီးဇော်မင်းသည် ကျွန်တော့်အခန်းရှေ့ရောက်သနိုက် သူ့နောက်မှာ ပါလာသူ လူအချို့ကို "ကဲကြည့်ပါဦး၊ ဝလို့လှလို့ သွားတွေလည်း အပြည့်ပါဗျ။ ဟော့ကိုဇာဂနာ.... ပါးစပ်ဟပြလိုက်ပါဦး"ဟု ရယ်ရယ်မောမော ပြောလိုက်လေရာ.... ကျွန်တော့်မှာ သဲလွန်စတစ်ခု ရလိုက်လေသည်။

စကန်မုချ ပြင်ပလောကတွင် ကျွန်တော်နှင့်ပတ်သက်သော ကောလာဟလတစ်ခုသည် ပြင်းပြင်းထန်ထန်ပေါ် ပေါက်နေလေပြီ။ ကျွန်တော့်မှာ သွားတွေမရှိ

www.burmeseclassic.com

တော့ဘူး (သို့တည်းမဟုတ်) သွားတချို့ ရိုက်ချိုးခံထားရတယ် စသဖြင့် တစ်စုံတစ်ရာ ဖြစ်ပေါ်နေပြီထင်သည်။ သည်အချက်ကို အခြေခံ၍ ဆက်လက်စုံစမ်းရပေမည်။ ဦးစွာပထမ သဘောကောင်းသော ဓမ္မကထိက အာဘဦးဌေးစိုးကို စကားတောက်ကြည့်ရသည်။

"အဘ.... နေ့ခင်းက ညွှန်ချုပ်ကြီးက ပြောတယ်။ ကျွန်တော့် သွားတွေ မရှိတော့ဘူးလို့ အပြင်မှာပြောနေကြတယ်ဆို"

"အေး...ဟောကောင် ဘယ်သူမှ လျှောက်မပြောနဲ့ သတင်းစာရှင်းလင်းပွဲမှာ မင်းအကြောင်း နိုင်ငံခြားက မေးတယ်ကွ"

ဟုတ်ကပြီ။ ပထမအဆင့်ကတော့ ရှောရှောရှူရှူပဲ။ သည်တော့ နောက်တစ်ဆင့် တိုးလိုက်သည်။ ထောင်မှူး အာလာဒင်။

"အစ်ကို သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်သွားတွေ မရှိတော့ဘူးလို့ မေးတယ်ဆို"

အာလာဒင် အံ့ဩသွားသည်။ ဘေးဘီကို လှည့်ကြည့်ပြီးမှ ...

"ဘယ်သူပြောလဲ"

"မနေ့က ညွှန်ချုပ်ကြီးပြောသွားတာပဲ"

"ဒီလိုကွ"

ဤသို့ဖြင့် ကျွန်တော်နှင့်ပတ်သက်သော သတင်းအစုံအလင်ကို သိလိုက်ရပေပြီ။ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားသတင်းထောက်များက "ကျွန်တော်သေပြီဆိုတာ ဟုတ်လား၊ ဘယ်မှာလဲ၊ ဘာလို့ဖမ်းတာလဲ၊ သွားတွေမရှိတော့ဘူးဆိုတာ ဟုတ်လား" စသည်ဖြင့် မေးမြန်းကြရာ န.ဝ.တ သတင်းထုတ်ပြန်ရေးအဖွဲ့မှ မဟုတ်ကြောင်း၊ အကောင်း ပကတိရှိကြောင်း တပ်မတော်ကို ပြိုကွဲအောင် သပ်လျှိုလို့ ဖမ်းထားရခြင်း ဖြစ်ကြောင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းသည်ဟု သိရှိရလေသည်။ ထိုအခါမှပင် ကျွန်တော့်မှာလည်း အိုးဟိုး... ဒါကြောင့်ကိုးဟု ရေရွတ်နိုင်တော့သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နာမည်တစ်လုံး အဖတ်တင်သွားပြန်လေပြီ။





တပ်မတော်ကို သပ်လျှိုသည်ဆိုသဖြင့် 'သပ်ကြီး' ပေကိုးဟု။

သူတစ်ပါးကို လိုက်လံနာမည်ပေးတတ်သဖြင့် ကျွန်တော့်အားလည်း အခန်းနီးနားပတ်ဝန်းကျင်များက နာမည်အမျိုးမျိုးပေးကြရာ ဒါပါနှင့်ဆိုလျှင် ငါးမျိုးရှိလေပြီ။ သည်တော့ ငါးမည်ရ ဇာဂနာပေါ့။

သူတစ်ပါးကို မခံချင်ဖြစ်အောင် လိုက်လိုက် စတတ်သဖြင့် 'မြဝတီဦးစ'။

သူတစ်ဖက်သားကို လိမ်လည်လှည့်ဖျား မဟုတ်မဟပ် လုပ်ဇာတ်ဆင်ပြောတတ်လွန်းသောကြောင့် 'ကိုးသွင်း ဘုရင်'။

WORLDWIDE PERSON ခေါ် ကမ္ဘာကသိပြီး ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆသောကြောင့် ဗိုလ်ကြီးအောင်ဝင်းက 'ကမ္ဘာကျယ်'။

ဥက္ကဋ္ဌကြီး ဦးစိုး၏ ဂုဏ်ထူးဆောင် ချီးမြှင့်လိုက်သည့် 'နာယကကြီး'။


ယခုတစ်ခါတော့ 'သပ်ကြီး' တဲ့။

ပသို့စေကာမူ သည်လိုနေရာ သည်လိုဌာနမှာ ရလာသည့်နာမည်များဖြစ်သည့်အတွက်လည်းကောင်း၊ ရာဇဝင် သမိုင်း ကျောထောက်နောက်ခံကလေးရှိနေသည့်အတွက်လည်းကောင်း ကျွန်တော့်သည် ထိုအမည်များအား လိုချင် မက်မော နှစ်သက်တသစွာ သဘောကျနေမည်သာတည်း။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com 



# လောင်းမလားလေ ဘော်ဒါ

"ဝသုန္ဓေ ဤမြေပံသ နှလုံးသားထဲကို သက်သေပြုလို့ သာဓုခေါ်ပါဗျာ"

ငိုသံပါကြီးနှင့် ပြောလိုက်သော ကိုဗိုလ်မြ၏ အသံကို ကြားရစဉ်က ကျွန်တော် တော်တော်ရယ်ချင်သွားသည်။ သို့သော် သူက အတည်ပေါက်ကြီး ပြောနေတာဆိုပြန်တော့လည်း မရယ်ရက်သူ စိတ်ကျေနပ်အောင် ခပ်ကျယ်ကျယ်ပင် "သာဓု သာဓု သာဓု" ဟူ၍ အော်ပြလိုက်ရသည်။

ပြီးခဲ့သည့် နှစ်ရက်လုံးလုံး ကိုဗိုလ်မြတစ်ယောက် စကားမပြော၊ ရန်ကုန်ဆေးရုံကြီးက ပြန်လာကတည်းက သူ သိပ်မှုမမှန်။ ပြောစကားတွေကလည်း ရှေ့နောက်မညီညွတ်။ သူ့အသံမကြားရပြန်တော့လည်း တစ်စုံတစ်ခုဖြစ်နေလေပြီလားဟု အားလုံးက စိုးရိမ်ကြသည်။ အဆက်အသွယ် လုပ်ပြန်တော့လည်း သူ့ဆီက ဘာအကြောင်းပြန်ကြားချက်မှ မရ။ "ကိုမြရေ..... စကားမပြောလည်းနေပါဗျာ၊ နံရံကိုတော့ လက်နဲ့ခေါက်ပြပါ"ဟု ကိုရွှေးက တောင်းပန်သော်လည်း သူက တုံ့ဆိုဘာဝေ။

www.burmeseclassic.com

www.burmeseclassic.com

ပထမ

သည်ကနေ့ မနက်ကျမှ ဘယ်လိုထဖြစ်သည် မသိ။ "သာခုခေါ်ပါ"ဟု ဆိုလာပြန်သည်။ နှစ်ရက်လုံးလုံး အမိန့်သံဖြင့် ဝဇီဝိတ် တရားကျင့်သည်တဲ့။ သည်တော့လည်း သူ့ဆန္ဒအတိုင်း သာခုခေါ်ပေးလိုက်သည်။ ဒါကို သူက မကျေနပ်။ အထက်က ဆိုခဲ့ပြီးသလို ဝသုန္ဓြေ ဤမြေပံုသူကို သက်သေပြုနိုင်းနေပါသေးသည်။

ဘာပဲပြောပြော သူမြင်တာမှ မဟုတ်ဘဲ ကျေနပ်အောင်တော့ လေးလေးနက်နက် သဘောထားကာ အော်ပေးလိုက်ရပါသည်။ သို့သော် ကျွန်တော့် မျက်နှာသည် စပ်ဖြဲဖြဲ။

× × ×

အဝင်အထွက်များသော သီတင်းပတ်ပါပေ။

မကြာခဏဆိုသလို သစ်သားတံခါးကြီးလာလာ ဖိတ်သွားသည်။ ဗိုလ်ကြီးဝင်းသိန်းကို ခေါ်စစ်သည်တဲ့။ နောက်တစ်ခါ ဗိုလ်ကြီးအောင်ဝင်းကိုလည်း သူ့ရုံးက လာတွေ့သည်တဲ့။ ခေါက်တုံ့ခေါက်ပြန်။ သည်အထဲက လူသစ်များရောက်လာပါသေးသည်။ ဗိုလ်မှူးကြီးဟောင်းစံသာနှင့် လေယာဉ်မှူး ဗိုလ်မှူးဌွန်လှဝင်းတို့ဖြစ်၏။ သူ့မိုးကြီးမြင့်သိန်းကတော့ နေရာ ရွှေ့သွားရလေသည်။ သူ့အခန်းကို ဗိုလ်မှူးဌွန်လှဝင်းက ဝင်သည်။ ဗိုလ်မှူးကြီးဟောင်း စံသာကတော့ အတွင်းဘက် အိမ်ကလေးများဆီသို့ သွားသည်။

ဗိုလ်မှူးဌွန်လှဝင်းသည် လက်ရှိ တပ်မတော်အမှုထမ်းဖြစ်သည်။ လက်ရှိ တပ်မတော်၏ လုပ်ဆောင်ချက်များအပေါ် သဘောမကျသော၊ မကျေနပ်သော အမှုထမ်းတစ်ဦးဖြစ်၏။ ထို့ကြောင့် ဦးစံသာတို့ ယခင်ဝန်ကြီးဟောင်း ဦးစိန်မြတို့နှင့် ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ ခုတော့ ဦးစိန်မြကလည်း တောနိ။ သူတို့နှစ်ယောက်လည်း ထောင်တွင်းသို့ ရောက်လာကြလေပြီ။

ဗိုလ်မှူးဌွန်လှဝင်းတို့ရောက်ပြီး နှစ်ရက်အကြာတွင် ဗိုလ်ကြီးဝင်းသိန်း လွတ်သွားလေတော့သည်။ ပြီးခဲ့သည့် အပတ်ကတည်းက သူ ကြိုတင် ဟောကိန်းထုတ်ထားသည့်အတိုင်းပင် မှန်နေလေတော့၏။ နိုင်ငံရေးအကျဉ်းသားများထဲတွင် ကိုယ်လွတ်မည်ကို ကြိုသိသော ပထမဆုံးပုဂ္ဂိုလ်သည် ဗိုလ်ကြီးဝင်းသိန်းပင် ဖြစ်လေတော့သည်။

"ရွတ် ရွတ်" ဘယ်ကလာတဲ့အသံပါလိမ့်။ ရှေ့ကတော့ မဟုတ်၊ နောက်က ဖြစ်ပေလိမ့်မည်။ ရှေ့က အခြေအနေကို အသေအချာ လေ့လာလိုက်ရသည်။ လူသူ ရှင်း၏။ ထို့ကြောင့် အိမ်သာဘောင်ပေါ် လှားခနဲ ခုန်တက်လိုက်သည်။ ပြီးမှ ပြတင်းသံတိုင်နှစ်ခုကို လက်နှစ်ဖက်ဖြင့် စုန်ဆွဲပြီး တက်လိုက်သည်။ မြဝင်း.... ရာဇဝတ်မှုဖြင့် အကျဉ်းကျနေသူ၊ ကျွန်တော်တို့ ခြံဝင်းထဲမှာ အလုပ်ကြမ်း လုပ်နေရရှာသော လူငယ်



တစ်ဦး ဖြစ်သည်။

"ရော့...... ကိုဇာဂနာ အထဲမှာ စာပါတယ်"

သူက နွားဆေးလိပ် တစ်လိပ်ကို ပစ်ထည့်လိုက်ပေသည်။ ကျွန်တော်က ယောင်ယမ်းပြီး လက်နှစ်ဖက်နှင့် ဆုပ်ဖမ်းလိုက်ရာ သံတိုင်ကိုင်ထားရာမှ လွတ်သွားသဖြင့် အောက်ဘက် သမံတလင်းပေါ် ဘိုင်းခနဲ ပြုတ်ကျသွားသည်။ မှတ်လောက်သားလောက်အောင်ပင် အီစိမ့်သွားတော့၏။ တင်ပါးနှင့်ကျ၍သာ တော်တော့သည်။ လက်နှင့်ဖြစ်စေ၊ နံပါးနှင့်ဖြစ်စေ ကျခဲ့ပါက သေချာပေါက် အရိုးကျိုးပေလိမ့်မည်။ သတင်းစာရှင်းလင်းပွဲမှ ပုဂ္ဂိုလ်များလည်း အတော်မြေရှင်းရပေလိမ့်မည်။

လောလောလတ်လတ် အမြတ်ထွက်သွားသည်ကတော့ ဖင်တစ်ခြမ်း စောင်းသွားခြင်းဖြစ်သည်။ လက်ထဲမှာ ဆေးလိပ်ကို တစ်စစီ ဖြေချလိုက်သည်။ စာကလေး တစ်စောင်။ အိမ်သူ သက်ထားထံမှ ပြန်ကြားစာ။ ရင်ထဲမှာ ဝမ်းသာသွားသည်ကတော့ အမှန်။ ကိုယ်ဘာမှမဖြစ်ဘူး ကျန်းမာပကတိ ရှိနေတယ်ဆိုသည်ကို သိသွားကြလေပြီ။ မိမိ သိလိုသည့် အဖြေတစ်ခုလည်း ပါလာ၏။ ရွေးကောက်ပွဲက လာမည့် ၁၉၉၀ မေလလောက်မှ ဖြစ်မည်တဲ့။ ရွေးကောက် ပွဲနားနီးမှ လွတ်မည်ဆိုလျှင် ကျွန်တော်တို့ သည်ထောင်ထဲမှ နောက်တစ်နှစ်ကျော်ကျော် နေရပေဦးမည်။

သည်စာကို အလျင်အမြန် ဖျောက်ဖျက်ပစ်ရသည်။ တစ်စစီ ဆွဲဖြဲပြီး အိမ်သာတွင်းထဲ ပစ်ချကာ ရေလောင်းပစ်လိုက်ရသည်။ သို့ကလို အဆက်သွယ်ရဖို့အရေး ကြိုးစားခဲ့ရတာကြာပြီဖြစ်သည်။ စိုက်ခင်းများထဲတွင် ရေလောင်းပေါင်းသင်၊ မြောင်းပေါင်ဖော်သူများထဲမှ ရဲရဲရင့်ရင့် လုပ်ရဲကိုင်ရဲရှိမည့် လူငယ်များကို ဦးဈာရှာ ခဲ့ရသည်။ ကျွန်တော် ရွေးချယ်တာမှန်သွားသည်။ ဗိုလ်တိုက် ဆိုသူတစ်ဦးနှင့် ပထမဆုံး အဆက်အသွယ်ရခဲ့သည်။ ထိုနောက်မှ သူ့သူငယ်ချင်း ကိုမြဝင်းဆိုသူနှင့် ဆက်လက်သိကျွမ်းရပြန်သည်။ သည်နှစ်ယောက်သည် နှစ်ပတ်တစ်ခါဆိုသလို ရုံးချိန်းထွက်ရ၏။ သူတို့ထံမှတစ်ဆင့် အိမ်သို့ အဆက်အသွယ်လုပ်နိုင်းရသည်။ တာဝန်ကျေသော ပုဂ္ဂိုလ်များဖြစ်၏။ ကျွန်တော်တို့အပေါ်မှာလည်း ခင်မင်ရင်းစွဲ လေးစားရင်းစွဲ ရှိနေကြသူများပီပီ ကျွန်တော့်ကိစ္စကို စွန့်စွန့်စားစား ဆောင်ရွက်ပေးကြလေသည်။

ထောင်ထဲနှင့် ထောင်ပြင် စာအဆက်အသွယ်လုပ်ရသည်မှာ အတော်ခက်ခဲသော ကိစ္စဖြစ်၏။ သည်အထူး ဆောင်တွင်းသို့ ဆိုလျှင်ကား ပြောစရာမလိုတော့။ အန္တရာယ် ရင်မှာလွယ်ထားရသည်နှယ်။ အစစ်အဆေးကလည်း များလှပါဘိ။ ဒါတွေကို ကျော်လွှားဖို့အတွက် တော်ရုံသတ္တိနှင့် မဖြစ်နိုင်။ မိသွားလျှင် မီးနိုးကြွက်လျှောက် ဒုက္ခရောက်ကြ



www.burmeseclassic.com

www.burmeseclassic.com

မည်သာ။

ထောင်ထဲသို့ ဘိန်းသယ်ယူသူများ၊ ဆေးသယ်သူများ၊ ပိုက်ဆံသယ်သူများ၏ သယ်ယူပုံ သယ်ယူနည်း အစုံစုံသည် စိတ်ဝင်စားစရာ ကောင်းလှ၏။ တချို့က ဖိနပ်ထဲ ထည့်သယ်သည်။ တချို့က အစာထဲထည့်သယ်သည်။ တချို့က (မရိုသေ့စကား) စအိုထဲ ထည့်သယ်သည်။ တချို့ကတော့ ပလတ်စတစ်အိတ်နှင့် ထည့်မျိုချကာ ထောင်ထဲ ရောက်မှ ဝမ်းနုတ်ဆေးစားပြီး ပြန်ထုတ်ကြသည်။

ထောင်တာဝန်ကျ ရှာဖွေသူများနှင့် ဉာဏ်ရည်ဉာဏ်သွေးယှဉ်ပြိုင်ရသည့်ပွဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သည်ပုဂ္ဂိုလ် နှစ်ဦးကိုတော့ လေးစားချီးကျူးမိသည်မှာ အမှန်ပင်။

“မယုံရင်လောင်းလိုက်ကြလေ”

လာပြန်ပြီ..... ဒီ ‘လောင်း’စကား။ ဦးတင်စိုး၏ အမွေဖြစ်သည်။ ပိုက်ဆံချမ်းသာသူပီပီ ဘာပြောပြော အလောင်း အစားလေးနှင့်ဖြစ်သည်။ ဘယ်သူ လွတ်မယ်၊ မလွတ်ဘူး၊ ဘယ်နေ့လွတ်မယ် စသည်ဖြင့် ထောင်ထဲမှာလာပြီး အလောင်းအစား လုပ်နေသေး၏။

သည်ကစ၍ ဘယ်သူပြောပြော... လောင်းမလားဆိုတာ ပါပါလာတတ်သည်။ ပြီးခဲ့သည့်အပတ်ကလည်း ကျွန်တော်နှင့် ကိုဗွေး ပါဆယ်လာမလာ ကိတ်မုန့်တစ်လုံးကြေး လောင်းခဲ့သေးသည်။ ကိုတင်အောင်နှင့် ကိုမြကလည်း ဒီကနေ့ သတင်းထူး ကြားရ၊ မကြားရ ဆေးလိပ်ကြေးလောင်းကြသေး၏။

ခုတစ်ခါ ဦးတင်ညွန့်က လာပြန်ပြီ။ အာရုံထဲတွင် ပေါ်သည်တဲ့။ ၂၇-၂-၈၉ မတိုင်မီ အားလုံးလွတ်မည်တဲ့။ မယုံရင်လောင်းမလားတဲ့။ သူ့အာရုံကို ကျွန်တော်တို့က အတော်ကြောက်နေကြပြီ ဖြစ်သည်။ ဝန်ထမ်းများလည်း အတော်လန့်နေကြပြီ။ ဇာတ်မသိခင်ကတော့ အဟုတ်မှတ်ပြီး ယုံလိုက်ကြလေသည်။

ပထမဆုံး သူ့အာရုံထဲမှာ ပေါ်လာသည်က ချဲဂဏန်း ၄၇၈ တဲ့။ ထောင်တစ်ဝင်းလုံး ယုံယုံကြည်ကြည်ဖြင့် ထိုးလိုက်ကြသည်မှာ လခပြုတ်မတတ်။ တကယ်တမ်း ထွက်လာတော့ ၉၃၂။ သုညတစ်လုံးသာ လွဲလေသည်။

နောက်တစ်ခါ သူ့အာရုံထဲတွင် ဖြူဖြူအဝတ်နှင့် လူတစ်ဦးပေါ်လာပြီး အပြင်သို့ ဆွဲခေါ်ထုတ်သွားသည်တဲ့။ ထိုပုဂ္ဂိုလ်က သမ္ဗုဒ္ဓေဂါထာ ရွတ်ဆိုရန် မှာခဲ့သည်ဆို၏။ ဘုရားအလုပ်ဆိုတော့လည်း မငြင်းကောင်း။ အားလုံးလုပ်လိုက်ကြပါသည်။ သူပြောသလို တစ်ပတ်အတွင်းတော့ မလွတ်။ လူအသစ် ဗိုလ်မှူးဂျွန်လှဝင်းတို့ ရောက်လာကြလေသည်။



တစ်နေ့ကလည်း အာရုံထဲတွင် ခွတ်လုံး သုံးလုံးပေါ်နေ၍ ဘုရားရှိခိုးပြီး သူ့အခန်းထဲ၌ လိုက်လံရှာဖွေရာ ရေအိုးစင်အောက်တွင် ရွှေခွတ်လုံးသေးသေးကလေး သုံးလုံးတွေ့ရသည်ဆို၏။ တစ်လုံးကို ဓမ္မကထိက ကရင်အဘကြီး အားပေးပြီး သွားရောင်းနိုင်းလိုက်လေသည်။ ထိုအဘိုးကြီးမှာ ကံကောင်းထောက်မ၍ အရိုက်မခံရခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအလုံးလေးများမှာ ရွှေရောင် စက်ဘီးဘော နေလေးများ ဖြစ်သောကြောင့်ပင်။

ယခုလည်းလာပြန်ပြီ။ အာရုံပေါ်ပြန်ပြီတဲ့။ ၂၇-၂-၈၉ က နောက်ဆုံးဆိုပဲ။ တံခါးကို စုန်ကိုင်ပြီး “၂၇ ရက် မနက်ထွက်”လို့ အားလုံး တညီတညာ အော်ရမည်တဲ့။ မယုံရင် လောင်းဦးမလားတဲ့ဗျာ။

ကျွန်တော်ကတော့ ဘာမှမပြောလိုတော့ပါ။ ဝင်းဦး သီချင်းကိုသာ အော်ဆိုပစ်လိုက်တော့သည်။

“စိတ်ကူးနဲ့ရူးတာ ဆန်းသလားခင် ...အင်...အင်”

×××

“သေရဲတယ်ကွ... သေရဲတယ်..... ဘာကြေးလောင်းမလဲ၊ ခုသေရဲတယ်” ဟ ဘာဖြစ်ပြန်ပြီတုံး။ ကိုဗိုလ်မြ ရောဂါထ ပြန်ပါပကောလား။ တအုံးအုံး တဒိုင်းဒိုင်းဖြင့် နှန်ပေါက်ပြီး ဆူညံအော်ဟစ်နေလေသည်။ ကိုဗွေးနှင့် ကိုတင်အောင်တို့က ဝိုင်းဝန်းချော့မော့ဖျောင်းဖျ ထိန်းသိမ်းတော့မှ ငြိမ်သွားတော့၏။ အကြောင်းစုံကို သိရတော့ ကျွန်တော်တို့မှာ ငို၍ ရယ်၍ မရသော မျက်နှာဖြစ်သွားလေသည်။

ကိုမြသည် လွန်စွာစိတ်ကူးယဉ်သော ပုဂ္ဂိုလ်ဖြစ်၏။ လေထဲတိုက်အိမ်သာမက ဝံ့တားတွေ လမ်းတွေပါ ဖောက်လုပ်သူဖြစ်သည်။ ပြီးသောအခါ သူ့စိတ်ကူးကိုသူ အမှန်တကယ်ဖြစ်ရပ်တွေနှယ် စွဲမှတ်တတ်သူလည်း ဖြစ်ပြန်၏။

ခုလည်းကြည့်။ စိတ်ကူးနှင့် ဝတ္ထုရေးသည်တဲ့။ သူ့ဝတ္ထုအမည် ဥဒါန်းမကြေတဲ့။ သည်ဝတ္ထုထဲမှာ ဇာတ်လိုက်သည် တပ်မတော်အမှုထမ်း ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့သူတစ်ဦး။ ပွဲဦးထွက်တိုက်ပွဲမှာပင် ရန်သူ့ကတုတ်ကျင်းတစ်ခုကို စွန့်စွန့်စားစား ဝင်တိုက်နိုင်ခဲ့သဖြင့် ရာထူးအဆင့် တိုးမြှင့်ခံရသူဖြစ်၏။ သို့ဖြင့် အပွဲပွဲနွှဲခဲ့သော ဇာတ်လိုက်မင်းသားကြီးသည် တိုက်ပွဲတစ်နေရာ၌ ဒဏ်ရာရခဲ့ပြီးနောက် တပ်မတော်မှ အနားပေးခဲ့ရလေသည်။

တပ်မတော်ကို ချစ်သော၊ မြတ်နိုးသော၊ စစ်သားဘဝကို နှစ်မင်သော သူ့အဖို့ အရေးအခင်းများကာလက တပ်မတော်၏ ကိုင်တွယ်ဖြေရှင်းပုံများကို မျက်မြင်


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ကြုံလာရသောအခါ သူချစ်သော တပ်မတော်သည် ပြည်သူ့တပ်မတော် လူထုတပ်မတော် မဟုတ်မှုဘဲ လူတစ်စု တပ်မတော်ဖြစ်နေသည်ကို ကြေကွဲဝမ်းနည်းစွာ ခံစားသိရှိခဲ့ရလေသည်။ ဤသို့ဖြင့် အချစ်ကြီးပြီး အမုန်းကြီးကာ ဆန့်ကျင်ဘက် အင်အားစုများဘက်သို့ ပါခဲ့ရ၏။ အတိုချုံး၍ ဆိုရသော် တပ်မတော်မှ အာဏာသိမ်းပြီးသည့်အခါ သူ့ခမျာ အဖမ်းခံရတော့သည်။ အင်းစိန်ထောင်အတွင်းတွင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံနေရသည့်ပြင် ရောဂါဟောင်းဖြစ်သော ချွေးရှူးပြန်ရောဂါက ထလာပြန်သောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ခဲ့ရလေသည်။ ဤနေရာမှာ ဇာတ်လမ်းက စလာပါပြီ။ ဆေးရုံကြီး၌ ဆေးကုသခံနေစဉ် မိတ်ဆွေတစ်ဦး၏ သတင်းပေးမှုကြောင့် သူ၏မိသားစုမှာ လွန်စွာဒုက္ခရောက်နေကြောင်း၊ အိမ်နီးနားချင်းများကလည်း သူမှန်အားပေးမလုပ်လိုဟုဆိုကာ စွန့်ပစ်ထားသဖြင့် ကိုးကွယ်ရာမဲ့ဖြစ်နေကြကြောင်း သိရလေသည်။

နောက်ဆုံးမှာတော့ အင်းစိန်ထောင် ပြန်အရောက်တွင် ဝေဒနာ မခံစားနိုင်တော့သော ဇာတ်လိုက်ကြီးသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ကာ ဘဝကို အဆုံးသတ်သွားလေတော့၏။

ဤဇာတ်လမ်းကို သူ့ဘာသာသူရေး၊ သူ့ဘာသာသူ အပြန်ပြန်အလှန်လှန် တွေးရင်း၊ တဖြည်းဖြည်း တကယ့်အဖြစ်အပျက်တစ်ခုလို့ ထင်လာလေသည်။ သူတကယ် သေရဲလား ၊ မသေရဲသလား··· ကိုယ့်ဘာသာကိုယ် မေးရင်း ဖြေရင်း ထပေါက်ကွဲသွားရခြင်းပင်တည်း။

ဘာပဲဖြစ်ဖြစ်····· ဤသို့ ဤနှယ် လှုပ်လှုပ်ရှားရှား ကလေးတွေ ရှိနေသေးသဖြင့် သက်သာစရာ ရပေသည်ဟု ဆိုရပေလိမ့်မည်။ သည်အကြောင်းတွေ ပြောလိုက်၊ နောက်လိုက်၊ ရယ်လိုက်၊ မောလိုက်ဖြင့် အချိန်တွေသည် တဖြည်းဖြည်း ရွေ့လျားကုန်ခန်းခဲ့ရသည် မဟုတ်တုံလော။

အနောက်ကောင်းကင်အစပ်ဝယ် ကပ်လို့သာ ကျန်တော့သော အလင်းအက်ကွဲကြောင်းသည် သေးမျှင်လှပါဘိ။

နွေဦးသရုပ်သည် ဝိပြင်လာ၏။

×××

သင်းပျံ့ပျံ့ မြေရနံ့ကလေးများကို မိုးစက်နှင့် မြေသားတွေ့စကပင် မွှေးပျံ့ခဲ့လေသည်။ ရွက်မဲ့ကိုင်းခြောက်များဖြင့် စိုရင်အပ်သော ရာသီကုန်သစ်ပင်များသည် နုစိမ်းသော ရွက်သစ်များကို မီးရှူးသန့်စင်ရန် အားယူနေကြ၏။ အမေပျောက်ရှာနေသော ဥဩ ငှက်၏ အသံကို လွမ်းဆွတ်ဖွယ်ကြားနေရ၏။ ချစ်ရသူအတွက် လက်ဆောင်ဘယက် ထုနက်ပေးနေရှာသော ပန်းတိမ်ဖိုငှက်သည် ဟီးဟီး···· အတည်ပေါက်ကြီးရေးနေတော့ အဟုတ်များ မှတ်နေကြလေပြီလား။ ကိုဗိုလ်မြကို အားကျ၍ စိတ်ကူးယဉ်ဝတ္ထု တစ်ပုဒ် ထုတ်လုပ်ကြည့်နေခြင်းဖြစ်ပါသည်။

အတော်ပျင်းစရာကောင်း၏။ နဂိုကမှ စကားမပြောရ မနေနိုင်သော မိမိအဖို့ နလိုအခါသမယကို မုန်းတီးမိသည်။ မကျေနပ်သော၊ မခံချင်သော အစိုင်အခဲ ဟူသမျှ၏ ထွက်ပေါက်လမ်းသည် တရားဘာဝနာအားထုတ်ခြင်းဟူ၍ ခံယူထားကြသော ဥက္ကဋ္ဌကြီးတို့ ဗိုလ်ကြီးတို့က မနက်စာ စားပြီးကတည်းကအတွင်းသာ ပုတီးစိပ်နေကြတော့၏။ ကိုဌေးကလည်း တစ်ညလုံးမအိပ်ဘဲ နေ့လယ်ကျမှ လာပြီး စက်တော်ခေါ်နေသည်။ သူ့ခမျာလည်း ကိုမြနှင့် အခန်းနီးနားချင်းကပ်နေရသည့်အတွက် အတော်စိတ်ပျက်နေရှာပြီ။ မနက်ကလည်း ကိုမြ၏ အဆဲအဆိုကို ခံရရှာသေးသည်။ ကိုမြက ထောင်ညွှန် ကြားရေးမှူးချုပ်ဆီမှတစ်ဆင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ အသနားခံစာတင်ခွင့်တောင်း၏။ ကိုဌေးက ဒါကို မကျေနပ်။ မရဲပဲကျွဲပြစီးရကောင်းလားဟု ကိုမြကို အပြစ်တင်သောအခါ ကိုရွှေဗိုလ်မြတို့ ရမ်းပါလေတော့သည်။ တောင်ဆဲ၊ မြောက်ဆဲ၊ ဟိုလူဆဲ ဒီလူဆဲဖြင့် ဆဲသေနတ် ပစ်ပါလေတော့၏။ ထို့ကြောင့်ပင် ကိုဌေးခမျာ ကိုမြကို စကားမျှပင် မပြောရဲတော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ အိပ်ရာဝင်သွားခြင်းပင် ဖြစ်တန်ရာသည်။

ယခုတလော အခြေအနေတွေက အပြင်မှာ နည်းနည်းနည်းနည်း စတင်ရှုပ်ထွေးလာပြီဟုထင်သည်။ ကြားရသည့်အတိုင်းဆိုလျှင် မတ်လ ၁၃ ရက်နေ့က တစ်ခါ၊ ၁၆ ရက်နေ့က တစ်ခါ နှစ်ပတ်လည်အခမ်းအနားတွေ လုပ်ကြသည်တဲ့။ ကြွေးကြော်သံများဖြင့် ချီတက်ကြသည်တဲ့။ ကလေးတွေလည်း ဘယ်နှစ်ယောက်မှန်းတော့မသိ ဖမ်းလာသည်မှာ သေချာ၏။ ကျွန်တော်တို့ အထူးဆောင်ဝင်းအဝင်ဝက စစ်ကြောရေးရုံးမှာ နေ့ရောညပါ စစ်ဆေးမေးမြန်းနေကြလေသည်။ လူကိုယ်တိုင် အားမပေးနိုင်သော်လည်း စိတ်ထဲက အားပေးနေရသည်။ ကျောင်းသားသမဂ္ဂသီချင်းကို အကျယ်ကြီး အော်ဆိုပြီး လှမ်း၍ အားဆေးကျွေးနေရသည်။ သူတို့ကြားလား မကြားလားတော့မသိ။ ထောင်မှူးကတော့ ကြားသွားပုံရ၏။ ကျေးဇူးပြု၍ တိတ်ဆိတ်ငြိမ်သက်စွာနေပါရန် နောက်ဆုံးအကြိမ် သတိလာပေးသွားသည်။

◆ ◆ ◆

www.burmeseclassic.com




# တပေါင်းတန်ခူးအကြောင်းထူး

မတ်လနှင့်ဧပြီလ နှစ်လလုံးလုံး တော်တော်ပူသလို တော်တော်လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ ကျွန်တော်တို့ အထူးဝင်းတစ်ဝင်းလုံးဝင်လိုက်ထွက်လိုက်နှင့် ဂနာမငြိမ်လှ။ တစ်ယောက်ရောက်လာလိုက်ချက်ချင်းပြန်ထွက်သွားလိုက်ဖြစ်နေသဖြင့် ဘယ်သူဘယ်ဝါမှန်းတောင်မမေးလိုက်ရပါချေ။

စစ်ကြောရေးစခန်းမှာလည်း နေရာညပါ စည်ကားနေပါရော။ ရန်ကုန်မြို့သာ လျှပ်စစ်မီး မလာချင်နေပါ့မယ်၊ အင်းစိန်ထောင် အထူးဝင်းထဲက စစ်ကြောရေးစခန်းမှာတော့ ထိန်ထိန်ကိုသာလို့။ မှတ်မှတ်ရရ မတ်လ နောက်ဆုံး အပတ် ၂၅ ရက်နေ့ ညနေဘက်မှာ ကျွန်တော်တို့ အခန်းရှေ့က သစ်သားတံခါးတွေ တကျိမ်းကျိမ်းနဲ့ လာပိတ်ပါလေရော။ ကိုင်း တစ်ယောက်ဖြင့် တိုးပါပေါ့။ ဘယ်သူများပါလိမ့်။ ကျွန်တော်တို့ တိုက်တန်းလျားမှာ လွတ်နေသောအခန်း နှစ်ခန်းရှိလေသည်။ ဦးတင်မိုး


www.burmeseclassic.com

www.burmeseclassic.com

နှင့် မိုးဝင်း လွတ်သွားပြီး နောက်အခန်းတွေ အပြောင်းအရွှေ့ လုပ်လိုက်သေးသည်။ ဗိုလ်ကြီးအောင်ဝင်းက အခန်း(၁)၊ အခန်း(၂)က လွတ်နေသည်။ အခန်း(သုံး)မှာက ဘိုမြ၊ အခန်း(လေး)မှာက ကိုဗွေး၊ ကျွန်တော်က အခန်းငါး။ ဦးစိုးက အခန်းခြောက်၊ အခန်း(၇)မှာ ဦးတင်ညွှန့်၊ အခန်းရှစ်နှင့် အခန်းကိုးမှာက ကိုချိန်မော်နှင့် ကိုတင်အောင်။ သည်တော့ အခန်းနံပါတ်တစ်ဆယ်နှင့် အခန်းနံပါတ်နှစ် အားနေသည်။ အခန်းတစ်ဆယ်မှာ လူသစ်ထည့်လျှင် ကျွန်တော်တို့ သစ်သားတံခါးကို လာပိတ်နေဖို့လိုမည်မထင်။ ဒါဆို အခန်းနံပါတ်နှစ်မှာ လူသစ်ထည့်မှာ သေချာလေပြီ။ သို့ဖြင့် စကားပြောသံ ခြေသံသော့တွဲသံများ စပြီး ကြားလိုက်ရတော့ရာ လာပြီ လာပြီ လာချေပြီဟု ရေရွတ်မိတော့သည်။

ထောင်ထဲသို့ လူရောက်လာတာ ဝမ်းသာစရာမဟုတ်သော်လည်း ကျွန်တော်တို့အဖို့ သတင်းထူးလေးတွေပါလာ မည့်အတွက်တော့ ဝမ်းမြောက်စရာပေ။

ထုံးစံအတိုင်း သစ်သားတံခါးတွေ လာဖွင့်တော့မှ နံရံခေါက် အချက်ပေးစနစ်ဖြင့် ဆက်သွယ်လိုက်တော့မှလား····· ပေါ်ဦးထွန်း (ခေါ်) မင်းကိုနိုင်ပါကလား။ သူ့ကို အင်းလျားကန်အနီး အနောက်ရန်ကင်းထိပ်မှာဖမ်းလာခဲ့သည်ဟု သိရသည်။ သို့ဆိုလျှင် လူဖမ်းပွဲကတော့ စလေပြီ။ အထူးဝင်းတစ်ဝင်းလုံး ပျားပန်းခတ်နေသည်မှာလည်း တစ်ယောက်ပြီး တစ်ယောက်ဖမ်းလာခြင်းပင်။ မင်းကိုနိုင် အပြောအရ ကျောင်းသားများရော၊ တက်ကြွလှုပ်ရှားသူ အရပ်သားများရော အဖမ်းခံရတာ တစ်ရာကျော်ပြီဟု သိရလေသည်။ ဥက္ကဋ္ဌကြီးရော ကိုဗွေးပါ စိတ်တော်တော်ပျက်သွားသည်။ ဒီလိုပုံ ဒီလိုအချိုးနှင့် မိုးကြီးချုပ်တော့မလားရယ်ပေါ့။

×××

တကယ်တော့ မိုးမချုပ်ပါ၊ ရောင်နီပျိုးလာခဲ့လေသည်။ သင်္ကြန်မတိုင်ခင် နှစ်ရက်အလို ဧပြီလ ၁၁ ရက်နေ့မှာ ကျွန်တော်နှင့် ကိုဗွေးကို ထောက်လှမ်းရေး ၆ မှ ဗိုလ်မှူးစန်းပွင့်က လာတွေ့လေသည်။ သူအဆိုအရတော့ အထက်လူကြီးများက တာဝန်ပေးလိုက်ကြောင်း၊ ကျွန်တော်တို့နှစ်ယောက်၏ ကျန်းမာရေး (အမှန်ကတော့ စိတ်ပိုင်းဆိုင်ရာအခြေ အနေ) ကိုလာရောက်စုံစမ်းခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုသည်၏နောက် ထောင်ဆေးရုံကိုခေါ်ပြီး ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်များဖြင့် ဆေးစစ်ပါလေတော့သည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ဆေးစစ်မခံရဖူးဘဲ ခုမှ တော်တော်ဂရုစိုက်ခံနေရသဖြင့် ဘဝင်တောင်မြင့်ချင်ချင်။ ဆေးစစ်ပြီးသွားသည့်အခါ ကျွန်တော်တို့ ခေတ္တတည်းခိုရာ အထူးဝင်းသို့ ပြန်မပို့ဘဲ တီနှစ်ထောင်ကားကြီးပေါ်တင်ခေါ်သွားလေရာ ကျွန်တော်တို့နှစ်ယောက်လုံး ရင်တွေကို တဒိတ် ဒိတ်ခုန်





လို့။ လွတ်ပြီလား၊ လွှတ်ပြီလားရယ်ပေါ့။ တကယ်တော့မဟုတ်ပါချေ။ ထောင်ဘူးဝကနေ ကားစထွက်သည်နှင့် ထောင်အုတ်ရိုးနံဘေးအတိုင်း ကားကိုကွေ့ပြီးမောင်းသွားရာ ခြောက်ထောင်ပြောင်းတာပေါ့လို့ မှတ်ချက်ပြုလိုက်ရပါတော့သည်။ အင်းစိန်ထောင်မကြီးနှင့် ကပ်လျက် ပေ ၅၀ ခန့်ခြားပြီး သီးသန့်ထောင်(ခေါ်)တွဲဘက်ထောင် တစ်ခုရှိနေသေး၏။ ကျွန်တော် ဆယ်တန်းကျောင်းသားကတည်းက တော်တော်ရင်းနှီးခဲ့သော နေရာဖြစ်သည်။ ကျွန်တော်၏ အစ်ကိုအကြီးဆုံး နိုင်ငံရေးကိစ္စဖြင့် ပုဒ်မ ၅ ည တပ်ခံရပြီး ထောင် ၃ နှစ် ချခံခဲ့ရသောကြောင့် သူ့ကို ထောင်ဝင်စာ လာတွေ့ရင်း မကြာမကြာ ရောက်ခဲ့ရခြင်းဖြစ်သည်။ သူတို့တုန်းက တော်တော်လွတ်လပ်သည်။ ထောင်ထဲသို့ ဂစ်တာရော၊ ကတ်ဆက်ပါသွင်းလို့ရသည်။ သူနှင့်အတူ ရုပ်ရှင်မင်းသားဇော်ဝမ်း တေးရေးဆရာ ကိုဧယျ(ခေါ်)တိုနီတင် ၊ ပန်းချီဆရာကိုကျော်မင်းမောင်တို့ ပါရှိကြသည်။ ကျွန်တော်က ချာတိတ်ဆိုတော့ သူတို့ နိုင်းသမျှ စာအုပ်၊ ခဲတံ၊ မင်၊ ကက်ဆက်၊ ကက်ဆက်အခွေ၊ ဂစ်တာကြိုးတို့ကို ခဏခဏဝယ်ပြီးပို့ခဲ့ရဖူး၏။ သည်တော့လည်း တွဲဖက်ထောင်နှင့်ကျွန်တော် ရင်းနှီးတာ ဘာမှမဆန်း။ ကိုင်း ခုတော့ဖြင့် ကိုယ့်ရုပ်ကိုယ့်ရှာပြန်လာရသလို တွဲဖက်ထောင်ကြီးထဲသို့ ရောက်ရပြန်ပြီပေါ့။

သို့သော်လည်း ဒီတစ်ခါထပ်လို့သာ လွဲပြန်ပါတော့သည်။ ကျွန်တော်နှင့် ကိုဗင်ပိုင်းကိုထောက်လှမ်းရေးအရာရှိ နှစ်ယောက်က အမှုဖြစ်စဉ် အစအဆုံး ပြန်လှန်မေးမြန်းပြီး ထမင်းခေါ်ကျွေးခြင်းသာ ဖြစ်လေသည်။ ထောင်ထမင်း ထောင်ဟင်းသာ ကောင်းကောင်းကန်းကန်းစားခဲ့ရသော ကျွန်တော်တို့နှစ်ယောက်မှာ ဗိုက်အောင့်မတတ် စားခဲ့ကြရတော့၏။ စားသောက်ပြီးသည်နှင့် ကျွန်တော်တို့နှစ်ယောက်ကို အင်းစိန်ထောင်မကြီးဆီသို့ ပြန်ပို့လိုက်ပြန်ပါတော့သည်။

ရောက်ပြီဆိုသည်နှင့် သတင်းစာရှင်းလင်းပွဲက လုပ်ရ၏။ အခန်းနီးနားချင်းတွေရော ထောင်ဝန်ထမ်းတွေကပါ သိချင်ကြသည်။ အကျဉ်းသားအချင်းချင်း သိချင်တာ ဘာမှမဆန်းသော်လည်း ထောင်ဝန်ထမ်းတွေ သိချင်တာကတော့ ထူးသည်။ သူတို့တစ်သက် ဒီလိုအဖြစ်အပျက်မျိုး တစ်ခါမှ မကြုံဖူးဘူးဟုဆိုသည်။ အားလုံး၏ တူညီသော သုံးသပ်ချက်ကတော့ ကျွန်တော်တို့နှစ်ယောက် သင်္ကြန်မတိုင်မီလွတ်တော့မည်ဟု…။

×××

ထောင်မှာ ကြောင် သုံးကြောင်ရှိသည်။ ပုန်းကြောင်၊ ဒိုင်ကြောင်၊ လွှတ်





www.burmeseclassic.com

www.burmeseclassic.com

ကြောင်ဟူသော ကြောင် သုံးကြောင် ပင်။ ပုန်းကြောင်ဆိုသည်က စားစရာ မရှိလို့ အခက်အခဲတွေဖြစ်ပြီး ကြောင်တောင်တောင်ဖြစ်ရခြင်းကို ဆိုလိုသည်။ လွှတ်ကြောင်ကတော့ နက်ဖြန်သန်ဖက်ခါ လွတ်တော့မည်ဆိုပြီး ကြောင်တောင်တောင်ဖြစ်နေခြင်းပင်။ ဒိုင်ကြောင်ကတော့ ဆရာကြီးလိုလို၊ ဖီလိုဆိုဖာလိုလို၊ အဓိပတိတော်လ ၂န်ရေးသမားကြီးလိုလို၊ သူ့လောက် ဘယ်သူမှမတတ်ဟုထင်ပြီး စကားလုံးတွေနှင့် လိုက်လိုက်ပေါက်တတ်သည့် သူမျိုးကို ဆိုလိုပါသည်။ သေချာတာကတော့ ကျွန်တော်ရော ကိုဌေးပါ လွှတ်ကြောင်ကြောင်နေကြလေပြီ။ သင်္ကြန်မှာ ပျော်ရမည်။ ချစ်သူနှင့် လည်ပတ်ရတော့မည်။ သူငယ်ချင်းတွေနှင့် သောက်ရတော့မည်၊ ထောင်ဆိုသော ရွံရှာစရာ အရုပ်ကြီးနှင့် ဝေးရတော့မည်။ သို့တစေ စွတ်မပျော်ရဲ။ လွှတ်မအော်ရဲ။ ဘဝတူချင်း မစာနာရာကျပေမည်။ သို့သော်လည်း သူတို့တွေကတော့ မှာချင်တာတွေ တစာစာပြောသည်။ အဆိုးဆုံးက ဦးတင်ညွန့်။ သူက မိန်းမ အများကြီးရှိသည်။ ထို့ကြောင့် သူ့မိန်းမတွေဆီကို တစ်ယောက်တစ်မျိုးမှာလေသည်။ မင်းကိုနိုင်ကလည်း သူ့သူငယ်ချင်းတွေဆီသို့မှာသည်။ အထူးသဖြင့် သူနှင့် ကျွန်တော်က မိဖချင်း ရင်းနှီးသလို လူချင်းလည်း ခင်မင်ရင်းစွဲရှိရကား သူ့သူငယ်ချင်းများသည် ကျွန်တော့် သူငယ်ချင်းတွေပင် ဖြစ်လေသည်။ ကိုကိုကြီး၊ အောင်ဒင်၊ ဇော်ဇော်အောင်တို့ထံသို့ သူမှာချင်သည်များကို တစီတကုံးတစ်ပုဒ်လို သေသေချာချာမှာသည်။ မိုလ်မြကလည်း သူ့မိန်းမကို နောက်ယောကျ်ားယူရန်မှာ၏။ ဦးစိုးနှင့် မိုလ်ကြီးအောင်ဝင်းကတော့ ထွေထွေထူးထူးမမှာ။ သူတို့ မိသားစုတွေကို သွားတွေ့ပြီး အားပေးဖို့ သူတို့ဒီနေရာမှာ ကျန်းမာစွာရှိနေကြောင်း မစိုးရိမ်ဖို့ မှာကြားသည်။ ကျွန်တော်ရော ကိုဌေးပါ တစ်ခုမှမကျန်ရအောင် မှတ်ရသည်။ ဦးနောက်ထဲ အလွတ်ကျက်မှတ်ထားရသော ယခုမှတ်တမ်း၊ ကဗျာ၊ သီချင်းများကိုလည်း ပြန်လှန်လေ့ကျင့်ခန်းလုပ်ရသည်။ ထမင်းတောင် ဖြောင့်ဖြောင့်မစားနိုင်တော့ချေ။ ခြော်...လွှတ်ကြောင်ဘဝမသက်သာလှပါကလား။

×××

သို့ဖြင့် ဗိတောက်တွေ နိုင်လုံးကြိုင် လှိုင်လှိုင်ပွင့် သင်္ကြန်သီချင်းတွေ အပြိုင်ဖွင့်ကြလေပြီ။ ကျွန်တော်တို့ကား အချုပ်ခန်းတွင်းမှ တစ်လက်မမှ မရွှေ့။ ကိုဌေးကား အသံမှပင် မထွက်တော့။ ကျွန်တော်လည်း ဟန်ကိုယ့်ဖို့ တင်းသာ ထားရသည်။ မနိုင်လှ။ ဥက္ကဋ္ဌကြီးက သင်္ကြန်သီချင်းလေး လုပ်ပါဦးဆိုပေမယ့် အသံက မရှင်။ မင်းကိုနိုင်က ကိုပီကြီး မမကိုယ်တိုင်က ဆိုပါဗျ ဆိုတော့လည်း မမက မကနိုင်၊ မောင်မောင်လည်း မဆိုနိုင်တော့။ (မင်းကိုနိုင်က ကျွန်တော့်ကို ကိုပီလို့ခေါ်တာ နောက်ခံဇာတ်လမ်းရှိသည်။



ပီဆိုတာ ပီတာ(ပါတီ)အတိုကောက်ပင်။ ကျွန်တော့်ပြက်လုံးပီတာ၊ ကီစောင်ကိုအခြေပြုပြီး ကျွန်တော့်အား ကိုပီတာ(ဝါ)ကိုပီဟု ခေါ်ဆိုခြင်းဖြစ်၏) ခုတော့ဖြင့် ကိုပီလည်း မပီနိုင်တော့ချေ။ ထောင်အပြင်မှာ ရေပက်နေကြပါပြီကော။ ထောင်အပြင်မှာ သင်္ကြန်သီချင်းတွေ မြိုင်နေသော်လည်း ကျွန်တော်တို့အားလုံး ငိုင်လေပြီ။ အင်းစိန်ထောင်၏ အထူးဝင်းတစ်ဝင်းလုံး ငြိမ်ဆိတ်ခြင်းသာ လွှမ်းမိုးထားတော့၏။ အကြိမ်ကြိမ် ပြန်လှန်စဉ်းစားကြည့်မိပြန်တော့ ကိုယ့်ရောဂါကိုယ်ရှာနေခြင်းပင်။ လွှတ်မည်ဆိုခြင်းက ကိုယ့်သဘောနှင့်ကိုယ်။ ကိုယ့်ကိုယ်ကိုယ် လွှတ်နေခြင်းသာဖြစ်ပြီး တိကျရေရာသော ဘာအခြေခံအကြောင်းအရာမှ မရှိချေ။ ထမင်းလေးခေါ်ကျွေး၊ ဆေးလေးစစ်ပေးတာနှင့် လွှတ်ပြီလို့ မည်သို့မျှ တစ်ထစ်ချ မပြောနိုင်ကြပါချေ။

ထို့အတွက်ကြောင့် ကျွန်တော် ဒုံးခနဲ ဆုံးဖြတ်ချက်ချလိုက်သည်။ လွှတ်ချင်တဲ့အချိန် လွှတ်၊ ထောင်အပြင် ရောက်တဲ့နေ့ အိမ်ပြန်ရောက်တဲ့နေ့မှ လွှတ်တယ်လို့ ပြောမယ်။ ခု ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနေတာ သက်သက်ပဲဖြစ် တယ်လို့ အားလုံးကို ပြောပြလိုက်တော့ အခန်းနီးနားချင်းတွေက စိတ်မသက်မသာဖြင့် ကောင်းပါတယ်လေဟု ဆိုကြသည်။ ကိုဌေးကတော့ တဖွဖွပြော၏။ နင်ပါလာလို့ပေါ့လေ။ ငါတစ်ယောက်တည်းသာဆို ခုချိန် သတ်သေပြီးလောက်ပြီတဲ့။

သို့ဖြင့် သင်္ကြန်အကြတ်နေ့ညနေမှ စတင်ပြီး ကျွန်တော်တို့၏ အထူးဝင်းအတွင်းမှာ သင်္ကြန်သီချင်းသံများ မြိုင်လာတော့၏။ သံချပ်များလည်း ကြားရသည်။ ရေစလုံကို မုံလုပ်တီးသံလည်း ကြားရ၏။ မင်းကိုနိုင်ကလည်း ဆိတ်ပါးစဝ် နတ်မျက်စိ အဖွဲ့မှဖြစ်လေရာ သူ့သံချပ်ကလည်း ပျော်စရာကောင်းလေသည်။ တူးပေပေါင် တူးပေါင် တူပေါင် တူးပေပေါင် တူးပေါင် တူပေါင် သမဝါယမဥက္ကဋ္ဌကတော် နေ့စေ့လစေ့ ကိုယ်ဝန်ရှိသနော် ဆေးရုံပေါ်မှာတက်ကာမွေး ဆယ်ပြာတောင့်လေး မွေး ဟော့ သူများအကြောင်းမပြောကောင်း သူများအကြောင်း မပြောကောင်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# ကတ်ပေါင်းခန်း

၁၉၇၉ သင်္ကြန်တစ်တွင်းလုံး မလွတ်တော့ဟု စိတ်လျှော့လိုက်ပြီးသည့်အချိန်မှာပင် နှစ်ဆန်းနှစ်ရက် နေ့မှာ ထောက်လှမ်းရေးမှ ဗိုလ်မှူးမင်းလွင်ဆိုသူ လာတွေ့လေသည်။ ကျွန်တော်နှင့် ကိုဌေးကို လွှတ်ပေးရန် လူကြီးတွေ စဉ်းစားနေကြောင်း သင်္ကြန်တွင်းက အခြေအနေ မတည်မငြိမ်ဖြစ်ခဲ့ရသဖြင့် မလွတ်ကြခြင်း ဖြစ်ကြောင်း ရှင်းပြပြီး သည့်ရက်ပိုင်း လွတ်မှာပါဟု ပြောလာပြန်ရာ ကျွန်တော်ကတော့ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြေသာ် . . . . ယုံရက်ကြီးပါလို့သာ သီချင်းဆိုလိုက်ချင်တော့သည်။

ကိုဌေးကတော့ အားတွေ တက်လာပြန်လေသည်။ ကိုယ့်အခန်းကိုယ်ပြန်ရောက်တော့ အတွေ့အကြုံ ရှင်းလင်းပွဲပြန်လုပ်ရ၏။ အားလုံးက ဒီတစ်ခါ သေချာပြီဟု ဆိုပြန်သည်။ ကျွန်တော်ကတော့ သံသယရှိနေ၏။ သို့သော် ၁၉၇၉ ခု ဧပြီလ ၂၁ ရက်နေ့မနက်မှာ ထောက်လှမ်းရေး(၆)မှ ဗိုလ်ကြီးခင်မောင်စိုး ခေါင်းဆောင်သောအဖွဲ့ မာဇဒါဂျစ်ကားဖြင့် လာရောက်ခေါ်ဆောင်တော့မှသာ တကယ်လွတ်ပြီဟု သိရတော့သည်။ ထောင်ကလွတ်လျှင် မိန်းဂျေးမှ ဘုရားကို လှည့်မကြည့်နှင့် ထောင်ထဲကို နောက်တစ်ခေါက်ပြန်လာရတတ်သည်ဟု ဆိုကြသည်။ ကျွန်တော် မနေနိုင်။ တကယ် ဟုတ် မဟုတ် စမ်းကြည့်ချင်သည်။ သေသေချာချာ လှည့်ပြီးတော့ကို ကြည့်ခဲ့လိုက်လေသည်။

◆ ◆ ◆



www.burmeseclassic.com



# ကျေးဇူးစကား

သည်စာမူနှင့်ပတ်သက်ပြီး ကျွန်တော့်မှာ ကျေးဇူးတင်ရမည့်သူတွေများလှ၏။ ၁၉၇၉ ခုနှစ် ဧပြီလ ၂၁ ရက် နေ့မှာ ကျွန်တော် ထောင်ကလွတ်သည်။ လွတ်ပြီး နှစ်ရက်အတွင်းမှာပင် ချက်ချင်း ချရေးခဲ့သည်။ ဦးနှောက်ထဲမှာ ရေးခဲ့သမျှ စာရွက်ပေါ် ချရေးရခြင်းပင်၊ မမေ့ခင် ရေးချထားမှ လတ်ဆတ် ပူနွေးတော့မည် မဟုတ်လော။ ရေးပြီးသည်နှင့် ဖေဖေ့ကို ပေးဖတ်သည်။ ဖေဖေက တအားသဘောကျ သည်။ သို့သော် စာအုပ်ထုတ်ဖို့က မဖြစ်နိုင်။ သူငယ်ချင်းတွေကလည်း ကြိုက်ကြသည်။ သို့တစေ စစ်ထောက်လှမ်းရေးက သိသွားလျှင် အရေးယူနိုင်သည်ဟု တညီတညွတ် သဘောတူကြသည်။ သို့ဆိုလျှင် ဒီစာမူကြီး ဘာလုပ်ထားရမည်နည်း။ အိမ်မှာထားလို့ မဖြစ်လျှင် ဘယ်သူ့ဆီ သွားထားရမလဲ။ အဖြေရှာမရခဲ့ချေ။ သို့နှင့် ထောင်ထဲမှာ ကျွန်တော်ရေးခဲ့သော ကဗျာတွေ၊ သီချင်းတွေ၊ စာမူတွေကို အကုန်ချရေးပြီး ဘုန်းကြီးကျောင်းမှာ သွားသိမ်းရသည်၊ ဘုန်းကြီးကလည်း သိမ်ထဲမှာ သိမ်းပေးထားသည်၊ ဖြစ်ချင်တော့ ကျွန်တော် ဒုတိယအကြိမ် အဖမ်းခံရပြန်သည်။ ၁၉၉၀ မေလ ၁၉ ရက် ရွေးကောက်ပွဲမတိုင်မီ တစ်ပတ် အလို့မှာ ကျွန်တော် အဖမ်းခံရသည်၊ သည်တော့ ဘုန်းကြီးလည်း ကြောက်၏။ သို့ဖြင့် ကျွန်တော်၏ စာမူ တစ်ထုပ်ကြီးမှာ ကျွန်တော့်မိဘ အိမ်ပြန်ရောက်လာသည်။ ကျွန်တော့်ဖေဖေကို စစ်ဆေးရန်ရှိလို့ဟုဆိုပြီး ထောက်လှမ်းရေး (၆) က ခေါ်ယူပြန်သောအခါ သည်စာမူထုပ်ကြီးကို စိုးရိမ်လာရပြန်သည်။ မေမေမှာ မြေကြီးထဲ ထည့်ဖွက်ရတော့၏။ ဖေဖေ အိမ်ပြန်ရောက်လာသောအခါကျမှ စာမူကို မြေကြီးထဲမှ ပြန်ထုတ်ပြီး အင်္ဂလန်သံရုံးမှ အတွင်းဝန် ဗစ်ကီ ဆီသို့ အပ်လိုက်ရတော့သည်။ ဗစ်ကီကလည်း သူမ လက်ထဲမှာမထား စာမူတစ်ထုပ်လုံးကို လန်ဒန်သို့ ပို့လိုက်၏။ သို့ဖြင့် ကျွန်တော့်မှာ အင်္ဂလန်နိုင်ငံသို့ လူမရောက်မှီပင် စာမူ ရောက်ဖူးသွားလေတော့သည်၊ ခုတော့ဖြင့် ကျွန်တော့် စာမူတွေအားလုံး ကျွန်တော့်လက်ထဲသို့ ပြန်လည်ရရှိခဲ့ချေပြီ။ ပရိသတ်ဆီသို့ပို့ ပေးလိုက်ပါပြီ။ ကျော်လွှားပြီးမှသာ ရယ်စရာ ပြောနိုင်ခဲ့သော်ငြား ဖြတ်သန်းနေစဉ်မှာ ခက်ခဲလှပါသည်၊ သေချာသည်ကတော့ တကယ့်အဖြစ်အပျက်များသည် မေ့ပစ်လိုက်ရ မဟုတ်ပါချေ။

